ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်၊ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 16 March 2021 ၁၀၃၁၈

# တက္ကသိုလ်၊ ကောလိပ်များပြန်လည်ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်လျက်ရှိ

## တက္ကသိုလ်များတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာရပ်များအား ထူးချွန်စွာသင်ယူနိုင်ရေး ဆောင်ရွက်ရန်လို

## ပညာရေးကောင်းမွန်မှသာ တိုင်းပြည်တိုးတက်မည်ဖြစ်သဖြင့် ပညာရေးကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၅**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၁)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ တက်ရောက် ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

# မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပေးမည်

**နေပြည်တော် မတ် ၁၅**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီသည် ၂၀၂၁ခုနှစ် ပုလဲအတွဲများနှင့် ကျောက်မျက် ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဧပြီ ၁ ရက် မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာရောင်းချပွဲသို့ မြန်မာ့ကျောက်မျက် ရတနာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိသူနှင့် လိုင်စင်ရရှိသူများ၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက် များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာ ကုန်သည်များကို မတ် ၂၄ ရက်မှစ၍ ရောင်းချပွဲတက်ရောက် ဝယ်ယူခွင့်အတွက် နေပြည်တော် မဏိရတနာ ကျောက်စိမ်း ခန်းမ၌ ရတနာကုန်သည် မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေး မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စ များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက် မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၌ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ ယနေ့ ဖတ်စရာ

**ဘဏ်တွေ ပုံမှန်ဖွင့်ပေးပါ**
ကိုသံချောင်း-မစာဥ တစ်ခန်းရပ်စကားပြောခန်း (၇)
စာမျက်နှာ » ၆

**ဒီမိုကရေစီကို ရှေးရှုတဲ့ နည်းလမ်းနဲ့သာ ချဉ်းကပ်ကြိုးစားရမည်**
စာမျက်နှာ » ၁၅

**ဂျော့ဆိုးရော့စ်နှင့် အလက်ဇန္ဒြားဆိုးရော့စ်တို့၏ Open Society Foundations မှတစ်ဆင့် မြန်မာနိုင်ငံအခြေစိုက် Open Society Myanmar အဖွဲ့ထံသို့ တရားမဝင် ငွေကြေးစီးဆင်းမှုအား စတင်ထိန်းချုပ်**
စာမျက်နှာ » ၂၆

ကြေးမုံ

# ပြည်သူအချင်းချင်းမနစ်နာစေရေး သတိပြုလုပ်ကိုင်

မြန်မာနိုင်ငံမှပြည်သူများ နေ့စဉ်လက်မလွှတ်နိုင်သောအရာမှာ ဖေ့စ်ဘွတ်သုံးစွဲခြင်းဖြစ်သည်။ မြန်မာပြည်မှ ဖေ့စ်ဘွတ်သုံးစွဲသူများသည် နေ့စဉ်နေ့တိုင်း ၎င်းတို့၏ အကြောင်းအရာများကို သူငယ်ချင်းများအား မျှဝေရန်၊ ကမ္ဘာတစ်ဝန်းမှ အဖြစ်အပျက်များကို အခြားသူများ၏အမြင်များနှင့်အတူ သိရှိနိုင်ရန်၊ ၎င်းတို့၏ စိတ်ဝင်စားဖွယ်အကြောင်းအရာများကို ဖတ်ရှုနိုင်ရန် ဖေ့စ်ဘွတ်ကို သုံးစွဲနေကြသည်။

ဖေ့စ်ဘွတ်သည် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကာလတွင် ကမ္ဘာသည် ရွာကြီးတစ်ရွာသဖွယ် တစ်ဦးနှင့်တစ်ဦး အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပြောဆို ဆက်ဆံနိုင်အောင်၊ အသိအမြင်ဗဟုသုတများ ဖလှယ်နိုင်အောင် ဖန်တီးပေးထားသည်။ အထူးသဖြင့် လူသားကောင်းကျိုးများ မျှဝေပေးနိုင်အောင် ကြားခံအကျိုးဆောင်ပေးသော အကျိုးပြုပစ္စည်းဖြစ်သည်။ သို့သော် လူသားမျိုးစုံတို့ လွတ်လပ်စွာ အသုံးပြုခွင့်ရသောအခါ ကောင်းကျိုးပြုသည်များရှိသလို ဆိုးကျိုးပြုလိုသူများလည်း ရှိလာခဲ့သည်။ အကယ်၍ တာဝန်ရှိသူအဖွဲ့အစည်းက ဖေ့စ်ဘွတ်ကို ခေတ္တပိတ်လိုက်သည်နှင့် မကျေနပ်မှုများ ချက်ချင်းဖြစ်လာခဲ့သည်။

ဖေ့စ်ဘွတ်ကို ရည်ရွယ်ချက်ကောင်းမွန်စွာဖြင့် တည်ထောင်ပေးထားခြင်းဖြစ်သည်။ ဖေ့စ်ဘွတ်ဆိုင်ရာ အများပြည်သူနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ တည်ထောင်ထားခြင်းဖြစ်သည်။ သတင်းအချက်အလက်များကို မျှဝေသည့်အခါ သုံးစွဲသူအချင်းချင်း လုံခြုံစိတ်ချပြီး လေးစားမှုရှိသည့် ပတ်ဝန်းကျင်ဖြစ်စေရန် အရေးကြီးသည်ဟု ညွှန်းဆိုထားသည်။ ထို့ကြောင့် ဖေ့စ်ဘွတ်တွင် မည်သည့်အကြောင်းအရာများကို ခွင့်ပြုသည်။ မည်သည့်အကြောင်းအရာများကို ခွင့်မပြုပါဟူသည့် လူမှုကွန်ရက်စံနှုန်းများကို ပြဋ္ဌာန်းထားသည်။ ဖေ့စ်ဘွတ်တွင် မရှိသင့်ဘူးထင်သည့် အကြောင်းအရာများကိုလည်း ဖေ့စ်ဘွတ်သို့ တိုင်ကြားနိုင်သည်ဟု ဆိုထားသည်။ တိုင်ကြားချက်အားလုံးကို အမည်လျှို့ဝှက်ထားမှာဖြစ်ပြီး တိုင်သည့်အကြောင်းအရာသည် ဖေ့စ်ဘွတ်၏ မူဝါဒများကို ချိုးဖောက်ခြင်းရှိ၊ မရှိ ပြန်လည်အသိပေးသွားမည်ဟု ဆိုထားသည်။

ဖေ့စ်ဘွတ်၏ လူမှုကွန်ရက်ပေါ်မှ သတ်မှတ်ထားသည့်စံနှုန်းအချို့မှာ "ကျေးဇူးပြု၍ အမုန်းစကား မပြောကြားပါနှင့်။ အွန်လိုင်းပေါ်တွင် အခြားသူများအား အနိုင်ကျင့်ခြင်း၊ နှောင့်ယှက်ခြင်းကို တားမြစ်သည်။ ကျေးဇူးပြု၍ အကြမ်းဖက်များနှင့် ခြိမ်းခြောက်မှုများဖြစ်စေသည့်ပို့စ်များ မပြုလုပ်ပါနှင့်။ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လေးစားပါ" စသည်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ လွတ်လပ်ခွင့်နှင့် ကာကွယ်ခွင့်များကို ဖော်ပြထားသည်။ ဖေ့စ်ဘွတ်သည် စည်းမျဉ်းချိုးဖောက်သည့် အကြောင်းအရာအားလုံးကို တိုင်ကြားနိုင်ပါသည်။ စည်းကမ်းချိုးဖောက်သည့် အကြောင်းအရာများ တိုင်ကြားနည်းကို ဖေ့စ်ဘွတ်စာမျက်နှာတွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်ဟု ဆိုထားသည်။

နိုင်ငံတစ်ဝန်း မတည်မငြိမ်ဖြစ်နေသောအချိန်အခါတွင် ဖေ့စ်ဘွတ်မှတစ်ဆင့် မတည်မငြိမ်ဖြစ်မှုများကို အလျင်အမြန်ကြီးထွားလာအောင် တွန်းအားပေးသလိုဖြစ်လာနေသည်။ မြန်မာပြည်ရှိ ဖေ့စ်ဘွတ်သုံးစွဲသူအားလုံးတွင် ၈၀ ရာခိုင်နှုန်းသည် မူလက ကောင်းသည့်အသွင်ဖြင့် အသုံးပြုရာမှ မကောင်းသည့်ဘက်သို့ အနည်းနှင့်အများ ရောက်ရှိသွားသည်။ အမုန်းစကားများမှအစ အမြင်မတင့်ဖွယ်ရာများအဆုံး အားလုံးဖြန့်ဝေလာခဲ့သည်။ ပဋိပက္ခများကို မြေပြင်အနေအထားထက် ပိုမိုကြီးမားလာအောင် ဖြန့်ဝေလာကြသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း ထိခိုက်နစ်နာအောင်၊ အန္တရာယ်ဖြစ်အောင် ပြုလုပ်လာကြသည်။ ဆူပူအုံကြွမှု ကြီးမားလာအောင်၊ အဖျက်လုပ်ရပ်များ ပိုမိုလုပ်လာအောင် သွေးထိုးလှုံ့ဆော်လာကြသည်။

ပြည်သူအချင်းချင်း မေတ္တာတရားကင်းမဲ့ပြီး ဂုဏ်သိက္ခာမဲ့အောင်၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင်၊ ဘေးဒုက္ခကျရောက်အောင်၊ ရပ်တည်နေထိုင်၍ မရအောင် ပြုလုပ်လာကြသည်။ ထို့အပြင် နိုင်ငံရေးသမားများနှင့် ပြည်တွင်း၊ ပြည်ပမှ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေလိုသူများက ဆန့်ကျင်ရေး၊ ပုန်ကန်တော်လှန်ရေး၊ အဖျက်လုပ်ရပ်များလုပ်ဆောင်ရေးတို့ကို နည်းလမ်းမျိုးစုံ လုပ်ကိုင်လာကြသည်။ ယခုအခါ ဖေ့စ်ဘွတ်၏စံချိန်စံညွှန်းများလည်း ပျောက်ကွယ်သွားခဲ့ပြီ။ နစ်နာသူများက မည်သို့တိုင်ကြားရမည်ကိုလည်း မသိတော့ချေ။ သို့ပါ၍ တိုင်းပြည်ပျက်စီးစေနိုင်သော၊ အများပြည်သူဒုက္ခရောက်စေနိုင်သော လူသားချင်းမစာနာသည့် ဖေ့စ်ဘွတ်သုံးစွဲမှုကို ရှောင်ရှားစေလိုပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၅-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၁ | ၉,၄၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၁၅၀ | ၅၂၅,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၁၄၅ | ၁,၄၁၃,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၈.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၂.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၈.၁၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၁၆၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၄.၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၅၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၈.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၄.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၉.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၉၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❍ တက္ကသိုလ်၊ ကောလိပ်များပြန်လည်ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အချို့တက္ကသိုလ်၊ ကောလိပ်များတွင် CDM ပြုလုပ်နေသည့် ပညာရေးဝန်ထမ်းများရှိသည်ကို သိရှိရ

❍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ

❍ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပိတ်ထားသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် နိုင်ငံတော်အတွက် နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်လို

❍ တက္ကသိုလ်ဝင်ခွင့်များ စတင်လျှောက်ထားနိုင်ရေးအတွက်လည်း တက္ကသိုလ်ဝင်တန်းအမှတ်စာရင်းများ ထုတ်ခွင့်ပြုပေးထား

❍ တက္ကသိုလ်ဝင်ခွင့်များ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရပ်များနှင့်ကိုက်ညီအောင် ရွေးချယ်ဆောင်ရွက်မှသာ သက်ဆိုင်ရာဘာသာရပ်များကို ထူးချွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စိစစ်ဆောင်ရွက်ရန် ဝန်ကြီးဌာနသို့ မှာကြားထားပြီးဖြစ်

❍ တက္ကသိုလ်များတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာရပ်များအား ထူးချွန်စွာသင်ယူနိုင်ရေးအတွက် ဆောင်ရွက်ရန်လို

❍ ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်ရေးအတွက် စာကြည့်တိုက်များကိုလည်း ကောင်းမွန်ပြည့်စုံစွာဖြင့် ဖွင့်လှစ်ပေးထားရန်လိုပြီး တက္ကသိုလ်များ အဆင့်မြှင့်တင်ရေး ဆောင်ရွက်ပေးရန်လို

❍ ပညာရေးကောင်းမွန်မှသာ တိုင်းပြည်တိုးတက်မည်ဖြစ်သဖြင့် ပညာရေးကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ရန်လို။

❒ ရှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၀ ရွေးကောက်ပွဲရလဒ်အပေါ် အရေးယူဆောင်ရွက်ချက်နှင့်ပတ်သက်၍ အနိုင်ရပါတီအား ထောက်ခံသူများက ၎င်းတို့၏ မကျေနပ်မှုများအား ထုတ်ဖော်ဆန္ဒပြမှုများမှတစ်ဆင့် ယခုအချိန်တွင် ဆူပူအကြမ်းဖက်မှုများအသွင်သို့ ရောက်ရှိလာကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တတ်နိုင်သမျှ လူအင်အားအနည်းဆုံးဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တာဝန်ပေးဆောင်ရွက်ခဲ့ပြီး တပ်မတော်အနေဖြင့် လိုအပ်ချက်ရှိသည့်နေရာများတွင် ရဲတပ်ဖွဲ့ဝင်များ၏ အနောက်မှနေ၍ ကူညီဆောင်ရွက်ပေးခြင်းနှင့် အခက်အခဲအတားအဆီးများအား ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များ ဖြစ်ပွားမှုနည်းပါးလာသော်လည်း အချို့နေရာများတွင် ဆူပူမှုများသာမက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အကြမ်းဖက်မှုများနှင့် ပြည်သူပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ခက်ခဲစွာဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ ဆူပူဆန္ဒပြသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများကို အကြမ်းဖက်ဝင်ရောက်စီးနင်းခြင်း၊ အုပ်ချုပ်မှုရုံးများကို ဝင်ရောက်စီးနင်းခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးချိန်တို့တွင် လူစုကွဲစေရန်အတွက် ပစ်ခတ်ရှင်းလင်းမှုများ ပြုလုပ်ချိန်၌ လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ဆူပူဆန္ဒပြသူတချို့ သေဆုံးပြီး တချို့ဒဏ်ရာရရှိခြင်းများ ရှိခြင်းကြောင့် မတ်လ ၁၄ ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့အား စစ်အုပ်ချုပ်ရေး(Martial Law) ထုတ်ပြန်ခဲ့ရကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြို့နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)၊ မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တို့တွင်လည်း ဆက်လက်ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တတ်နိုင်သမျှ စိတ်ရှည်သည်းခံ၍ ထိန်းသိမ်းဆောင်ရွက်ခဲ့သော်လည်း ရဟန်း/ သံဃာတော်များကိုပင် ထိခိုက်စော်ကားလာမှုများ ရှိကြောင်း၊ ဆူပူဆန္ဒပြမှုများသည် မြောက်ထိုးပင့်ကော်ပြုလုပ်နေသူများနှင့် ငွေကြေးထောက်ပံ့နေမှုများရှိခြင်းကြောင့် ယခုကဲ့သို့ ဆူပူဆန္ဒပြမှုအဆင့်မှ အကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အဓိကတာဝန်ရှိသူများဖြစ်ကြောင်း၊ ယခုအခါ ဆေးရုံအချို့ ပိတ်ထားသော်လည်း ဆေးရုံအများစုမှာ ပြန်လည်ဖွင့်လှစ်ကုသပေးမှုများ ပြုလုပ်နေသည်ကို တွေ့ရှိရကြောင်း၊ ဆေးရုံများဖွင့်လှစ်ရန်ဆောင်ရွက်ရာတွင် CDM တွင်မပါဝင်သည့် ဆရာဝန်များအား ဖိအားပေးဆောင်ရွက်နေမှုများရှိကြောင်း၊ ဆရာဝန်များသည် ယေဘုယျအားဖြင့် စဉ်းစားချင့်ချိန်နိုင်စွမ်းရှိသူများဖြစ်သဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရမည့် မိမိတို့၏ ကျင့်ဝတ်များကို လေးစားရန် လိုအပ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အချို့တက္ကသိုလ်၊ ကောလိပ်များတွင် CDM ပြုလုပ်နေသည့် ပညာရေးဝန်ထမ်းများရှိသည်ကို သိရှိရကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပိတ်ထားသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် နိုင်ငံတော်အတွက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်ခွင့်များ စတင်လျှောက်ထားနိုင်ရေးအတွက်လည်း တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းများ ထုတ်ခွင့်ပြုပေးထားကြောင်း၊ တက္ကသိုလ်ဝင်ခွင့်များ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရပ်များနှင့်ကိုက်ညီအောင် ရွေးချယ်ဆောင်ရွက်မှသာ သက်ဆိုင်ရာဘာသာရပ်များကို ထူးချွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စိစစ်ဆောင်ရွက်ရန် ဝန်ကြီးဌာနသို့ မှာကြားထားပြီးဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာရပ်များအား ထူးချွန်စွာသင်ယူနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေးအတွက် စာကြည့်တိုက်များကိုလည်း ကောင်းမွန်ပြည့်စုံစွာဖြင့် ဖွင့်လှစ်ပေးထားရန်လိုပြီး တက္ကသိုလ်များ အဆင့်မြှင့်တင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ပညာရေးကောင်းမွန်မှသာ တိုင်းပြည်တိုးတက်မည်ဖြစ်သဖြင့် ပညာရေးကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာသည်ကို ကောက်ယူထားသည့် အချက်အလက်များအရ သိရှိရကြောင်း၊ မြို့နယ်များအလိုက် ကူးစက်မှုနှုန်းလျော့နည်းလာခြင်းသည် ကောင်းမွန်သည့် အလားအလာပင်ဖြစ်ပြီး COVID–19 ရောဂါကြောင့် သေဆုံးမှုနှုန်းမှာလည်း လျော့နည်းလာကြောင်း၊ မကြာခင်အချိန်တွင် မိမိတို့နိုင်ငံ၏ နှစ်သစ်ကူးကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် နှစ်သစ်ကူးကာလကို အကန့်အသတ်ဖြင့် ခွင့်ပြုနိုင်ရေး စီမံစဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် NLD ပါတီမှ ပုဂ္ဂိုလ်များနှင့် ၎င်းတို့နှင့်ပတ်သက်သူများအား စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရာတွင်လည်း ကောင်းမွန်စွာဖြင့် ထားရှိစစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေကြောင်း၊ ဖော်ထုတ်ရရှိသည့် ၎င်းတို့၏ပြောကြားချက်များမှ အချို့ကို သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်သလို ထပ်မံဖော်ထုတ်ရရှိမှုများကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ အဂတိလိုက်စားမှုများ ကျူးလွန်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင်လည်း အဂတိတရားကင်းရှင်းစွာဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်သွားရန်လိုကြောင်း။

❖ ဘဏ်များဖွင့်လှစ်မှုနှင့်ပတ်သက်၍ ဘဏ်များအားလုံး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်မှု မရှိသေးသော်လည်း လိုအပ်သောလုံခြုံရေးစီမံဆောင်ရွက်ပေးပြီး ပြန်လည်ဖွင့်လှစ်ရန်အတွက် မှာကြားထားပြီးဖြစ်

❖ ဘဏ်များ စတင်ဖွင့်လှစ်ချိန်ကတည်းက နိုင်ငံတော်မှ သတ်မှတ်ထားသည့် ငွေကြေးမူဝါဒများနှင့်အညီ ဆောင်ရွက်မည်ဟု သဘောတူပြီးဖြစ်

❖ ဖွင့်လှစ်နိုင်မှုမရှိသေးသည့် ဘဏ်များကိုလည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်

❖ ဘဏ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဖြစ်နိုင်သည့်နည်းလမ်းများကို စဉ်းစားဆောင်ရွက်ရန်လို

❖ ဘဏ်များ၌ ငွေကြေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံခြားငွေကြေးများအား နိုင်ငံတော်မှသတ်မှတ်ထားသည့် စည်းကမ်းချက်များကို ကျော်လွန်ဆောင်ရွက်နေမှုများ၊ သတ်မှတ်နှုန်းထားများထက် ငွေကြေးများ ကျော်လွန်ချေးငှားထားမှုများကိုလည်း စိစစ်တွေ့ရှိရသဖြင့် ဘဏ်များ စနစ်တကျဖြစ်စေရေး နိုင်ငံတော်ဗဟိုဘဏ်မှ ကြပ်မတ်ဆောင်ရွက်ရန်လို။

ဘဏ်များဖွင့်လှစ်မှုနှင့်ပတ်သက်၍ ဘဏ်များအားလုံး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်မှု မရှိသေးသော်လည်း လိုအပ်သောလုံခြုံရေးစီမံဆောင်ရွက်ပေးပြီး ပြန်လည်ဖွင့်လှစ်ရန်အတွက် မှာကြားထားပြီးဖြစ်ကြောင်း၊ ဘဏ်များ စတင်ဖွင့်လှစ်ချိန်ကတည်းက နိုင်ငံတော်မှ သတ်မှတ်ထားသည့် ငွေကြေးမူဝါဒများနှင့်အညီ ဆောင်ရွက်မည်ဟု သဘောတူပြီးဖြစ်ကြောင်း၊ ဖွင့်လှစ်နိုင်မှုမရှိသေးသည့် ဘဏ်များကိုလည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘဏ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဖြစ်နိုင်သည့်နည်းလမ်းများကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ်များ၌ ငွေကြေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံခြားငွေကြေးများအား နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ကျော်လွန်ဆောင်ရွက်နေမှုများ၊ သတ်မှတ်နှုန်းထားများထက် ငွေကြေးများ ကျော်လွန်ချေးငှားထားမှုများကိုလည်း စိစစ်တွေ့ရှိရသဖြင့် ဘဏ်များ စနစ်တကျဖြစ်စေရေး နိုင်ငံတော်ဗဟိုဘဏ်မှ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်ပတ်သက်၍ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများအားလုံး သုံးစွဲသည်ကို တွေ့ရှိရသဖြင့် လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေသည်ဟု သုံးသပ်ရကြောင်း၊ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်တွင် Smokeless Industries စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပေါင်းလောင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးအား အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းများနှင့် အခြားလျှပ်စစ်ဓာတ်အားအသုံးပြုလည်ပတ်ရသည့် စက်ရုံ၊ အလုပ်ရုံများနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက်လည်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ရန်လိုကြောင်း။ **စာမျက်နှာ ၄ သို့** ✪

## ဆူပူဆန္ဒပြမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

**မြန်မာ့အားကစားများအား စနစ်ကျပြီး အဆင့်မီသည့် အားကစားများဖြစ်စေရန် ကြိုးပမ်းအားထုတ်၍ အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် နယ်စပ်ဂိတ်အားလုံးနီးပါးအား ဖွင့်လှစ်ခွင့်ပြုထားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ပြီး အာမခံချက်ရှိသည့် လူမှုစီးပွားဘဝရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံတွင် ရောက်ရှိပြီး ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအား မိမိတို့နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၁၀၈၇ ဦးအား တပ်မတော်ရေယာဉ်များဖြင့် ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများအား ဆက်လက်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြည်ပနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းသည် မိမိတို့ကောင်စီ၏ အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

- ☆ **မိမိတို့အနေဖြင့် မဲစာရင်းများစိစစ်ရာတွင် မဲမသမာမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားထားပြီးဖြစ်**
- ☆ **ထို့ကြောင့်လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတပြီး စနစ်တကျရှိစေရေး မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လို**
- ☆ **ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများတွင်လည်း လူဦးရေစာရင်းမှန်ကန်ရေးအတွက် စနစ်တကျဆောင်ရွက်ရန်လို**
- ☆ **ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုကာလများတွင် ကောင်စီဝင်များအနေဖြင့် တာဝန်အသီးသီးခွဲဝေ၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်**

❂ စာမျက်နှာ ၃ မှ

မိမိတို့အနေဖြင့် မဲစာရင်းများစိစစ်ရာတွင် မဲမသမာမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့်လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး စနစ်တကျရှိစေရေး မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများတွင်လည်း လူဦးရေစာရင်းမှန်ကန်ရေးအတွက် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုကာလများတွင် ကောင်စီဝင်များအနေဖြင့် တာဝန်အသီးသီးခွဲဝေ၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်တို့က နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် စစ်အုပ်ချုပ်ရေး(Martial Law)ဒေသများ တိုးမြှင့်ထုတ်ပြန်ရေး၊ အဂတိလိုက်စားမှုများ ဖော်ထုတ်အရေးယူရေး၊ ဘဏ်များဖွင့်လှစ်ရေးနှင့် ငွေကြေးစီးဆင်းမှုမြန်ဆန်စေရေး၊ တိုင်းရင်းသားစာပေသင်ကြားပေးနေသည့် ဆရာ ဆရာမများအား ပိုမိုထောက်ပံ့ပေးနိုင်ရေး၊ ပြည်သူလူထုအား ထိရောက်စွာအကာအကွယ်ပေးနိုင်ရေး၊ သတင်းထုတ်ပြန်ချက်များအား အထောက်အထား ခိုင်ခိုင်မာမာဖြင့် ထုတ်ပြန်နိုင်ရေး၊ တရားမဝင်ဖွဲ့စည်းထားသော CRPH တွင် ပါဝင်ပတ်သက်နေသူများအား ရှာဖွေဖော်ထုတ် အရေးယူသွားရေး၊ သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းများဖော်ဆောင်ပြီး အားပေးကူညီပေးရေး၊ ရေနံမြေများကို ပုဂ္ဂလိက (သို့မဟုတ်) သမဝါယမစနစ်ဖြင့် တစ်ပိုင်တစ်နိုင်လုပ်ခွင့်ပြုရေး၊ ဘာသာရေးကိုအကြောင်းပြု၍ နိုင်ငံရေးဆောင်ရွက်ခြင်းများ မပြုနိုင်စေရေး၊ မီဒီယာများ၏ ထိုးနှက်တိုက်ခိုက်မှုများကို မီဒီယာဖြင့် ထိရောက်စွာတုံ့ပြန်နိုင်ရေး၊ ဆူပူအကြမ်းဖက်မှုနောက်ကွယ်မှ ထောက်ပံ့နေသည့်ငွေကြေးထောက်ပံ့မှုများ၊ ငွေကြေးစီးဆင်းမှုများကို ဖော်ထုတ်အရေးယူသွားရေး၊ ရပ်ကွက်နှင့်ကျေးရွာ စီမံအုပ်ချုပ်ရေးကောင်စီဝင်ခန့်အပ်ရာတွင် ထိရောက်စွာဆောင်ရွက်နိုင်မည့်သူများကို တာဝန်ပေးအပ်နိုင်ရေးနှင့် ၎င်းတို့ကို အကာအကွယ်ပေးရေး၊ စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်ဆောင်ရွက်ပေးရေး၊ အုပ်ချုပ်ရေးယန္တရား ထိထိရောက်ရောက် လည်ပတ်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### အချင်းချင်းထိန်းသိမ်း

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဒီမိုကရေစီဖြစ်စဉ်နှင့်အညီ နိုင်ငံတော်စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးအပိုင်းများကို ညင်သာစွာ ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုစစ်အုပ်ချုပ်ရေး(Martial Law) သတ်မှတ်ထားသည့် မြို့နယ်များနှင့် ထိစပ်သည့် မြို့နယ်မှ ပြည်သူများအနေဖြင့်လည်း အချင်းချင်း ထိန်းသိမ်းသွားကြမည်ဟု မျှော်လင့်ကြောင်း၊ မူလက သာမန်ဆန္ဒပြကြရာမှ နောက်ပိုင်းတွင် ငွေကြေးထောက်ပံ့မှုများ ရှိလာသည့်အတွက် သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်းဖက်မှုအဆင့်အထိ ဖြစ်ပွားလာကြောင်း၊ ပြည်ပအဖွဲ့အစည်းအချို့မှလည်း ထောက်ပံ့မှုများရှိလာပြီး နိုင်ငံခြားငွေကြေးစီးဆင်းမှုအပိုင်းတွင် အချို့ဘဏ်များပါ ပတ်သက်မှုရှိလာသဖြင့် စစ်ဆေးနေကြောင်း။

တိုင်းရင်းသားစာပေ သင်ကြားနေသည့် ဆရာ ဆရာမများအပါအဝင် ဆရာ ဆရာမများအား အဆင့်နှင့်လျော်ညီစွာ ပိုမိုထောက်ပံ့ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးဆောင်ရွက်သွားမည်ကြောင်း၊ တိုင်းရင်းသားဒေသများ ပညာရည်မြင့်မားရေးအတွက် တိုင်းရင်းသားဒေသများရှိ ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သဖြင့် အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### ထုတ်လုပ်နိုင်ရန်လိုအပ်

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်း ပြုနေသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရန် လိုအပ်ပြီး SME လုပ်ငန်းများကိုလည်း အားပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အဆိုပါငွေကြေးများကို မှန်မှန်ကန်ကန် သုံးစွဲရန်လိုကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်၊ ငပလီနှင့် ချောင်းသာဒေသများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေနံမြေအဟောင်းများကို သမဝါယမ(သို့မဟုတ်) ပုဂ္ဂလိကစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုကာလတွင် လုံခြုံရေးနှင့်ပတ်သက်ပြီး ဒေသအလိုက် သတိထားဆောင်ရွက်သွားရန် လိုကြောင်း၊ ပွဲလန့်တုန်းဖျာခင်းလိုသည့်သဘောများလည်းတွေ့ရကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် NCA လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ၎င်းမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အရေးတွင် အေးအေးချမ်းချမ်းဖြင့် အေးအတူပူအမျှ ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထားရှိပြီး အမြင်ရှင်းရှင်းဖြင့် ကြည့်ရန် လိုကြောင်း၊ နိုင်ငံတော်အကျိုးကိုရည်ရွယ်၍ လက်တွဲလုပ်ဆောင်ကြရန် ကောင်စီဝင်များအနေဖြင့်လည်း တိုက်တွန်းပေးကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ကျင်းပပြုလုပ်သည့် အကြိမ်(၆၀)မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မိန့်ကြားတော်မူအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(ဝင့်သကာ၊ ပါဠိသိရောမဏိ)၏ သာရဏီယသြဝါဒကထာ

[၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် (၁၅-၃-၂၀၂၂) တနင်္လာနေ့]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သြဝါဒကိုခံယူကာ ကောဇာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲတို့၌ အောင်မြင်တော်မူခဲ့ကြသည့် ဓမ္မာစရိယအထူးအောင် အရှင်မြတ်များနှင့် ပါဠိဂုဏ်ထူး၊ မြန်မာဂုဏ်ထူးအောင် အရှင်မြတ်များ၊ ပါဠိပထမပြန်အထူးအောင် အရှင်မြတ်များနှင့် အထူးအောင် သီလရှင်ဆရာလေးများ အောင်လက်မှတ်ဆက်ကပ်သည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒါယကာ ဒါယိကာမများအား အမှတ်ရဖွယ်ဖြစ်သည့် သာရဏီယ သြဝါဒစကားမြွက်ကြားလိုပါသည်။

ဗုဒ္ဓသာသနာဟူသည် မြတ်စွာဘုရားရှင်၏ အဆုံးအမပင်ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ အဆုံးအမဟူသည်မှာလည်း အချုပ်အားဖြင့် သီလ သမာဓိ ပညာဟု ဆိုအပ်သော သိက္ခာသုံးရပ် အကျင့်မြတ်ပင်ဖြစ်ပါသည်။ ဤသိက္ခာသုံးရပ်ကို ပြည့်စုံအောင်ကျင့်ကြံဆောင်ရွက်ခြင်းသည်ပင် မြတ်စွာဘုရားရှင်၏ အဆုံးအမကို လိုက်နာခြင်းမည်ပေသည်။ တစ်နည်းအားဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော် တည်ခြင်းဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားရှင် သာသနာတော်ကြီး ပြန့်ပွားအောင် ပြုလုပ်သူသည် သူတစ်ပါးတို့သန္တာန်၌ သာသနာတည်အောင်မပြုမီ မိမိသန္တာန်၌ ဦးစွာ သာသနာတည်အောင် ပြုလုပ်သင့်ပေသည်။ မိမိသန္တာန်၌ ဦးစွာသာသနာတည်အောင် ပြုလုပ်ရေးဟူသည်မှာလည်း သီလ သမာဓိ ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်တို့နှင့် ပြည့်စုံရေးများပင်ဖြစ်ပါသည်ဘုရား။ သီလဆိုသည်မှာ မကောင်းမှုအကုသိုလ်တို့ကို မပြုမိအောင် ကိုယ်နှုတ်နှလုံး စောင့်သုံးကျင့်ကြံခြင်းဖြစ်ပါသည်။ ထိုသို့ ကိုယ်နှုတ်နှလုံး စောင့်သုံးကျင့်ကြံမှုကို ပြုခြင်းပင်လျှင် အစ၏ကောင်းခြင်းနှင့်ပြည့်စုံသော အာဒိကလျာဏ ပရိယတ္တိသာသနာ၊ သမာဓိဆိုသည်မှာ ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံအားထုတ်သည်မှ မဂ်ဖိုလ်နိဗ္ဗာန် ကုသိုလ်တရားကို ဖြစ်စေခြင်း၊ ကုသိုလ်တရားဖြစ်အောင် ဝိပဿနာ ဘာဝနာ ပွားများအားထုတ်နေခြင်းဖြစ်ပါသည်။ ထိုသို့ဝိပဿနာဘာဝနာတရားပွားများ အားထုတ်နေခြင်းသည်ပင်လျှင် အလယ်၏ ကောင်းခြင်းနှင့်ပြည့်စုံသော မဇ္ဈေကလျာဏ ပဋိပတ္တိသာသနာ၊ ပညာ ဆိုသည်မှာ ကာမစ္ဆန္ဒ နီဝရဏစသော နီဝရဏတရား ငါးပါးတို့ ကင်းကွာနေအောင် မိမိစိတ်ကို ဖြူစင်စွာထားရှိရေးအတွက် လက္ခဏာယာဉ်သုံးပါးကို အစဉ်မပြတ်ရှုမှတ်နေခြင်းဖြစ်သည်။ ထိုသို့ မိမိစိတ်ကို ဖြူစင်စွာထားရှိနေခြင်း

**သာသနာတော်ကြီး ပြန့်ပွားအောင် ပြုလုပ်သူသည် သူတစ်ပါးတို့သန္တာန်၌ သာသနာတည်အောင်မပြုမီ မိမိသန္တာန်၌ ဦးစွာ သာသနာတည်အောင် ပြုလုပ်သင့်ပေသည်။ မိမိသန္တာန်၌ ဦးစွာသာသနာတည်အောင် ပြုလုပ်ရေးဟူသည်မှာလည်း သီလ သမာဓိ ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်တို့နှင့် ပြည့်စုံရေးများပင် ဖြစ်ပါသည်ဘုရား။ သီလဆိုသည်မှာ မကောင်းမှုအကုသိုလ်တို့ကို မပြုမိအောင် ကိုယ်နှုတ်နှလုံး စောင့်သုံးကျင့်ကြံခြင်းဖြစ်**

ရုပ်နာမ်တရားတို့ကို လက္ခဏာသုံးပါးသို့တင်၍ ရှုနေခြင်းသည်ပင်လျှင် အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသော ပရိယောသာနကလျာဏ ပဋိဝေဓသာသနာဟူ၍ ကောက်ယူအပ်ကြောင်း မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ထိုသို့ အာဒိကလျာဏ ပရိယတ္တိသာသနာ၊ မဇ္ဈေကလျာဏ ပဋိပတ္တိသာသနာ၊ ပရိယောသာနကလျာဏ ပဋိဝေဓသာသနာသုံးရပ်တို့တွင် ပရိယတ္တိသာသနာဟု ဆိုအပ်သော ဗုဒ္ဓပါဝစန ပိဋကသုံးသွယ် နိကာယ်ငါးရပ် ကျမ်းမြတ်တို့သည်သာ အရင်းမူလ အခြေခံပဓာနဖြစ်ပါသည်။ ထိုပရိယတ္တိ သာသနာမကွယ်သမျှ ကာလပတ်လုံး ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာနှစ်ရပ်သည် မကွယ်ပျောက်နိုင်သေးပါ။ အကယ်၍ ပရိယတ္တိသာသနာ ကွယ်ပျောက်လျှင်ကား အခြားသော သာသနာနှစ်ရပ်လည်း ကွယ်ပမည်သာဖြစ်ပါသည်ဘုရား။

ပဥ္စမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ စသည်ဖြင့် အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ ပါဠိတော်(နှာ-၁၅၈)၌ သာသနာတော် တည်တံ့ခိုင်မြဲခြင်း၊ မကွယ်ပျောက်ခြင်းတရားငါးပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ ထိုတရားငါးပါးတို့မှာ -

၁။ သုဂ္ဂဟိတံ သုတ္တန္တံ ပရိယာပုဏန္တိ= မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ပါဠိတော်ကို ကောင်းစွာသင်ခြင်း။

၂။ ပဒဗျဉ္ဇနဂ္ဂါဟိနော အနုသာသနီ= မြတ်စွာဘုရားရှင်၏ အဆုံး အမတော်ကို ရိုသေစွာ ဆောင်ထားခြင်း။

၃။ အာဂတာဂမာ ဓမ္မဓရာ ဝိနယဓရာ= သုတ် ဝိနည်း အဘိဓမ္မာ ပါဠိတော်တို့ကို အာဂုံဆောင်ထားခြင်း။

၄။ န ဗာဟုလိကာ ဟောန္တိ = ပစ္စည်းလေးပါး လာဘ်ပေါ်များအောင် မပြုလုပ်ခြင်း။

၅။ သံဃာ သမဂ္ဂါ= သံဃာညီညွတ်ခြင်းတစ်ပါး။

ဤငါးပါးတို့တွင် သုတ္တန် ဝိနည်း အဘိဓမ္မာတို့ကို အာဂုံဆောင်ထားခြင်းသည် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားတော်တို့၏ အမြစ်အရင်း မပြတ်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်ဘုရား။

သာသနဓဇဓမ္မာစရိယ ဘွဲ့ရရှိကြသော အရှင်မြတ်များသည် အနာဂတ် သာသနာတော်၏ ခေါင်းဆောင်များဖြစ်ကြသည့် အားလျော်စွာ မိမိတို့လေ့လာသင်ကြားတတ်မြောက်ထားသည့် ပိဋကတ်စာပေများကို တပည့်ရှင်ငယ် ရဟန်းငယ်များအား သင်ကြားပို့ချခြင်း၊ ဒါယကာ ဒါယိကာမတို့အား ဟောပြောပြသသည့်နည်းတူ သာသနာတော်၌ ရံဖန်ရံခါ ပေါ်ပေါက်လာတတ်သည့် အဓမ္မဝါဒစသော သာသနာ့အန္တရာယ်များကို သုတ်သင်ရှင်းလင်း ဖယ်ရှားလျက် သာသနာတော်မြတ်ကြီး အရှည်တည်တံ့ရေးကို ကြိုးစားအားထုတ်တော်မူကြပါရန် တိုက်တွန်းအပ်ပါသည်ဘုရား။

နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည်လည်း **ဓမ္မဓရေ ပုဂ္ဂလေ စတူဟိ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္ကရောန္တာ ဓမ္မဥ္စ စိရဋ္ဌိတိကံ ကရောန္တ ဓမ္မေ ဒါနံ ဒဒန္တိ နာမ** ဟူ၍ ဣတိဝုတ္တက အဋ္ဌကထာ (နှာ-၂၇၅)၌ လာရှိသည်ကို ကြားနာမှတ်သား နှလုံးထားလျက် မြတ်စွာဘုရားရှင်၏ တရားတော်တို့ကို သင်ကြားလေ့လာ၍ ဖြေဆိုအောင်မြင်ခဲ့ကြသည့် အထူးအောင် ပုဂ္ဂိုလ်များအား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းခြင်း၊ အောင်လက်မှတ်ဆက်ကပ်ခြင်းတို့သည် တရားတော်ကို ပူဇော်ရာရောက်သောကြောင့် နိဗ္ဗာန်တိုင်ထိ ကောင်းမြတ်သော အကျိုးတရားများကို ရရှိခံစားနိုင်ကြမည်ဟု ကိုယ်စီကိုယ်စီ သဘောပေါက်၍ သာသနာတော်အကျိုးကို သည်ပိုးထမ်းရွက်နိုင်ကြသော အရှင်မြတ်များ ပုဂ္ဂိုလ်များ ဖြစ်ကြပါစေဟု ဆုတောင်းလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ကိုယ်စား သာရဏီယ သြဝါဒကထာကို နိဂုံးချုပ် အပ်ပါသတည်း။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံခြားရေးဝန်ကြီး(၂) Dato Erywan Pehin Yusof ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်ခံဆွေးနွေး



**နေပြည်တော် မတ် ၁၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) Dato Erywan Pehin Yusof ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ခံဆွေးနွေးသည်။

**ဆွေးနွေး**

ဆွေးနွေးစဉ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံရေးရာကိစ္စများနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ အထူးသဖြင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးကိုထိန်းသိမ်းရန် အကြမ်းဖက်ဆန္ဒပြမှုများကို အစွမ်းကုန် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ဘဏ်တွေ ပုံမှန်ဖွင့်ပေးပါ

## ကိုသံချောင်း-မစာဥ တစ်ခန်းရပ်စကားပြောခန်း (၇)

ဒေါင်

နေ့လယ်ခင်းအပူရှိန်က သိသိသာသာမြင့်တက်လာသည်။ နွေဦး၏ နေ့လယ်ခင်းတစ်ခုဝယ် နွမ်းလျသောခြေသံတစ်စုံကြောင့် ကိုသံချောင်း အိမ်တံခါးဝဆီသို့ ကြည့်မိသည်။ စိတ်ပျက်လက်ပျက် အမူအရာဖြင့် အိမ်နီးချင်း အပျိုကြီးမစာဥက အိမ်တွင်းသို့ ဘောက်ဆတ်ဆတ် လျှောက်လာ၏။

“မျက်နှာကလည်း ပြုံခါနီးမိုးလို မည်းမှောင်နေပါလား အပျိုကြီးရဲ့။ သားသားနားနား ဝတ်စားထားပုံထောက်ရင် အပြင်က ပြန်လာတယ် ထင်ပါရဲ့။ ဘာတွေဖြစ်လာတာလဲ”

“ဘဏ်ကပြန်လာတာ ကိုသံချောင်းရေ။ ဘဏ်တွေပိတ်ထားတာကြာ၊ အလုပ်ကလည်း အဆင်မပြေတော့ ငွေထုတ်ရအောင်သွားတာ။ ငွေထုတ်လို့မရတဲ့အပြင် သပိတ်လူစုတွေ ရှောင်ရှားရတာနဲ့ ခြေကုန်လက်ပန်းကျနေတာ။ ကျွန်မဖုန်းထဲကနေ မိုဘိုင်း Banking သုံးလို့ရအောင် ရှင်ကူညီပေးပါဦး”

“ဘဏ်တွေက အခုထိမဖွင့်သေးဘူးလားဗျာ။ ဒါဆိုရင် ခင်ဗျား သုံးစရာ စွဲစရာရော အဆင်ပြေရဲ့လားဗျ”

“ပြောချင်တာ အဲဒါပဲ ကိုသံချောင်းရေ။ တိုင်းပြည်က နိုင်ငံရေးအခြေအနေက အပြောင်းအလဲကာလပါဆိုနေမှ ဘဏ်ကပိတ်ထားတော့ ငွေကြေးစီးဆင်းမှုက ရပ်သွားတာပေါ့ရှင်။ ကျွန်မလည်း ဝင်ငွေနည်းလာတော့ ခွကျတာပဲ။ အခုဟာက ရှာရသလောက်ကို ဘဏ်ထဲမှာ အပ်ထားတာဆိုတော့ ထုတ်မရဖြစ်နေတာရှင့်”

“ဘဏ်ဝန်ထမ်းတွေက CDM လုပ်ကြသတဲ့ဗျာ။ အဲဒီတော့ ဝန်ထမ်းအင်အားမလုံလောက်တော့ ဘဏ်တွေ ချက်ချင်းမဖွင့်နိုင်ဘူးပေါ့။ ဘဏ်တွေမဖွင့်နိုင်လို့ ထိခိုက်ရတာက အစိုးရမှ မဟုတ်ဘဲ။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ငွေပို့၊ ငွေလွှဲနေကြရတဲ့ ပြည်သူတွေ၊ လကုန်ရင် လစာမျှော်ရတဲ့ဝန်ထမ်းတွေ၊ အပျိုကြီးလိုမျိုး ရှိတာလေးကို ဘဏ်ထဲပြေးပြေးပြီး စုတတ်ကြတဲ့ ပြည်သူတွေပဲပေါ့။ မြှောက်ပေးတဲ့သူတွေက ဘဏ်ဝန်ထမ်းတွေကို အလုပ်ခန့်ပေးကြမှာတဲ့လားဗျာ။ ဒီကြားထဲ တိုင်းပြည်ခြေခင်းလက်ခင်း မသာရင် ဘဏ်ကငွေတွေ အကုန်ပြေးထုတ်ချင်ကြတဲ့သူတွေကြောင့် ဘဏ်တွေမှာ အလုပ်တွေပိုများ၊ ဝန်ထမ်းအင်အားနည်းနဲ့ ဂျာအေးကို သူ့အမေရိုက်သလို ဖြစ်နေရှာတယ်လို့ပဲ ကျွန်တော်ကတော့ မြင်တယ်ဗျာ”

“ဒါဆိုရင် ဘဏ်က ကိုယ့်ပိုက်ဆံကို မထုတ်ဘဲထားရမလားရှင့်။ လိုအပ်သလောက်တော့ ထုတ်သင့်ပါတယ်။ အကုန်တော့ မထုတ်ကြနဲ့ပေါ့ရှင်။ အခုဟာက အေတီအမ်စက်တွေထဲ ငွေထည့်တော့လည်း ထုတ်လို့ရသလောက် ထုတ်ပစ်ကြတယ်။ နောက်လူရှေ့လူ မတွက်ကြတော့ဘူး။ အခုလည်း ဘဏ်အချို့က ပြန်ဖွင့်ဖို့ကြိုးစားတဲ့အခါမှာလည်း မဖွင့်နိုင်အောင် ဖျက်လိုဖျက်ဆီး လုပ်ချင်ကြပြန်တယ်ရှင်။ ဖွင့်မယ်ကြံတာနဲ့ ဆန္ဒပြကြတယ်”

**“အမှန်ပဲ မစာဥရေ။ ကျွန်တော်တို့ ခင်ဗျားတို့လို တကယ်လိုအပ်နေတဲ့ ပြည်သူတွေပဲ နစ်နာကြရတာပေါ့။ ဘဏ်ဝန်ထမ်းတွေထဲမှာ မြှောက်ပေးနေတဲ့ အဖွဲ့အစည်းတစ်ခုလည်း ပေါ်လာခဲ့တယ်ဗျ။ အဲဒါက ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ စတင်ခဲ့တာ။ Myanmar Bankers Union ဆိုပြီး ဘဏ်ဝန်ထမ်းတွေကို ရုံးမတက်အောင် လှုံ့ဆော်ကြ၊ အချင်းချင်းမြှောက်ပေးကြနဲ့ပေါ့ဗျာ။ ဒါကို ဘဏ်ဝန်ထမ်းတွေကလည်း သိထားကြဖို့ လိုတယ်ဗျ။ ဘဏ်အများစုကသူတို့ ရုံးမတက်ကြပေမယ့် ရုံးလစာတွေကို ထုတ်ပေးခဲ့တယ်လို့ လကုန်ရက်ကတော့ ကြားမိပါတယ်။ အဲဒါဆိုရင်လည်း ကိုယ့်အလုပ်ကို တာဝန်ကျေကျေနဲ့ ပြန်တက်ပေးကြဖို့ လိုအပ်တာပေါ့ဗျာ”**

“ဗဟိုဘဏ်က ဝန်ထမ်းအချို့ကိုလည်း အဲဒီအဖွဲ့တွေကပဲ မြှောက်ပေးခဲ့တာလို့ ကျွန်မကတော့ ထင်တာပဲရှင်။ ဒီလိုလုပ်မှ နိုင်ငံ့စီးပွားရေး မလည်ပတ်နိုင်ဘူးပေါ့လေ။ ဒါက စေတနာလားရှင့်။ အရေးပေါ်ငွေလိုအပ်လာခဲ့တဲ့ ပြည်သူတွေ ဘယ်လိုထုတ်ကြရပါ့မလဲ။ ဒါတင်မကသေးဘူး။ စေတနာနဲ့ဖွင့်ပေးတဲ့ ဘဏ်တွေကျတော့ အတင်းကာရော ပိုက်ဆံတွေထုတ်ခိုင်းကြတာ ဝန်ဆောင်မှုမပေးနိုင်တော့တဲ့ အထိပဲတဲ့။ ဒီပုံနဲ့ ဘဏ်တွေရပ်ဆိုင်းတော့ ခံနေရတာက ပြည်သူပါပဲရှင်”

“ဘဏ်ကနေ ငွေအလွှဲအပြောင်းလုပ်ပြီး စီးပွားရှာရသူတွေ သိပ်ကို ထိခိုက်ကြတာပေါ့ဗျာ။ ကျွန်တော့်မိတ်ဆွေဆိုရင် ဖရဲသီး တင်ပို့တာ ဘဏ်ကနေငွေလွှဲမရတော့ ဒီဘက်မှာ ရှင်းရမယ့်ငွေတွေမပေးနိုင်တော့ဘူး။ သွင်းကုန်တွေလည်း မသွင်းနိုင်ကြဘူး။ ဘဏ်ကနေ ငွေလွှဲလို့ မရတာဗျာ ဈေးတွေလည်း လွှတ်တက်တာသာကြည့်ပေတော့ အပျိုကြီးရေ။ စားအုန်းဆီတွေ၊ အချိုမှုန့်တွေကနေစပြီး မုန့်ပဲသရေစာ၊ အလှကုန်၊ ဆေးဝါး အကုန်ကို ဈေးလိုက်တက်တာ အဓိကတရားခံတွေထဲမှာ ဘဏ်ဝန်ထမ်းတွေတောင် ပါနေတယ်လို့ ကျွန်တော်ကတော့ ဆိုချင်တာပဲဗျာ”

“ဒါဆိုရင် ကျွန်မတို့က ဘဏ်တွေဖွင့်အောင် ဘယ်လိုတောင်းဆိုကြရမလဲရှင့်။ သူများလို ဆိုင်းဘုတ်ထောင်ပြီး ပုဂ္ဂလိကဘဏ်တွေ ပြန်ဖွင့်ပေးပါဆိုပြီး ဆန္ဒပြရမလားရှင့်”

**“မလုပ်ပါနဲ့မစာဥရယ်။ သူတို့ကို နိုင်ငံတော်က ဒီအတိုင်း ဘယ်လွှတ်ထားပါ့မလဲဗျာ။ ဖေဖော်ဝါရီလဆန်းကတည်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ငွေရေးကြေးရေးနဲ့ ဘဏ်လုပ်ငန်းရှင်တွေကိုလည်း တွေ့ပြီးပါပြီ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အသီးသီးကလည်း စီးပွားရေးကဏ္ဍ ဘယ်လိုကိုင်တွယ်မလဲဆိုတာနဲ့ပတ်သက်ပြီး** လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်နေကြပါပြီဗျ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ စီးပွားရေးရာကော်မတီကလည်း ဘဏ်လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်မယ့်လုပ်ဆောင်ချက်တွေ ရှိနေမှာပါဗျ။ ဒါကြောင့် စိတ်မပူဘဲ ကျွန်တော်တို့ စောင့်ကြည့်ကြတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူတွေ နစ်နာမှုမရှိအောင် ဘဏ်ဝန်ထမ်းတွေလည်း CDM မလုပ်ဘဲ ရုံးပြန်တက်ကြပါစေဗျာ။ ငွေကြေးဝန်ဆောင်မှုရလိုသူတွေကလည်း ဘဏ်တွေရဲ့အခက်အခဲကို နားလည်မှုရှိရှိနဲ့ မဖြစ်မနေ ထုတ်ရမယ့်ပမာဏကိုပဲ ထုတ်ပေးကြတာ၊ ငွေလွှဲမှုမြန်ဆန်အောင် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်တာမျိုးနဲ့ ဘဏ်တွေကို ကူညီပေးကြရမှာပေါ့ဗျာ။ ဒါမှသာ ပြည်သူတွေအားလုံး **အေးအေးချမ်းချမ်းနဲ့ ငွေကြေးပြဿနာပြေလည်မှာပေါ့”**

“ဟုတ်ပါပြီရှင်။ ကိုသံချောင်းနဲ့ စကားပြောလိုက်ရလို့ စိတ်ပူရတာတော့ နည်းနည်းလျော့သွားပါပြီ။ အမြန်ဆုံးပြန်ဖွင့်ပေးကြပါလို့ ကျွန်မကတော့ ဘုရားရှိခိုးတိုင်း ထည့်ဆုတောင်းနေတော့မှာ”

“ကောင်းပါပြီဗျာ။ ဘုရားရှိခိုးရင် ဘဏ်တွေပြန်ဖွင့်ပေးဖို့အပြင် ဖုန်းစာဖက်အစစ်နဲ့ အမြန်ဆုံးနီးစပ်အောင်လို့လည်း ထည့်ဆုတောင်းပါဦးဗျ”

“နေပါရှင်။ ပိုက်ဆံထုတ်မရလို့ စိတ်ညစ်ရတဲ့အထဲ ရှင်က တစ်မျိုးနောင့်ပေါ့လေ”

“မဟုတ်ရပါဘူးဗျာ။ ကျွန်တော်က မစာဥစိတ်ညစ်တာတွေ ပျောက်အောင် စတာပါဗျ။ ဘဏ်တွေပြန်ဖွင့်တာနဲ့ အတူတူ သွားကြတာပေါ့။ ကျွန်တော်လည်း နယ်က ညီမဆီကို ငွေလေး ပို့ပေးချင်လို့ပါ”

နှုတ်တောင်မဆက်နိုင်ဘဲ ထွက်ခွာသွားသည့် မစာဥကို ကြည့်ရင်း ကိုသံချောင်းက တိုးတိုးလေးဆုတောင်းပေးနေမိသည်။ “ဘဏ်တွေအမြန်ဆုံးပြန်ဖွင့်ပါစေ”။ ဒါမှလည်း မစာဥ စိတ်ချမ်းသာမည် မဟုတ်ပါလား။ ။

**“မလုပ်ပါနဲ့မစာဥရယ်။ သူတို့ကို နိုင်ငံတော်က ဒီအတိုင်းဘယ်လွှတ်ထားပါ့မလဲဗျာ။ ဖေဖော်ဝါရီလဆန်းကတည်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ငွေရေးကြေးရေးနဲ့ ဘဏ်လုပ်ငန်းရှင်တွေကိုလည်း တွေ့ပြီးပါပြီ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အသီးသီးကလည်း စီးပွားရေးကဏ္ဍ ဘယ်လိုကိုင်တွယ်မလဲဆိုတာနဲ့ပတ်သက်ပြီး လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်နေကြပါပြီဗျ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ စီးပွားရေးရာကော်မတီကလည်း ဘဏ်လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်မယ့်လုပ်ဆောင်ချက်တွေ ရှိနေမှာပါဗျ။ ဒါကြောင့်စိတ်မပူဘဲ ကျွန်တော်တို့ စောင့်ကြည့်ကြတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူတွေ နစ်နာမှုမရှိအောင် ဘဏ်ဝန်ထမ်းတွေလည်း CDM မလုပ်ဘဲ ရုံးပြန်တက်ကြပါစေဗျာ။ ငွေကြေးဝန်ဆောင်မှုရလိုသူတွေကလည်း ဘဏ်တွေရဲ့ အခက်အခဲကို နားလည်မှုရှိရှိနဲ့ မဖြစ်မနေ ထုတ်ရမယ့်ပမာဏကိုပဲ ထုတ်ပေးကြတာ၊ ငွေလွှဲမှုမြန်ဆန်အောင် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်တာမျိုးနဲ့ ဘဏ်တွေကို ကူညီပေးကြရမှာပေါ့ဗျာ။ ဒါမှသာ ပြည်သူတွေအားလုံး အေးအေးချမ်းချမ်းနဲ့ ငွေကြေးပြဿနာပြေလည်မှာပေါ့”**

# အကြိမ်(၆၀)မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

ရန်ကုန် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အကြိမ်(၆၀) မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဓမ္မာစရိယ စာမေးပွဲ၊ ပါဠိပထမပြန် စာမေးပွဲများတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

## မြွက်ကြားချီးမြှင့်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဓမ္မာစရိယ၊ ပါဠိပထမပြန်စာမေးပွဲများတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အထူးအောင်သံဃာတော်တစ်ပါးအား အောင်လက်မှတ် ဆက်ကပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး ဓမ္မာစရိယ၊ ပါဠိပထမပြန်စာမေးပွဲများတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အထူးအောင် သံဃာတော်တစ်ပါးအား အောင်လက်မှတ် ဆက်ကပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို၏ဇနီး ဓမ္မာစရိယ၊ ပါဠိပထမပြန်စာမေးပွဲများတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အထူးအောင်သီလရှင်တစ်ပါးအား အောင်လက်မှတ် ဆက်ကပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၏ဇနီး ဓမ္မာစရိယ၊ ပါဠိပထမပြန်စာမေးပွဲများတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အထူးအောင်သီလရှင်တစ်ပါးအား အောင်လက်မှတ် ဆက်ကပ်ချီးမြှင့်စဉ်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး၌ လေ့လာသင်ကြားရေး ပရိယတ္တိသာသနာ၊ လိုက်နာကျင့်သုံးရေး ပဋိပတ္တိသာသနာ၊ ထိုးထွင်းသိမြင်ရေး ပဋိဝေဓသာသနာဟူ၍ သာသနာတော်သုံးရပ်ရှိသည်တွင် ပရိယတ္တိသာသနာတော်သည် အခြေခံ အရင်းအမြစ်ကျလှပါကြောင်း၊ သို့ပါသောကြောင့် ပရိယတ္တိသာသနာတော်ကြီး တိုးတက်စည်ပင် ပြန့်ပွားစေရန်အတွက် ပရိယတ္တိစာမေးပွဲများ ကျင်းပလာခဲ့သည်မှာ သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်မှစ၍ သီပေါမင်းတိုင်အောင် ဆင်ယင်ကျင်းပ သာသနာပြုတော်မူလာခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါကြောင်း။

၁၃၄၂ ခုနှစ်၊ နယုန်လတွင် ကျင်းပခဲ့သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သည့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ အခန်း(၂)၊ အပိုဒ်(၁၂)ပါ ရည်ရွယ်ချက် ၇ ချက်အနက် တတိယ ရည်ရွယ်ချက်အဖြစ် "ပရိယတ္တိသာသနာတော် တိုးတက်စည်ပင် ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည်"ဟူ၍ ဖော်ပြထားပါကြောင်း။

ယင်းဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကပင် ရဟန်းသာမဏေများအတွက် "အကျင့်သိက္ခာ ပညာဗဟုသုတ တိုးတက်မြင့်မားစေပြီး ပါဠိ-မြန်မာ နှစ်ဘာသာ တတ်မြောက်ကျွမ်းကျင်စေမည့် နည်းလမ်းများဖြင့် ပရိယတ္တိစာပေကို သင်ယူနိုင်ရေးအတွက် ပရိယတ္တိစာမေးပွဲများကို ပြုပြင်ကျင်းပသွားရန်" ဟု ဆုံးဖြတ်ခဲ့ပါကြောင်း။

**စာမျက်နှာ ၈ သို့ »»**

* ကျောဖုံးမှ

(က) **အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊

(၂) လူမှုရေးကိစ္စရပ်များ၊

(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊

(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

( ခ ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရဖွဲ့စည်းထားသောတရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊

( ခခ ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊

( ဂဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက် များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။

( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။

( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးထံသို့ လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊

၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊

၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊

၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊

၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊

၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊

၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊

၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊

၉။ လူသတ်မှု၊

၁၀။ လူသေမှု၊

၁၁။ မုဒိမ်းမှု၊

၁၂။ လုယက်မှု၊

၁၃။ ဓားပြမှု၊

၁၄။ အဂတိလိုက်စားမှု၊

၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊

၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊

၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊

၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊

၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊

၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။

၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊

၂၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊

၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

---

»» **စာမျက်နှာ ၇ မှ**

အဆိုပါဆုံးဖြတ်ချက်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က-

(၁) အကျင့်သိက္ခာမြင့်မားစေခြင်း၊

(၂) ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း၊

(၃) ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း၊

(၄) မြန်မာစာပေ အရေးအသားတော်စေခြင်း

ဟူသော ပရိယတ္တိစာပေ သင်ကြားရေးမူကြီး ၄ ရပ်ကို အခြေခံ၍ ပရိယတ္တိပညာရေးစီမံကိန်းကို ချမှတ်ပြီး ထိုစီမံကိန်းအရ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၊ နိကာယ်စာမေးပွဲများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ကြီးကြပ်မှုအောက်တွင် ထားရှိပြီး ပရိယတ္တိစာမေးပွဲများကို ကျင်းပနေခြင်းဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော ဓမ္မာစရိယစာမေးပွဲ၌ ဖြေဆိုခဲ့သည့် ပုဂ္ဂိုလ် ၂၀၅၀၆ ပါးအနက် ကျမ်းရင်းသုံးကျမ်းအောင် “သာသနဓဇဓမ္မာစရိယ” ဘွဲ့ရ ၉၅၅၉ ပါး၊ ကျမ်းရင်းနှစ်ကျမ်းအောင် ၃၆၈၁ ပါး၊ ကျမ်းရင်းတစ်ကျမ်းအောင် ၂၄၄၀ ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၄ ပါး၊ ပါဠိဂုဏ်ထူးအောင် ၃ ပါး ဖြစ်ပါသည် ဘုရား။ ပါဠိ ပထမပြန်စာမေးပွဲများတွင်လည်း ဖြေဆိုသည့်ပုဂ္ဂိုလ် ၂၆၉၈၀ ပါး အနက် အောင်မြင်သည့် ပုဂ္ဂိုလ် ၂၂၁၆ ပါး၊ အခြေပြုမူလတန်း ဖြေဆိုသည့်ပုဂ္ဂိုလ် ၁၂၃၄၈ ပါးအနက် အောင်မြင်သည့် ပုဂ္ဂိုလ် ၁၀၀၄၈ ပါးတို့ အသီးသီး အောင်မြင်ခဲ့ကြသည်ကို တွေ့ရှိရပါသဖြင့် ပရိယတ္တိသာသနာတော်အတွက် အားတက်ဖွယ်ရာဖြစ်ပါကြောင်း။

ထိုကဲ့သို့ ဆရာတော်သံဃာတော်များဘက်မှ ပရိယတ္တိစာပေများကို သင်ကြားပို့ချ၍ ဖြေဆိုအောင်မြင်တော်မူခဲ့ကြသည်ကို ဘုရားတပည့်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရနှင့် ဒါယကာ၊ ဒါယိကာမများဘက်ကလည်း သဒ္ဓါတရား ထက်သန်စွာဖြင့် အထူးအောင် သံဃာတော်များအား အောင်လက်မှတ်များဆက်ကပ်၍ ယခုလို မဟာဘွဲ့နှင်းသဘင်အခမ်းအနားကြီးကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း။

ယနေ့ကျင်းပသော မဟာဘွဲ့နှင်းသဘင် အခမ်းအနားသည် ယခင်နှစ်များက ကျင်းပသလိုမဟုတ်ဘဲ အထူးအောင် သံဃာတော်များနှင့် သီလရှင်ဆရာလေးများကိုသာ ရွေးချယ်၍ ကျင်းပရခြင်းသည် COVID-19 ကပ်ရောဂါအခြေအနေပေါ်မူတည်၍ Social Distancing အရ ကျင်းပရခြင်းဖြစ်ပါသဖြင့် ဆရာတော်သံဃာတော်များအနေဖြင့် နားလည်ခွင့်လွှတ်ကြလိမ့်မည်ဟုလည်း ယုံကြည်မိပါကြောင်း လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ဇနီး၊ တာဝန်ရှိများက ဓမ္မာစရိယ၊ ပါဠိပထမပြန် စာမေးပွဲများတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ကြသော အထူးအောင် သံဃာတော်များ၊ သီလရှင်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဓမ္မာစရိယ ၊ ပါဠိပထမပြန် စာမေးပွဲများတွင် အောင်မြင်ကြသော စာအောင် သံဃာတော်များအား အစီအစဉ်အတိုင်း ပင့်ဆောင်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော် တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိုက်ပျိုးမွေးမြူရေး အထူးပြုစက်မှုဇုန်များ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် မတ် ၁၅**

မတူညီသည့် ဒေသန္တရဖွဲ့စည်းမှုအခြေအနေအရ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ မြို့ပြနှင့် ကျေးလက်များအကြား ဆင်းရဲချမ်းသာ ကွာဟမှုလျော့ပါးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့အတွက် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် စိုက်ပျိုးရေးအခြေခံ စက်မှုဇုန်များ ထူထောင်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးမွေးမြူရေး အထူးပြုစက်မှုဇုန်များ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထူထောင်ဆောင်ရွက်နိုင်ရေးနှင့် ရှေ့ပြေးစံနမူနာစီမံကိန်းဒေသ အဆိုပြုရွေးချယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လယ်ယာထွက်ကုန်များကို အကျိုးအမြတ် ပိုမိုရရှိစေမည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး သာမက ဒေသနေပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးကို အဓိကထားမျှော်မှန်း ဆောင်ရွက်ရန်၊ ရှေ့ပြေးစံနမူနာ စီမံကိန်းဒေသ အဆိုပြုရွေးချယ်ရာတွင် ထည့်သွင်းဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဇော်ဦးက စီမံကိန်းဆိုင်ရာ မဟာဗျူဟာနှင့် အခြေခံမူဘောင်များနှင့် အခြားနိုင်ငံများမှ အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာ



အောင်ကြီးက စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကိုဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက စိုက်ပျိုးမွေးမြူရေးအထူးပြု စက်မှုဇုန် ရှေ့ပြေးစံနမူနာစီမံကိန်းဒေသ အဆိုပြုရွေးချယ်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၊ ဗဟိုအဆင့်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၅**

မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ ပထမ (၅)နှစ် မဟာဗျူဟာစီမံချက် ၂၀၁၈-၂၀၂၂ နှင့် အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၊ ဗဟိုအဆင့်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ တက်ရောက်ကြသည်။

### စိတ်ချရမည်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးသည် အလွန်အရေးကြီးပါကြောင်း၊ အထူးသဖြင့် ကလေးသူငယ်၏ဦးနှောက် ဖွံ့ဖြိုးရေးသည် ကလေးဘဝအစ ရက် (၁၀၀၀) ကာလအတွင်းမှစ၍ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မှသာ ကလေးသူငယ် ဖွံ့ဖြိုးရေးအတွက် စိတ်ချရမည်ဖြစ်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်များ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မူဝါဒ၊ မဟာဗျူဟာများ ချမှတ်၍ ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းသည် မိခင်ဝမ်းတွင်းမှ ကလေးအသက်(၈)နှစ်အထိ အကျုံးဝင်သဖြင့် ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေး



လုပ်ငန်းကို ကဏ္ဍစုံမှ ပူးပေါင်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ကျောင်းများ ဖွင့်လှစ်ခွင့်ရသည့် အချိန်တွင် မူကြိုကျောင်းများ၊ မိခင်ဝိုင်းများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများသည် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းများ ဖြစ်ပါကြောင်း၊ ကလေးများဖွံ့ဖြိုးစေရန် ရှေးဦး ရက် (၁၀၀၀)အတွင်း ပြုစုပျိုးထောင်မှုများသည် အရေးကြီးပါကြောင်း၊ မူလတန်းကြိုအရွယ် ကလေးများ မူလတန်းကြိုကျောင်း တက်ရောက်မှု မြင့်မားရန်လိုအပ်ပါကြောင်း၊ ကျောင်းတက်နှုန်း မြင့်မားစေရန် တိုးချဲ့နိုင်သည့် နည်းလမ်းများ စဉ်းစားစေလိုပါကြောင်း၊ မူလတန်းကြိုကျောင်းများ၏ အရေးအတွက် တိုးချဲ့ရန်သာမက အရည်အသွေးရှိသည့် မူလတန်းပညာရေးဖြစ်စေရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ၊ နည်းဥပဒေ(မူကြမ်း)၊ အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းထားရှိမှု၊ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ပထမ(၅)နှစ် မဟာဗျူဟာစီမံချက် ၂၀၁၈-၂၀၂၂ နှင့် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

### ကြည့်ရှု

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးရှိ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုများကို ကြည့်ရှုပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး မိတ်ဆက်စကားပြောကြားကာ ဝန်ထမ်းများ၏ လိုအပ်ချက်များ မေးမြန်းဆွေးနွေးသည်။ ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးမှူးရုံးရှိ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ၌ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုကာလိုအပ်ချက်များ မှာကြားပြီး RC နှစ်ထပ်ရုံး အဆောက်အအုံအသစ် ဆောက်လုပ်နေမှုများ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြပြီး မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံကျောင်းအုပ်နှင့် တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသ၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ နှစ်လဲသက်တမ်းတိုး ဝန်ဆောင်မှုလုပ်ငန်းများပြန်လည်စတင်ရန် အသိပေးကြေညာခြင်း

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁-၁၂-၂၀၂၀ ရက်နေ့မှစ၍ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရုံးများအားလုံး၌ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ (COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီခွင့်ပြုချက်အရ နှစ်လဲသက်တမ်းတိုး ယာဉ်မှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများကို ၂၂-၃-၂၀၂၁ ရက် (တနင်္လာနေ့) မှစတင်၍ ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

❖ မော်တော်ယာဉ် / မော်တော်ဆိုင်ကယ်များကို ၎င်းတို့၏ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်လအလိုက် အောက်ပါသတ်မှတ်ကာလအတွင်း သက်တမ်းတိုး မပျက်မကွက်လာရောက် ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) ယခင်ကျန်ရှိသည့် (၆/၂၀၂၀) လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များနှင့် (၉/၂၀၂၀) လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၁-၅-၂၀၂၁ ရက်နေ့အတွင်း၊

( ခ ) (၁၀/၂၀၂၀) လနှင့် (၁၁/၂၀၂၀)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၀-၆-၂၀၂၁ ရက်နေ့အတွင်း၊

( ဂ) (၁၂/၂၀၂၀) လနှင့် (၁/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၁-၇-၂၀၂၁ ရက်နေ့အတွင်း၊

(ဃ) (၂/၂၀၂၁) လ နှင့် (၃/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၁-၈-၂၀၂၁ ရက်နေ့အတွင်း။

❖ (၄/၂၀၂၁)လ မှ (၉/၂၀၂၁)လအတွင်း မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီသက်တမ်းတိုးရန်ဖြစ်ပါသည်။

❖ သတ်မှတ်ကာလအတွင်း အချိန်မီလာရောက်ဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။ ၎င်းအပြင် အများပြည်သူသယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ ကျန်ယာဉ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

❖ ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးရန်ပျက်ကွက်ခြင်း တစ်ဆက်တည်း(၅)နှစ်ကျော်၍ မှတ်ပုံတင်ဖျက်သိမ်းရတော့မည့် ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုးဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည်-

(က) သက်တမ်းကုန်ဆုံးရက် (၃၀-၆-၂၀၁၅)နှင့် (၃၀-၉-၂၀၁၅)ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၁-၅-၂၀၂၁ ရက်နေ့အတွင်း (၇/၂၀၁၅ လနှင့် ၈/၂၀၁၅ လ သက်တမ်းကုန်ဆုံးသည့်ယာဉ်များမပါ)၊

( ခ ) သက်တမ်းကုန်ဆုံးရက် (၃၁-၁၀-၂၀၁၅)ယာဉ်များနှင့် (၃၀-၁၁-၂၀၁၅) ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၀-၆-၂၀၂၁ ရက်နေ့အတွင်း၊

( ဂ ) သက်တမ်းကုန်ဆုံးရက် (၃၁-၁၂-၂၀၁၅) ယာဉ်များနှင့် (၃၁-၁-၂၀၁၆) ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၁-၇-၂၀၂၁ ရက်နေ့အတွင်း၊

(ဃ ) သက်တမ်းကုန်ဆုံးရက် (၂၉-၂-၂၀၁၆) ယာဉ်များနှင့် (၃၁-၃-၂၀၁၆) ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၁-၈-၂၀၂၁ ရက်နေ့အတွင်း၊

❖ သက်တမ်းကုန်ဆုံးရက် (၃၀-၄-၂၀၁၆)၊ (၃၁-၅-၂၀၁၆)၊ (၃၀-၆-၂၀၁၆)၊ (၃၁-၇-၂၀၁၆)၊ (၃၁-၈-၂၀၁၆) လနှင့် (၃၀-၉-၂၀၁၆) လတို့တွင် သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီ သက်တမ်းတိုးရန်ဖြစ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း (၃၄)ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဥက္ကဋ္ဌများအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မတ် ၁၅**

(၃၄) ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဥက္ကဋ္ဌများအစည်းအဝေး (34th Chairs' Meeting of the ASEAN Capital Markets Forum) ကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်သည်။



အစည်းအဝေးတွင် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သော ဘရူနိုင်းနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Ms. Rashidah Sabtu က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံဒေသတွင်းနိုင်ငံများ၏ အရင်းအနှီးဈေးကွက်ကြီးကြပ်ရေးကော်မရှင်မှ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ကိုယ်စားလှယ်များ စုစုပေါင်း ၅၀ ခန့် တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးတွဲဖွဲ့စည်းထူထောင်ခဲ့သည့် အာဆီယံအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် အာဆီယံအရင်းအနှီးဈေးကွက်များဖိုရမ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အာဆီယံရေရှည်တည်တံ့ခိုင်မြဲသော ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အရင်းအနှီးဈေးကွက် အသွင်ကူးပြောင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ၊ ကာလရှည်ငွေချေးစာချုပ် (Sustainability-Linked Bond) များ ထုတ်ဝေခြင်းဆိုင်ရာစံသတ်မှတ်ချက်များ၊အာဆီယံကော်ပိုရေးရှင်းများ၏ စဉ်ဆက်မပြတ် ဖွင့်ဟထုတ်ဖော်မှုဆိုင်ရာ စံသတ်မှတ်ချက်လုပ်ငန်းစဉ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အာဆီယံအရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာအကူအညီပေးမှုများအပေါ် အစည်းအဝေးအစီအစဉ်အလိုက် ဆွေးနွေးကြရာ မြန်မာနိုင်ငံကလည်း သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးမှ ACMF Vision 2025 အဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ACMF Action Plan (2021-2025) တွင် ဖော်ပြထားသည့် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များဖြစ်သော အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး၊ အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အရင်းအနှီးဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေသူများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်ရေး၊ ဒေသတွင်းအရင်းအနှီးဈေးကွက်များ တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ရေး၊ ဒေသတွင်းအရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းနယ်ပယ်များကို သဘောတူခဲ့ကြသည်။

အစည်းအဝေးတွင် ညှိနှိုင်းသဘောတူညီပြီးဖြစ်သည့် လုပ်ငန်းစဉ်များကို ယခုလကုန်တွင် ကျင်းပမည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တင်ပြမည်ဖြစ်သည်။ အာဆီယံအရင်းအနှီးဈေးကွက်များဖိုရမ်သည် အာဆီယံဒေသတွင်း အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အာဆီယံနိုင်ငံများမှ အရင်းအနှီးဈေးကွက်စည်းမျဉ်း စည်းကမ်း ထိန်းကျောင်းသူအဖွဲ့အစည်း အကြီးအကဲများ၏ အဆင့်မြင့်ဆွေးနွေးပွဲတစ်ခုဖြစ်ပြီး နှစ်စဉ် ပုံမှန် ကျင်းပလေ့ရှိသော အစည်းအဝေးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မလေးရှားနိုင်ငံ၌ CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို မတ် ၁၈ ရက်တွင် စတင်မည်


မလေးရှားနိုင်ငံ၌ မတ် ၄ ရက်က ကျန်းမာရေးဝန်ထမ်းတစ်ဦးအား Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

**ကွာလာလမ်ပူ မတ် ၁၅**
မလေးရှားနိုင်ငံသည် တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မတ် ၁၈ ရက်တွင် စတင် မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဝန်ကြီး ကိုင်ရီဂျာမာလူဒင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုကို ရမ်ဘူဆေးရုံ၌ စတင်ထိုးနှံပေးမည် ဖြစ်ကြောင်းနှင့် မလေးရှားနိုင်ငံ၌ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဆုံးထိုးနှံမည့်သူမှာ မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဝန်ကြီး ကိုင်ရီဂျာမာလူဒင် ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ တစ်သိန်းကို မတ် ၁၅ ရက်တွင် လက်ခံရရှိခဲ့ခြင်း ဖြစ်ပြီး နောက်ထပ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ တစ်သိန်းကို မတ် ၂၂ ရက်တွင် လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်က အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizerနှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုခြင်းဖြင့် စတင်ခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၃၀၁၆၉၉ ဦး ရှိသွားပြီဖြစ်ကြောင်း မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဝန်ကြီး ကိုင်ရီဂျာမာလူဒင်က မတ် ၁၅ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အလင်းသစ်**



# ယူဂန္ဓာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်ကျဆင်း

**ကန်ပါလာ မတ် ၁၅**
ယူဂန္ဓာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ကျဆင်းလာသဖြင့် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို ပုံမှန်အတိုင်းပြန်လည်ဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်း သမ္မတ ယိုဝီရီမူဆာဗာနီက ယမန်နေ့တွင် ပြောကြားသည်။

"နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ရောဂါ ဒဏ်ခံခဲ့ရပေမယ့် စီးပွားရေးကတော့ တိုးတက်နေဆဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံစီးပွားရေးကို အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

မိမိတို့နိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းများကို တဖြည်းဖြည်း ပြန်လည်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

နိုင်ငံသားများသည် အစိုးရကချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို တိကျစွာလိုက်နာဆောင်ရွက်ခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် အောင်မြင်မှုများရရှိခဲ့ကြောင်း ယိုဝီရီမူဆာဗာနီက ပြောကြားသည်။ နိုင်ငံအတွင်း ပြီးခဲ့သည့်သီတင်းပတ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအဆင့် ထိုးနှံရေးအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။

နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးချို့ယွင်းသူများအပါအဝင် လူပေါင်း ၂၁ ဒသမ ၉ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ပြီးခဲ့သည့်နှစ် မတ် ၁၈ ရက်ကတည်းက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရန်အတွက် နယ်စပ်ဒေသများကို ပိတ်ထားခဲ့ပြီး ပြည်တွင်းတွင် အသွားအလာကန့်သတ်မှုများချမှတ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ ၁၂ သန်းကို ဇွန်လအကုန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်

**ဆိုးလ် မတ် ၁၅**
တောင်ကိုရီးယားနိုင်ငံက နိုင်ငံလူဦးရေ ၁၂ သန်းကို ဇွန်လအကုန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားကြောင်း ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသည့် အစီအစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး သက်ကြီးစောင့်ရှောက်ရေးဂေဟာများရှိ အသက် ၆၅ နှစ်အထိရှိသော သက်ကြီးရွယ်အိုများနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအား ကုသပေးနေသော ကျန်းမာရေးဝန်ထမ်းများအပါအဝင် လူပေါင်း ၅၈၈၉၅၈ ဦးအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း ကိုရီးယားနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ယင်းပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို မတ်လအကုန်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဟု သိရသည်။ ဒုတိယအဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို ဇွန်လအထိဆောင်ရွက်သွားမည်ဖြစ်ပြီး အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးစောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်သော ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများနှင့် ဂေဟာရှိ ဝန်ထမ်းများအပါအဝင် မသန်စွမ်းသူများအား ထိုးနှံပေးသွားမည်ဖြစ်သည်။

ယခု ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် မူလတန်းကြိုကျောင်းနှင့် မူလတန်းကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ နာတာရှည်ကျောက်ကပ်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါခံစားနေရသူများ၊ လေယာဉ်အမှုထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆေးရုံဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။

ဇူလိုင်လတွင် စတင်ဆောင်ရွက်မည့် တတိယအဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် နိုင်ငံအတွင်းရှိ နိုင်ငံသားများအား ထိုးနှံပေးသွားမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းကို စက်တင်ဘာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းကို နိုဝင်ဘာလထက်နောက်မကျစေဘဲ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယား၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၁၃ ဦး ရှိလာ

**ဆိုးလ် မတ် ၁၅**
တောင်ကိုရီးယားနိုင်ငံတွင် မကြာသေးမီရက်များက မျိုးဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၂၁၃ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောကြားသည်။

မတ် ၁၁ ရက်မှစ၍ တောင်ကိုရီးယားနိုင်ငံ၌ တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၁ ဦးအနက် ၁၉ ဦးသည် ပြည်ပနိုင်ငံများမှ ပြန်လာသူများ ဖြစ်ကြပြီး ကျန် ၁၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးဌာနက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံရှိ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအားလုံးအနက် ၁၇၈ ဦးသည် ဗြိတိန်နိုင်ငံမှ ပြန်လာသူများဖြစ်ပြီး ၂၈ ဦးသည် တောင်အာဖရိကနိုင်ငံမှ ပြန်လာသူများဖြစ်ကာ ကျန်ခုနစ်ဦးသည် ဘရာဇီးနိုင်ငံမှ ပြန်လာသူများဖြစ်ကြကြောင်း သိရသည်။ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သည် မူလကဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ်ထက် ကူးစက်မှုနှုန်းပို၍ မြန်ဆန်ဖွယ်ရှိသည်။

တောင်ကိုရီးယားအစိုးရသည် နိုင်ငံအတွင်း မျိုးဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သစ်ကူးစက်မှုထိန်းချုပ်ရန် ဗြိတိန်နိုင်ငံမှလာသော ခရီးသည်တင် လေကြောင်းလိုင်းအားလုံးကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ ရက်မှစ၍ ယခုနှစ် ဧပြီ ၁ ရက်အထိ တားမြစ်ပိတ်ပင်ထားသည်။

ကမ္ဘာ့နိုင်ငံများမှ တောင်ကိုရီးယားနိုင်ငံသို့ ဝင်ရောက်လည်ပတ်သောခရီးသည်အားလုံးသည် အစိုးရက သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစင်တာများတွင် သီတင်းပတ်နှစ်ပတ်ကြာ ရောဂါစောင့်ကြည့်မှုခံယူရမည်ဖြစ်ပြီး ၇၂ နာရီအတွင်း စစ်ဆေးထားသည့် ကိုဗစ်-၁၉ ရောဂါ ကင်းစင်ကြောင်း ဆေးစစ်ချက်အဖြေများကိုလည်း ပြသနိုင်ရမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၉၆၀၁၇ ဦး ရှိလာကြောင်း အစိုးရမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူသူပေါင်း ၆၅ သန်းခန့် ရှိလာ

**ပေကျင်း မတ် ၁၅**
တရုတ်အစိုးရသည် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှု အရှိန်မြှင့်ဆောင်ရွက် လာခြင်းနှင့်အတူ မတ် ၁၄ ရက်အထိ ပြည်သူ ၆၅ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း တရုတ်ကျန်းမာရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

တရုတ်နိုင်ငံသည် ယမန်နှစ်ကတည်းက ပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ရာ ကမ္ဘာပေါ်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမဆုံးထိုးနှံပေးခဲ့သည့် နိုင်ငံဖြစ်လာခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံသည် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ အမြောက်အမြားကိုလည်း ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ခဲ့သည်။

သို့သော် တရုတ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူထားသည့် လူဦးရေမှာ အစ္စရေးနှင့် အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူထားသည့် လူဦးရေထက် ပိုမိုနည်းပါးကြောင်း သိရသည်။ တရုတ်နိုင်ငံသည် လက်ရှိအချိန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလေးမျိုးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီးဖြစ်သည်။

ထို့အပြင် ပေကျင်းမြို့တစ်မြို့တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူသူ ၁၀ သန်းခန့်ရှိပြီး ၎င်းတို့အနက် သုံးသန်းကျော်သည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ပြီးဖြစ်ကြောင်း တရုတ်နိုင်ငံ၏ တရားဝင်သတင်းစာတစ်စောင်ဖြစ်သည့် ပေကျင်းဒေးလီးသတင်းစာက မတ် ၁၄ ရက်တွင် ဖော်ပြထားသည်။

တရုတ်အစိုးရသည် နိုင်ငံ၏ လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိသည့်အနက် လူဦးရေ ၄၀ ရာခိုင်နှုန်းခန့်ကို ယခုနှစ် ဇွန်လကုန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြီးသတ်ထိုးနှံပေးရန် ရည်ရွယ်ထားသည်။ ထိုရည်ရွယ်ချက်ဖြစ်မြောက်ရန် တစ်နေ့လျှင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး



အလုံးရေ လေးသန်းနှုန်းဖြင့် ထိုးနှံပေးရန်လိုအပ်သည်။

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးကုမ္ပဏီများကို တိုးချဲ့လျက်ရှိရာ ကာကွယ်ဆေး ထုတ်လုပ်မှုပမာဏလည်း တဖြည်းဖြည်းချင်း မြင့်တက်လာကြောင်း တရုတ်စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူ တီယန်ယူလောင်းက ပြောကြားသည်။

**ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - ဂျေတီ**



# သီရိလင်္ကာနိုင်ငံ၌ ဧပြီလတွင် ကျောင်းအားလုံးပြန်ဖွင့်မည်

**ကိုလံဘို မတ် ၁၅**
သီရိလင်္ကာနိုင်ငံသည် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများအားလုံးကို ဧပြီ ၁၉ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ စာသင်ကျောင်းများကို ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းဖြစ်ပွားမှုကြောင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းမှ စတင်ကာ ပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ငါးတန်း၊ ဆယ်တန်း၊ ၁၂ တန်းနှင့် သက်ဆိုင်သည့် စာသင်ကျောင်းများကို မတ် ၁၅ ရက်မှ စတင်ကာ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အခြားသော အတန်းအားလုံးကိုမူ ဧပြီ ၁၉ ရက်မှ စတင်ကာ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံ၌ စာသင်ကျောင်းအားလုံး ပြန်လည်မဖွင့်လှစ်မီ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို စာသင်ကျောင်းများသို့ပြန်လည်ဝေမျှပေးရန်လည်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံ၌ မြို့တော်ကိုလံဘိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုတွင် အများဆုံးဒေသဖြစ်ပြီး လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈၇၉၀၇ ဦးရှိခဲ့ကာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၇ ဦးရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၄၀၀၀၄၅ ဦးအထိ ရှိလာ

**မော်စကို မတ် ၁၅**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၃၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၀၀၀၄၅ ဦးအထိရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀၄ ဦးရှိခဲ့ခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၉၂၄၉၄ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။ ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၈၄၄၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၀၀၃၅၇၆ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုတွင် အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၅၃ ဦးရှိခဲ့ကာ မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၀၁၇၄၇ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ၁၁၅ ဒသမ ၅ သန်းကျော်ကို ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိနှင့် စပ်လျဉ်း၍ စစ်ဆေးမှုများပြုလုပ်ထားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# မွန်ဂိုလီးယား၌ အင်အားပြင်းနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကိုးဦးထက်မနည်း သေဆုံး

**အူလန်ဘာတာ မတ် ၁၅**
မွန်ဂိုလီးယားနိုင်ငံတွင် မတ် ၁၄ ရက်က အလွန်ပြင်းထန်သောနှင်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် သေဆုံးသူဦးရေ ကိုးဦးအထိ တိုးလာကြောင်း မွန်ဂိုလီးယား အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ယနေ့ပြောကြားသည်။

နိုင်ငံ၏ တောင်ဘက် ဒန့်ဂိုဗီပြည်နယ်တွင် အဆိုပါ မုန်တိုင်းကြောင့် လူရှစ်ဦး သေဆုံးခဲ့ပြီး နိုင်ငံ၏အနောက်အလယ်ပိုင်း အာခါဂိုင်းပြည်နယ်တွင် အသက် ငါးနှစ်အရွယ် ကလေးတစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း နှင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လူ ၆၀၀ နီးပါး ပျောက်ဆုံးသွားပြီး ၎င်းတို့အနက် ၅၆၅ ဦးကို အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်အထိ လူအချို့ ပျောက်ဆုံးနေသည့်အတွက် ဒေသဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေအဆုံးသတ်ရန် အချိန်စောလွန်းနေသေးဟု ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ဆူဂါ ပြောကြား



**တိုကျို မတ် ၁၅**

ဂျပန်နိုင်ငံ၏ မြို့တော်တိုကျိုနှင့် အနီးဝန်းကျင်ခရိုင်သုံးခုတွင် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ယခင်စီစဉ်ထားသည့်အတိုင်း လာမည့် မတ် ၂၁ ရက်တွင် ဖြေလျှော့ပေးနိုင်မည်လားဆိုသည့် ဆုံးဖြတ်ချက်ကို ဆုံးဖြတ်ရန် စောလွန်းနေသေးကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ဖြေလျှော့ပေးရေးနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များကို ရယူပြီးမှသာ နောက်ဆုံးဆုံးဖြတ်ချက်ကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ဆူဂါက ယနေ့ပြုလုပ်သည့် အထက်လွှတ်တော်ဘတ်ဂျက်ကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယခင်က ကြေညာထားခဲ့သည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာအရေးပေါ်အခြေအနေ ကြေညာချက်သက်တမ်းကုန်ဆုံးကာနီးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်နေခြင်းကြောင့် မြို့တော်တိုကျိုအပါအဝင် ကာနာဂါဝါ၊ ဆိုင်းတမနှင့် ချီဘာခရိုင်တို့တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို သီတင်းပတ်နှစ်ပတ်ကြာ ထပ်မံတိုးမြှင့်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု လျော့ကျမှုရှိခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို အဆုံးသတ်ရန် သို့မဟုတ် ထပ်မံတိုးမြှင့်ရန်နှင့်စပ်လျဉ်း၍ ပြောကြားရန် စောလွန်းနေသေးကြောင်း ဝန်ကြီးချုပ်ဆူဂါက ပြောကြားခဲ့သည့်အပြင် ဂျပန်အစိုးရ၏ ကျွမ်းကျင်သူများအဖွဲ့ အကြီးအကဲ အိုမီရှီဂီရူကလည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ထပ်မံသုံးသပ်မှုများပြုလုပ်ရန် လိုအပ်နေသေးကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁ ဒသမ ၃၈ သန်းအထိရှိလာ

**နယူးဒေလီ မတ် ၁၅**

အိန္ဒိယနိုင်ငံ၌လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူ ၂၆၂၈၁ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၁၃၈၅၃၃၉ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ဖြစ်ပွားခဲ့သည့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ယခုနှစ်အတွင်း လက်ရှိအချိန်အထိ အမြင့်ဆုံးကူးစက်မှုဖြစ်ကြောင်းလည်း သိရသည်။ အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၁၁၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၅၈၇၂၅ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ပြည်သူ ၁၁၀၀၇၃၅၂ ဦးမှာ ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၂၁၉၂၆၂ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ သန်း ၃၀ နီးပါး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# ဖိလစ်ပိုင်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှု လေးရက်ဆက်တိုက်မြင့်တက်

**မနီလာ မတ် ၁၅**

ဖိလစ်ပိုင်နိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုသည် မတ် ၁၅ ရက်တွင် ကူးစက်ခံရသူ ၅၄၀၄ ဦး ရှိခဲ့ခြင်းကြောင့် ခုနစ်လတာကာလအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအမြင့်ဆုံးစံချိန်တင်ခဲ့ကာ လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၆၂၆၈၉၃ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှတ်တမ်းအရ မတ် ၁၅ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုစံချိန်တင်ဖြစ်ပွားခြင်းသည် ဖိလစ်ပိုင်နိုင်ငံ၌ လေးရက်ဆက်တိုက် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ရှစ်ဦးထက်မနည်း ရှိခဲ့ခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၈၃၇ ဦးရှိခဲ့ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၁ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၅၆၀၅၇၇ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့သည့် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလနောက်ပိုင်းမှ စတင်ကာ လက်ရှိအချိန်အထိ ပြည်သူ ၈ ဒသမ ၇ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်မှုများ လုပ်ဆောင်ထားပြီဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို တိုက်ဖျက်နေရစဉ်တွင် ဗြိတိန်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့တွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုသည်လည်း သိသိသာသာမြင့်တက်လျက်ရှိကြောင်းနှင့် လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာနောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
| --- | --- | --- | --- |
| | ၁၂၀၅၀၄၀၉၂ ဦး | ၂၆၆၆၈၆၂ ဦး | ၉၇၀၄၅၂၃၈ ဦး |

# ဗန်းမော်မြို့နယ်၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၃ ရက် ည ၈ နာရီတွင် ဗန်းမော်မြို့နယ် စီဟဲကျေးရွာအုပ်စု စီဟဲကျေးရွာအနီး ဗန်းမော်-မံစီသွားကားလမ်းတွင် လထွယ်မောင်းနှင်ပြီး တန်ဂျီး လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၉၈ ကီလိုကိုလည်းကောင်း၊ ထို့ပြင် မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မံစီမြို့ ကောင်ရာရပ်ကွက်တွင် မာတူး(ခ)ဆိုင်းတူးနန်နှင့် ခေါင်ဂျုံး (ခ)ဝေလွန်းတို့ နှစ်ဦး မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိကာ ၎င်းတို့အား စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၃ နာရီခွဲတွင် ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ ဟိုတယ်ရှေ့၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်အတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၉၈ ကီလို ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



တန်ဂျီး၊ လထွယ်၊ ခေါင်ဂျုံး(ခ)ဝေလွန်း၊ မာတူး(ခ)ဆိုင်းတူးနန်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။




# ကြို့ပင်ကောက်မြို့နှင့် မြိတ်မြို့တို့၌ လူစုလူဝေးဖြစ်ပွားမှုများအား လူစုခွဲရာ သေဆုံး၊ ဒဏ်ရာရရှိမှုများရှိခဲ့

**နေပြည်တော် မတ် ၁၅**

ကြို့ပင်ကောက်မြို့နှင့် မြိတ်မြို့တို့၌ လူစုလူဝေးဖြစ်ပွားမှုများအား လူစုခွဲရာ သေဆုံး၊ ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက် ဘုရားကြီးဝင်း၌ ယနေ့ နံနက်၉ နာရီတွင် ဆူပူဆန္ဒပြသူလူစုလူဝေးအင်အား ၁၀၀ ခန့်သည် ဆူပူအော်ဟစ်ဆန္ဒပြနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်း ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ နံနက် ၉ နာရီခွဲတွင် လူစုကွဲသွားခဲ့ကြောင်း။

ထို့အတူ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် အဆိုပါရပ်ကွက်ဈေးနှင့် အောင်ဒင်လမ်းထောင့်တွင် ဆူပူဆန္ဒပြသူလူစုလူဝေးအင်အား ၁၅၀ ခန့် ဆူပူအော်ဟစ်ဆန္ဒပြနေ၍ ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ကြောင်း။

အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ကြို့ပင်ကောက်မြို့မရဲစခန်းအား လူစုလူဝေးဖြင့် လာရောက်မီးရှို့ဖျက်ဆီးမည်ဖြစ်ကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရဲစခန်းဝန်းကျင်တွင် လုံခြုံရေးဖြန့်ခွဲဆောင်ရွက်နေစဉ် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၄၀ ခန့် ရောက်ရှိလာသဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့ကြောင်း။

ဖြစ်စဉ်များအတွင်း ကျော်သူမင်း (၃၅) နှစ်(ဘ)ဦးတင်သိန်း နွယ်ခွေရပ် ကြို့ပင်ကောက်မြို့နေသူမှာ နောက်ကျောတွင် ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး (စိစစ်ဆဲ)မှာ ထိခိုက်ဒဏ်ရာရရှိကာ လက်လုပ်မိုင်း တစ်ခု၊ ဒူးလေး တစ်လက်၊ မြှား တစ်ချောင်း၊ သံဒိုင်း တစ်ချပ်၊ လေးလက်မသံချောင်းများရိုက်ထားသည့် သစ်သားပြား ၁၀ ခု၊ မီးသတ်ဆေးဘူး သုံးဘူး၊ လောက်စာလုံး ၁၀၀၊ သံဘောစိ ၁၃ လုံး ဓာတ်ဆီအိတ် ၁၀ အိတ်၊ ဒီဇယ်ဆီ ထည့်ထားသော ပုလင်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

သေဆုံးသူကို ကြို့ပင်ကောက်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး တာဝန်ခံဆရာဝန်က ရင်ခွဲစစ်ဆေးခဲ့ရာတွင် နောက်ကျောအား ချွန်ထက်သော လက်နက်ဖြင့် ထိုးသွင်းခံရ၍ သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း။

အလားတူ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အောင်ဆန်းလမ်းမကြီးနှင့် ရွှေပြည်သာလမ်းဆုံတွင် ဆူပူဆန္ဒပြသူလူစုလူဝေးအင်အား ၇၀ ခန့် စုဝေးရောက်ရှိကာ ဆူပူအော်ဟစ်နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အခြေအနေကို ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ကြောင်း။

ယင်းနေရာသို့ရောက်ရှိ၍ လူစုခွဲနိုင်ရေးဆောင်ရွက်နေစဉ် ရွှေပြည်သာလမ်းအတွင်းမှ ငွမ်ဂျီ (၃၅)နှစ် (ဘ)ဦးအောင်လင်း၊ သူရိန် (၅)လမ်း အင်းလေးမြိုင်ရပ်ကွက်နေသူသည် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်အား အရှည် နှစ်ပေခန့်ရှိ ဓားဖြင့် အနီးကပ်ဝင်ရောက် ထိုးခုတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်မှ မိမိအသက်အန္တရာယ်ကို ခုခံကာကွယ်ရသည့် အနေအထားအရ မလွှဲမရှောင်သာ ပြန်လည်ခုခံပစ်ခတ်ခဲ့ရသဖြင့် ဝင်ရောက်အကြမ်းဖက် တိုက်ခိုက်သူ ငွမ်ဂျီမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။



ထိခိုက်ဒဏ်ရာရရှိသူအား လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်နိုင်ရန် အတွက် တပ်မတော်ဆေးရုံသို့ ပို့ဆောင်စဉ် မွန်းလွဲ ၂ နာရီခွဲတွင် သေဆုံးသွားသဖြင့် သေဆုံးမှုနှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့်ကာ ရဲလုပ်ငန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ လူစုလူဝေးဖြစ်ပွားမှုအား ခြောက်လှန့်ပစ်ခတ်လူစုခွဲ



**နေပြည်တော် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် လူစုလူဝေး ဖြစ်ပွားမှုအား ခြောက်လှန့် ပစ်ခတ်လူစုခွဲခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူဆန္ဒပြသူ အကြမ်းဖက် လူအုပ်စုများသည် "ငါနဲ့မတူ ငါ့ရန်သူ"ဟူသော အယူအဆဖြင့် ယခင်ရန်ငြိုး ရန်စရှိဖူးသူများ၊ အကြောင်းအမျိုးမျိုးကြောင့် အမြင်မကြည်ခဲ့သူများ၊ နိုင်ငံရေးယုံကြည်ချက် မတူညီသူများ၊ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းစွာနေထိုင်လိုသူများကို "သူလျှို"၊ "ဒလန်"၊ "သတင်းပေး" အစရှိသဖြင့် ခေါင်းစဉ်အမျိုးမျိုးတပ်ကာ လူစုလူဝေး အင်အားဖြင့် ဖမ်းဆီးခြင်း၊ အကြမ်းဖက်၍ လူ့ဂုဏ်သိက္ခာကျဆင်းစေမည့် လုပ်ရပ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လာနေသည်ကို တွေ့ရှိရကြောင်း။

ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ၅၆ x ၁၂၀ လမ်းဆုံတွင် ယနေ့ နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ မြေးဖြစ်သူအား "တပ်မတော်သတင်းပေး" ဟု အကြောင်းပြကာ ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၂၀၀ ခန့်က ဖမ်းဆီးထားရှိကြောင်း သတင်းရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အခြေအနေအားထိန်းသိမ်းနိုင်ရန် ၎င်းနေရာသို့ သွားရောက်ခဲ့ကြကြောင်း။

လုံခြုံရေးအဖွဲ့များ ရောက်ရှိချိန်တွင် ဆူပူအကြမ်းဖက်သူ လူအုပ်စုမှ နည်းမျိုးစုံဖြင့် ရန်ပြုတိုက်ခိုက်လာကြသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် လူစုကွဲသွားခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူ ခြောက်ဦးအား ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့ပြီး အမျိုးသား တစ်ဦး (စိစစ်ဆဲ)မှာ ဒဏ်ရာရရှိ သေဆုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ရုံးလုံးနဲ့တစ်ယောက် မကောင်းတတ်လို့တာဝန်ကျေပဲ ပါခဲ့တာ။ အခုတော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးပါထွက်နေတဲ့ ကိန်းဆိုက်နေလို့ ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိအောင် လမ်းတွေပျောက်နေပြီ မောင်လေးရေ

**မခင်ဆွေဦး**

**CDM လှုပ်ရှားမှုဖြစ်စဉ်များ အချိန်ကြာမြင့်လာသည်နှင့်အမျှ ပြည်သူအများ လူမှုစီးပွားအခက်အခဲများနှင့် စိုးရိမ်သောကများ ပိုမိုဖြစ်လာခဲ့ကြသည်။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ဆန္ဒပြမှုများတွင် ပါဝင်လိုခြင်းမရှိသည့် ပြည်သူများနှင့် CDM လုပ်ဆောင်လိုခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရမှုများနှင့် သဘောထားအမြင်များကို ဆက်သွယ်မေးမြန်းရေးသားလိုက်ရပါသည်။**

"အစကတော့ အလွန်ဆုံးကြာမှတစ်လလောက်ပဲမို့ဝင်ပြီး ပူးပေါင်းပေးပါဆိုလို့ ဘာမသိညာမသိဘဲ တစ်ရုံးလုံးနဲ့အတူ CDMထဲ တက်တက်ကြွကြွ ပူးပေါင်းခဲ့ပါတယ်။ နောက်တော့အခိုက်အတန့်မဟုတ်ဘဲ ရက်ရှည်လာတော့ အားလုံးလက်ပန်းကျနေပြီး စိတ်ဓာတ်တွေပါကျကြပြီ။ CDMအဖွဲ့ထဲမှာ တက်ကြွလှုပ်ရှားသူတိုင်း အစစ်အမှန်လို့မသတ်မှတ်နိုင်ပါဘူး။ တချို့က မကင်းရာမကင်းကြောင်းတွေလည်း ပါတယ်။ သူများပါပြီး ကိုယ်မပါရင်လည်း သိကြတဲ့အတိုင်း အုပ်စုဖွဲ့အနိုင်ကျင့်တာခံရမှာစိုးတာတွေလည်းပါပါတယ်။ တစ်လပဲလေဆိုတဲ့စိတ်နဲ့ အားတင်းပြီး CDM မှာပါဝင်ခဲ့တာပါ။ အခု နှစ်လနား နီးကပ်လာပေမယ့် ဘာမှထူးခြားတဲ့ အရိပ်အယောင် မမြင်ရသေးပါဘူး။ ထူးခြားသွားတာကတော့ ကျွန်မတို့ လင်မယားနှစ်ယောက်လုံး ဝန်ထမ်းတွေမို့ ဒီလစာလေးကိုပဲ အားကိုးမှီခိုခဲ့ရတာပါ။ သားသမီး သုံးယောက်နဲ့ ကျွန်မတို့မှာ တခြားဝင်ငွေလုပ်ငန်း လည်း မရှိလေတော့ အလွန်ကျပ်တည်းနေရပါတယ်။ စုဆောင်းထားတဲ့ ငွေပိုငွေလျှံကလည်းမရှိလေတော့ အခက်အခဲဖြစ်နေရပါတယ်။ ရှေ့ကို ဘယ်လိုဆက်ခရီးသွားကြမလဲဆိုပြီး လင်မယားနှစ်ယောက်လုံး ညဘက်ကောင်းကောင်းအိပ်မပျော်ဘူး။

ကိုယ်တွေက ဘာအကြောင်းလဲ၊ အရွယ်မရောက်သေးတဲ့ ဘာမှနားမလည်ကြသေးတဲ့ ကလေးသုံးယောက်ကို သနားတာပါ။ အစက ဒီလောက်ရက်ရှည်တိုက်ပွဲဝင်ရမယ်လို့လည်း မထင်ခဲ့ပါဘူး။ လင်မယားနှစ်ယောက် လစာနဲ့တစ်သက်လုံးလည်ပတ်လာတဲ့ ကျွန်မတို့မိသားစုစားဝတ်နေရေးယန္တရားကြီးကလည်း လစာမရတော့ ခက်ခဲတာတကယ်သိသာလာတယ်။ ဟိုကဆွဲ ဒီကလှည့်နဲ့ မိဘအိမ်ကို ချောင်းပေါက်မတတ် လက်ဖြန့်ပြီး တစ်လလောက်ဖြေရှင်းခဲ့ကြရတာ ရုပ်သိပ်မပျက်ပေမယ့် တစ်လကနေ နှစ်လနားကပ်လာတော့ အဆင်မပြေတော့ဘူး။

အစကတည်းက နိုင်ငံရေးခံယူချက်နဲ့ CDM ထဲပါတာမဟုတ်တော့ ပိုပြီးစိတ်ဓာတ်ကျလွယ်နေပြီ။ တစ်ရုံးလုံးနဲ့တစ်ယောက် မကောင်းတတ်လို့တာဝန်ကျေပဲပါခဲ့တာ။ အခုတော့ အပျက်အပျက်နဲ့နှာခေါင်းသွေးပါထွက်နေတဲ့ကိန်း ဆိုက်နေလို့ ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိအောင် လမ်းတွေပျောက်နေပြီ မောင်လေးရေ"ဟု အိမ်နီးချင်းဖြစ်သူ မခင်ဆွေဦးက ပြောသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် CDM ဆိုတဲ့အဖွဲ့ဆိုတာ ဘာအာမခံချက်မှ မရှိပါဘူး။ ပြည်သူတွေကို မက်လုံးပေးပြီး နည်းလမ်းမျိုးစုံနဲ့ အဆွယ်ကောင်းခဲ့လို့ မျှော်လင့်ချက်များစွာနဲ့ ဆူပူလှုပ်ရှားမှုထဲ ဟုတ်နိုးနိုးနဲ့ပါခဲ့ရတာပေါ့။ ဘယ်တော့မှမပြီးဆုံးနိုင်တဲ့နောက်ဆုံးနေ့ နောက်ဆုံးသပိတ်တွေကိုလည်း စိတ်ဓာတ်ကျမှုများစွာထဲက အားတင်းချီတက်ခဲ့တာပါ။ လက်ရှိဝန်ထမ်းဘဝနဲ့ အရင်းအနှီးလုပ်ပြီး စွန့်စားထားရတဲ့ ဒီအရေးတော်ပုံကြီး တစ်နေ့ထူးခြားနိုးနိုး၊ တစ်နေ့ပြီးဆုံးနိုးနိုး တိုက်ပွဲဝင်ခဲ့တာ ကနေ့ထိ ဘာမှလည်းမထူးခြား၊ ဘာမှလည်းမပြောင်းလဲလာတော့ တစ်ဖွဲ့လုံး စိတ်ဓာတ်တွေ ယိမ်းယိုင်နေပြီ။ အစ်ကိုတို့အထက် အဆင့်ဆင့်လူကြီးတွေက နားလည်မှုပေးပြီး လက်ယပ်ခေါ်နေတာလည်း သိတယ်။ ရုံးပြန်တက်ကြပါလို့ ခဏခဏခေါ်ပြောပေမယ့်လည်း CDM ကို ယုံကြည်ပြီးဇွတ်တိုးခဲ့မိတယ်။ အစ်ကိုတို့ဘဝတူတွေထဲက ဝန်ထမ်းတချို့တော့ CDM ကို လမ်းခွဲပြီး ရုံးပြန်တက်နေကြပြီ။ ကိုယ်တွေရဲ့ CDM အရေးတော်ပုံကြီးရဲ့ လက်ရှိအနေအထားက ပွဲသိမ်း မလှတော့လောက်လို့ ရုံးပြန်တက်ရအောင်ကလည်း မောင်မောင်ခေါ်ထားတုန်းက ဗျာလို့ ပြန်မထူးထားခဲ့တာမို့ အခုအောင်ကျော်ခေါ်နေချိန်မှ ပြန်ထူးရမှာ မဝံ့မရဲနဲ့ပေါ့ကွာ။ ဘေးကျပ်နံကျပ်နဲ့ ဘာကိုယုံကြည်လို့ ယုံကြည်ရမှန်း မသိအောင်ဖြစ်နေတယ်။ ခေါင်းအေးအေးနဲ့တွေးကြည့်မိမှ ကိုယ့်ဝန်ထမ်းလုပ်သက်လေးကို ပိုနှမြောမိတယ်။ ငါတို့ အခုလို ဝန်ထမ်းဘဝလေးနဲ့ အလဲအထပ်လုပ်ရအောင် တန်ရဲ့လားလို့ တစ်ခါတစ်ခါတွေးမိတယ်။ အရှင်းဆုံးပြောရရင် တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားမိခဲ့တဲ့ အစ်ကိုတို့လို ဘဝတူဝန်ထမ်းတွေအများကြီးပါ ငါ့ညီ" ဟု ညီအစ်ကိုအရင်းတမျှ ရင်းနှီးပါသော ဌာနတစ်ခုမှ ဒုဦးစီးမှူးကိုဇော်မင်း(အမည်လွှဲ)က လက်ဖက်ရည်ဆိုင်တွင် ဆုံကြတုန်း ရင်ဖွင့်သည်။

"ကျွန်တော်ကတော့ နိုင်ငံရေးကို သိပ်နားမလည်တာကြောင့် CDM ကို မကန့်ကွက်သလို ထောက်လည်း မထောက်ခံပါဘူး။ လူတိုင်း ကိုယ့်လွတ်လပ်ခွင့်နဲ့ ကိုယ်ပဲလေ။ ဒါပေမယ့်ကျွန်တော်မကြိုက်တာက သူတို့ CDM အဖွဲ့အစည်းထဲကို အဓမ္မသိမ်းသွင်းနေတာကို မကျေနပ်တာပါ။ သူတို့ကြိုက်ရင် သူတို့ထောက်ခံလေဗျာ။ ဘယ်လိုဖြစ်ပြီး မသက်ဆိုင်တဲ့သူတွေကို အတင်း အဓမ္မစည်းရုံးနေတာလဲဆိုတာ စဉ်းစားလို့မရဘူး။ သူတို့ CDM အဖွဲ့အစည်းကို ဒီလောက်ယုံကြည်မှုရှိနေရင် တခြားသူကို ဆွယ်နေစရာမလိုဘူးလေ။ ရှိတဲ့သူတွေ၊ ထောက်ခံနေတဲ့သူတွေနဲ့ ချီတက်ကြပေါ့ဗျာ။ အခုက ဒီလိုမဟုတ်ဘူး။ ရုံးပုံမှန်တက်နေတဲ့ ဝန်ထမ်းတွေကို နည်းလမ်းအမျိုးမျိုးနဲ့ စိတ်အနှောင့်အယှက်ပေးနေကြတာတွေ ရပ်တန်းကရပ်သင့်ပြီလို့ ထင်ပါတယ်ဗျာ။ ကိုယ်ကြိုက်နှစ်သက်တဲ့အရာတိုင်းကို တစ်ပါးသူက ကြိုက်ချင်မှကြိုက်မှာပေါ့ဗျာ။ အခုတော့ သူတစ်ပါးလွတ်လပ်ခွင့် ရွေးချယ်ခွင့်တွေကို ထိပါးစော်ကားနေတာကို အပြင်မှာရော လူမှုကွန်ရက်မှာပါ မြင်တွေ့နေရတာ စိတ်မချမ်းသာပါဘူး။ အမှန်တကယ်တွေးကြည့်ရင် ကျွန်တော်တို့အားလုံးဟာ ထမင်းလက်ဆုံစားနေကြတဲ့ မိသားစုဝင်လိုပါပဲဗျာ။ စားပွဲပေါ်မှာချထားတာ ဟင်းစုံထမင်းစုံပါ။ ကိုယ်ကြိုက်တာ ကိုယ်ထည့်ခပ်စားကြပေါ့။ ဘယ်လိုဖြစ်ပြီး သူတစ်ပါး ထမင်းပန်းကန်ထဲ ကိုယ်ကြိုက်တဲ့ဟင်းကို အတင်းဇွတ်ထည့်ပေးနေပါလိမ့်။ တစ်နိုင်ငံတည်းနေကြတဲ့ ပြည်သူ ပြည်သားအားလုံးဟာ မိသားစုဝင်တစ်ခုလိုပါပဲ။ အတူနေကြတဲ့ မိသားစုဝင်တွေထဲမှာလည်း အယူအဆချင်း၊ အမြင်ချင်း မတူညီနိုင်ကြတာပဲဗျာ။ တစ်နိုင်ငံလုံးဆိုတဲ့ အတိုင်းအတာကတော့ တွေးသာကြည့်ပေတော့။ ကိုယ်နဲ့မတူ ကိုယ့်ရန်သူ လုပ်ကြမဲ့အစား မတူတာလေးတွေထဲက တူတာလေးတွေ ညှိနှိုင်းပြီး ဝိုင်းဝန်းဖြေရှင်းကြရင် မကောင်းဘူးလားဗျာ။ အခုတွေ့ကြုံနေရတဲ့ CDM အနေအထားက အုတ်နံရံကို ခေါင်းနဲ့ဆောင့်နေတာတောင်မဟုတ်ဘူး၊ ကြက်ဥနဲ့ပေါက်နေတာလို့ပဲ ကျွန်တော်မြင်တယ် အစ်ကို။ CDM ကို မထောက်ခံရင်ဘဲ သုံးစားမရအောင် တစ်ဖက်လူကို နည်းမျိုးစုံနဲ့ ပုတ်ခတ်စော်ကားနေကြတာကိုနေရာတကာတွေ့နေရတော့ သက်ဆိုင်ရာက အမြန်အရေးယူပေးစေချင်ပါတယ်။ CDM တွေက တလွှဲဆံပင်ကောင်းနေတာဗျ။ ဆေးရုံတွေ ပိတ်ခိုင်းတယ်။ ရည်ရွယ်ချက်က အစိုးရကို ထိခိုက်အောင် ပစ်မှတ်ထားပေမယ့် လက်တွေ့ အရင်နစ်နာနေတာက ကျွန်တော်တို့ပြည်သူပါအစ်ကို။ လက်လုပ်လက်စား ပြည်သူတွေဘဝမှာ ငွေကုန်ကြေးကျလည်း မခံနိုင်တော့ ပြည်သူ့ဆေးရုံကိုပဲ အဓိကအားထားရတာ။ ဒီနေရာမှာ စိတ်ထားမမှန်ကန်တဲ့ ကျန်းမာရေးဝန်ထမ်းတွေကပါ CDM ကို အကြောင်းပြပြီး ဆေးရုံကို ပိတ်တဲ့သူပိတ်၊ ဌာနေကို ပြန်တဲ့သူကပြန်ဆိုတော့ ပြည်သူတွေပဲ နစ်နာရပြန်တယ်လေ။

အခုနောက်ပိုင်းမှာ ပြည်သူတချို့လည်း အမြင်မှန် ရလာကြပါပြီ။ ကျန်းမာရေးအခက်အခဲကြုံရတိုင်း ဆေးရုံကပိတ် ဆရာဝန်ကမရှိဆိုတော့ မဆုံးရှုံးသင့်ပဲ ဆုံးရှုံးခဲ့ရတဲ့ ပြည်သူ့အသက်တွေလည်း မနည်းတော့တာမို့ တပ်မတော်က စေလွှတ်လိုက်တဲ့ ဆေးပညာရှင်တွေကိုလည်း သောင်းသောင်းဖြဖြကြိုဆိုနေကြပြီအစ်ကိုရေ။ အဓိကနဲ့သာမညကို ခွဲခြားတတ်လာကြပြီ"ဟု ရပ်ကွက်ထဲမှ ပရဟိတ သမားလေး ဖိုးဇော်(အမည်လွှဲ)က ပြောသည်။

"အစ်မတို့မြို့မှာ CDM မလုပ်သူများကို မရောင်းပါဆိုတဲ့ ဆိုင်းဘုတ်တွေကလည်း ဆိုင်တိုင်းလိုလိုမှာ ကပ်ထားကြတာတွေ့ရတယ်။ ရွှေဆိုင်လိုမျိုးမှာ ကပ်ထားတာ ရင်မခုန်ပါဘူး။ အခုခေတ် အခုချိန်ခါမှာ စားဝတ်နေရေး အဆင်ပြေအောင် မနည်းရုန်းကန်နေရတဲ့အချိန်မှာ ရွှေဝယ်နိုင်ဖို့နေနေသာသာ ထမင်းနပ်မှန်ဖို့ပဲ အရေးကြီးပါတယ်။

ကိုဗစ်ကာလနဲ့ လူတွေမှာ ကသိကအောက်ဖြစ်နေရတဲ့အထဲ အရေးအခင်းက ထပ်ကြုံရပြန်တော့ အလုပ်အကိုင်လည်းမကောင်း၊ အရောင်းအဝယ်တွေကအေးနဲ့၊ ဒီလိုအခြေအနေမှာ CDM မလုပ်သူတွေကို မရောင်းပါလို့ စာကပ်ချင်လည်းကပ်ပေါ့။ အနည်းဆုံးတော့ CDM မလုပ်သူတွေကတော့ မဝယ်ရုံဘဲရှိတာပေါ့။ သူတို့ကြိုက်တာ ကိုယ်မကြိုက်တိုင်း သူတို့ထောက်ခံသလို ကိုယ်မထောက်ခံတိုင်း ဈေးမရောင်းဘူးဆိုလည်း မဝယ်ရုံပေါ့လေ။ နိုင်ငံရေးဆိုတာ လမ်းပေါ်ထွက်ပြီး အော်ဟစ်ဆန္ဒပြနေတာကိုခေါ်တာမဟုတ်သလို CDM လုပ်တိုင်း နိုင်ငံရေးလုပ်တာလို့ သတ်မှတ်လို့ မရပါဘူး။ လူတိုင်း ခံယူချက်ကိုယ်စီရှိကြပါတယ်။ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိတယ်ဆိုပေမယ့် တစ်ဖက်သားကို အတင်းအဓမ္မအကျပ်ကိုင်ပြီး မစည်းရုံးသင့်ဘူး။ ကိုယ့်လုပ်ရပ်က မှန်ကန်ရင် စည်းရုံးစရာ မလိုပါဘူး။ သူ့အလိုလို CDMကိုထောက်ခံသူတွေ၊ယုံကြည်သူတွေတိုးပွားလာမှာပါ။ အခုလို မင်းမဲ့စရိုက်ဆန်ဆန် အုပ်စုလိုက် ဆူပူလှုံ့ဆော်နေတာမျိုးကိုတော့ အစ်မက အားမပေးဘူး" ဟု ကုန်စိမ်းရောင်းသူ မနု(အမည်လွှဲ)က ပြောသည်။

အဆုံးသတ်မသေချာမရေရာသော CDM ပြုလုပ်နေကြသော နိုင်ငံ့ဝန်ထမ်းများ အချိန်မနှောင်းခင် အမြင်မှန်ရပြီး မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်တာဝန်ထမ်းဆောင်ကြရန်၊ မောင်မောင်ခေါ်တုန်း ဗျာထူးကြရန်နှင့် မိမိတို့၏ အဖျက်အမှောင့်လုပ်ငန်းများ၊ စိတ်ဓာတ်များ၊ လုပ်ရပ်များ ရပ်တန်းကရပ်ကြရန် စေတနာဖြင့် တိုက်တွန်းနှိုးဆော်ရပါကြောင်း။

**လင်းလက်ထွန်း**

---

ကြေးမုံ **အယ်ဒီတာ့ထံ ပေးစာ**

## ဘူဒိုဇာ operation ဆောင်ရွက်ပေးပါ ..

**အယ်ဒီတာခင်ဗျား-**

ကျွန်တော်တို့ ရန်ကုန်မြို့ကြီးကို ပစ်မထားကြပါနဲ့ခင်ဗျာ။ အင်မတန်လှပတဲ့ မြို့ကြီးအဖြစ် ကျွန်တော်တို့ ဂုဏ်ယူခဲ့ရတယ်။ ကြည်နူးခဲ့ကြရပါတယ်။ ရွှေတိဂုံစေတီကြီးရဲ့ ထီးရိပ်အောက်မှာ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နေခဲ့ရတဲ့ ကျွန်တော်တို့မြို့ကြီးဟာ အခုတော့ မြို့ပျက်ကြီး / မြို့ဟောင်းကြီးအဖြစ် အနိဋ္ဌာရုံတွေ ဖုံးလွှမ်းနေခဲ့ပါပြီ။ လမ်းတိုင်းလိုလိုဟာ ဝါးကပ်စုတ်တွေ ၊ သဲအိတ်ဟောင်းတွေ၊ တာယာဟောင်းတွေ စုပုံပြီး ယာဉ်တွေ / လူတွေ ဝင်လို့မရအောင် တားဆီးထားနေကြပါတယ်။

ဒါ့အပြင် ရပ်ကွက်ထဲ လမ်းထဲမှာ ဘယ်သူ့ကို ကြောက်ရမှန်းမသိအောင် ဖြစ်နေပြီး တစ်အိမ်တစ်ယောက်ထွက်ခိုင်းလိုက်၊ ဟိုကြေး ဒီကြေးတွေကောက်လိုက်နဲ့ ကျွန်တော်တို့ အလွန်ဒုက္ခရောက်နေကြပါပြီ။ ကျွန်တော်တို့ဘဝကို တာဝန်ရှိသူတွေ မြင်စေတွေ့စေချင်ပါပြီ။

အခုလောလောဆယ် လုပ်ပေးစေချင်တာက လမ်းတွေမှာ တားဆီးပိတ်ဆို့ထားတဲ့ သဲအိတ်တွေ၊ ဝါးကပ်တွေ၊ ပစ္စည်းဟောင်းတွေကို ဖယ်ရှားပြီး ယာဉ်တွေ၊ ကားတွေ ဝင်လို့၊ သွားလို့ရအောင် လုပ်ပေးကြစေချင်ပါတယ်။

တကယ်တော့ အခုလို လမ်းတွေပိတ်တာဟာ စစ်ကား၊ ရဲကားတွေ ဝင်လို့မရအောင် လုပ်ကြတာပါ။ စစ်ကားရဲကားတွေဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ် လုံခြုံရေးကို ဆောင်ရွက်ပေးနေသူတွေဖြစ်တဲ့အတွက် လူကောင်းသူကောင်းတွေမှန်ရင် ကြောက်စရာလိုမယ် မထင်ပါဘူး။

လူဆိုးလူညစ်တွေကသာ ကြောက်ကြရတာ ဖြစ်ပါတယ်။ အခုလို လမ်းတွေပိတ်ထားတော့ လူနာတွေသယ်မယ့် ဆေးရုံကားတွေ၊ မီးသတ်ကားတွေ၊ ခရီးသည်ကားတွေ သွားလာလို့မရဘဲ ဒုက္ခတွေ့နေကြပါတယ်။

ဒီအခြေအနေကို တာဝန်ရှိသူတွေအနေနဲ့ ကြည့်မနေသင့်ပါဘူး။ ဘူဒိုဇာ operation တစ်ခု အသွင်ဆောင်ရွက်ပြီး လမ်းတွေဖွင့်ပေးကြပါ။ လမ်းပေါ်က အမှိုက်တွေ ရှင်းပေးကြပါ။ ကျွန်တော်တို့ ရန်ကုန်မြို့ကြီးကို မြို့ပျက် / မြို့ဟောင်းကြီး ပုံသဏ္ဌာန်မှ ကယ်တင်ပေးကြပါလို့ အယ်ဒီတာ့ထံပေးစာကဏ္ဍမှ အသိပေးတင်ပြအပ်ပါတယ်ခင်ဗျာ။

**ရန်ကုန်သားတစ်ဦး**

---

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၄၀၇၆၀ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၇၀၇၉၂ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၀၀၅၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၉၁ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၇၂၇၆ ဦး ဖြစ်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၃၇၂၃၀ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၇၇၆၈၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၇၄၄၀ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၅၅ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၉၀၅၄ ဦး ဖြစ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၇၀၇၅၃ ဦး ဖြစ်ပြီး အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၅၈၇၀၈ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၇၄၆ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၉ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၂၀၈၄ ဦး ဖြစ်သည်။

၅။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မဲရုံပေါင်း ၁၁၉ ရုံ | ၁၄၀၇၆၀ | ၇၀၇၉၂ | ၂၀၀၅၉ | ၂၉၁ | ၇၂၇၆ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မဲရုံပေါင်း ၁၉၆ ရုံ | ၂၃၇၂၃၀ | ၁၇၇၆၈၇ | ၁၇၄၄၀ | ၂၅၅ | ၉၀၅၄ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် မဲရုံပေါင်း ၆၃ ရုံ | ၇၀၇၅၃ | ၅၈၇၀၈ | ၇၇၄၆ | ၃၉ | ၂၀၈၄ |

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ဒေါပုံမြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၇။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၃၇၈ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၈၆၈၇၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၁၄၅၆၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၇၂၃၀၆ ၊ မြေပြင်လက်ကျန် ၁၅၅၅၈၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၂၃၂၃ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၆၀၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပို ရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | မဲရုံပေါင်း | ထုတ်ယူ ရရှိ | အသုံးပြုပြီး | ကျန်ရမည့် အရေအတွက် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ထန်းတပင်မြို့နယ် | ၁၁၉ | ၁၄၇၄၃၃ | ၁၀၄၄၅၄ | ၄၂၉၇၉ | ၄၂၁၅၈ | ၂၃၃၆ | ၁၅၁၅ |
| ၂ | အင်းစိန်မြို့နယ် | ၁၉၆ | ၂၆၁၃၅၀ | ၁၆၅၅၁၀ | ၉၅၈၄၀ | ၈၂၈၀၆ | ၁၆၅၂၆ | ၃၄၉၂ |
| ၃ | ဒေါပုံမြို့နယ် | ၆၃ | ၇၈၀၈၇ | ၄၄၆၀၀ | ၃၃၄၈၇ | ၃၀၆၂၀ | ၃၄၆၁ | ၅၉၄ |
| စုစုပေါင်း | | ၃၇၈ | ၄၈၆၈၇၀ | ၃၁၄၅၆၄ | ၁၇၂၃၀၆ | ၁၅၅၅၈၄ | ၂၂၃၂၃ | ၅၆၀၁ |

၈။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ မဲရုံပေါင်း ၁၁၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၇၄၃၃ ရွက်၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၄၄၅၄ ရွက် ဖြစ်ပြီး ကျန်ရှိရမည့်အရေအတွက်မှာ ၄၂၉၇၉ ရွက် ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၂၁၅၈ ရွက်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ ကျေး မဲလက်မှတ် | ၁၄၄၂၀၀ | ၁၀၄၁၁၁ | ၄၀၀၈၉ | ၃၇၉၈၈ | ၂၃၃၆ | ၂၃၅ |
| ၂ | မြို့နယ်မဲလက်မှတ် | ၃၂၃၃ | ၃၄၃ | ၂၈၉၀ | ၃၄၈၆ | - | ၅၉၆ |
| ၃ | မြို့နယ်လက်ကျန် (ရပ်/ကျေးမှ အပ်) | - | - | - | ၆၈၄ | - | ၆၈၄ |
| စုစုပေါင်း | | ၁၄၇၄၃၃ | ၁၀၄၄၅၄ | ၄၂၉၇၉ | ၄၂၁၅၈ | ၂၃၃၆ | ၁၅၁၅ |

၉။ ထန်းတပင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၂၃ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၂၃၃၆ ရွက် လျော့နည်းပျောက်ဆုံးနေပြီး ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ မဲရုံများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသည့် မဲလက်မှတ်အရေအတွက်ထက် ၂၃၅ ရွက် ပိုမိုအသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၂၈၉၀ ရွက် ဖြစ်သော်လည်း မြေပြင်တွင် ၃၄၈၆ ရွက် ကျန်ရှိနေပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသည့် အရေအတွက်ထက် ၅၉၆ ရွက် ပိုမိုနေပါသည်။ ထို့ပြင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရပ်ကွက်/ ကျေးရွာအုပ်စုအချို့မှ ပြန်လည်အပ်နှံထားသည့် မဲလက်မှတ်အရေအတွက် ၆၈၄ ရွက် ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၀။ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ် ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက် ဆုံး | ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ် (၁) ရပ်ကွက် | ၁ | ၁၉၅၀ | ၁၄၇၇ | ၄၇၃ | ၄၅၄ | ၁၉ | - |
| ၂ | အမှတ် (၂) ရပ်ကွက် | ၁ | ၁၃၅၀ | ၁၁၁၅ | ၂၃၅ | ၂၃၅ | - | - |
| ၃ | အမှတ် (၃) ရပ်ကွက် | ၁ | ၂၅၀၀ | ၁၆၅၇ | ၈၄၃ | ၇၉၄ | ၄၉ | - |
| ၄ | အမှတ် (၄) ရပ်ကွက် | ၁ | ၁၂၀၀ | ၉၀၆ | ၂၉၄ | ၂၉၄ | - | - |
| ၅ | အမှတ် (၅) ရပ်ကွက် | ၁ | ၇၅၀ | ၅၄၂ | ၂၀၈ | ၂၀၈ | - | - |
| ၆ | ကလိန်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၉၅ | ၁၅၅ | ၁၅၅ | - | - |
| ၇ | ကျားဟုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၇၃ | ၁၂၇ | ၁၂၇ | - | - |
| ၈ | ငှက်သိုက်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၃၉၇ | ၃၅၃ | ၃၅၃ | - | - |
| ၉ | ဆတ်ကလေးကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၉၇ | ၁၅၃ | ၁၅၃ | - | - |
| ၁၀ | တူးချောင်းကျေးရွာအုပ်စု | ၃ | ၆၅၅၀ | ၄၀၈၀ | ၂၄၇၀ | ၂၄၂၂ | ၄၈ | - |
| ၁၁ | တက်သစ်ကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၂၀၈၉ | ၇၁၁ | ၇၁၆ | - | ၅ |
| ၁၂ | တံတားဦးကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၂၄၄ | ၅၅၆ | ၅၃၈ | ၁၈ | - |
| ၁၃ | ထိန်ကုန်းကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၀၂၈ | ၇၂၂ | ၄၇၁ | ၂၅၁ | - |
| ၁၄ | ထိန်နှစ်ပင်ကျေးရွာအုပ်စု | ၄ | ၅၆၀၀ | ၄၃၁၃ | ၁၂၈၇ | ၁၂၁၆ | ၇၁ | - |
| ၁၅ | ဒိတ်ကုန်းကျေးရွာအုပ်စု | ၂ | ၄၀၀၀ | ၂၉၅၁ | ၁၀၄၉ | ၁၀၄၉ | - | - |
| ၁၆ | ဓနဲရိုကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၂၄၄၇ | ၇၀၃ | ၇၀၃ | - | - |
| ၁၇ | ပရွှတ်ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၂၅၄ | ၂၄၆ | ၂၆၄ | - | ၁၈ |
| ၁၈ | ပက်အင်းကလေးကျေးရွာ အုပ်စု | ၁ | ၆၅၀ | ၅၉၁ | ၅၉ | ၅၉ | - | |
| ၁၉ | ရခိုင်ရိုးကြီးကျေးရွာအုပ်စု | ၁၁ | ၂၃၉၅၀ | ၁၂၁၄၁ | ၁၁၈၀၉ | ၁၁၆၆၅ | ၁၄၄ | - |
| ၂၀ | ရိုးခွကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၅၇ | ၁၄၃ | ၁၄၃ | - | - |
| ၂၁ | ဝါးတရာကျေးရွာအုပ်စု | ၂ | ၅၅၀၀ | ၃၈၄၉ | ၁၆၅၁ | ၁၅၀၁ | ၁၅၀ | - |
| ၂၂ | သံပုရာခုံကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၂၃၅၀ | ၃၅၀ | ၃၅၂ | - | ၂ |
| ၂၃ | အစုကြီးကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၇၈၉ | ၄၆၁ | ၄၆၁ | - | - |
| ၂၄ | ကတွယ်ကျေးရွာအုပ်စု | ၃ | ၃၅၀၀ | ၂၉၇၃ | ၅၂၇ | ၅၂၈ | - | ၁ |
| ၂၅ | ချောင်းညီအကိုကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၁၀၁၆ | ၁၈၄ | ၁၈၂ | ၂ | - |
| ၂၆ | စန္ဒယော်ကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၂၅၂ | ၆၉၈ | ၃၀၀ | ၃၉၈ | - |
| ၂၇ | ဒေါင့်ကြီးကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၁၈၄ | ၁၁၆ | ၁၆၆ | - | ၅၀ |
| ၂၈ | နဲပျောကျေးရွာအုပ်စု | ၂ | ၇၅၀ | ၆၁၉ | ၁၃၁ | ၁၃၁ | - | - |
| ၂၉ | ပန်းတိုင်ကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၈၁၅ | ၈၈၅ | ၅၈၅ | ၃၀၀ | - |

စာမျက်နှာ ၁၈ သို့ ☆

☆ စာမျက်နှာ ၁၇ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ် ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက် ဆုံး | ပို |
|---|---|---|---|---|---|---|---|---|
| ၃၀ | မရွှေဥကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၉၆၀ | ၈၉၀ | ၈၅၀ | ၄၀ | - |
| ၃၁ | မြဂုံကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၁၇ | ၃၈၃ | ၃၈၃ | - | - |
| ၃၂ | ကြိမ်ပိုက်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၇၄၇ | ၁၀၃ | ၂၀၃ | - | ၁၀၀ |
| ၃၃ | ရေစိုကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၁၂၁ | ၂၂၉ | ၂၃၁ | - | ၂ |
| ၃၄ | ကမြိုင်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၀၉၈ | ၁၀၅၂ | ၈၀၂ | ၂၅၀ | - |
| ၃၅ | ကုန်းလှည်းဆိပ်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၇၈ | ၃၂၂ | ၃၂၂ | - | - |
| ၃၆ | ကျူတောကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၈၆၀ | ၆၄၀ | ၆၄၀ | - | - |
| ၃၇ | ကြမန်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၄၃ | ၂၀၇ | ၂၀၇ | - | - |
| ၃၈ | ကြာအင်းကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၄၇၈ | ၄၂၂ | ၃၂၂ | ၁၀၀ | - |
| ၃၉ | ကွဲကူးကျေးရွာအုပ်စု | ၄ | ၃၇၀၀ | ၂၈၇၄ | ၈၂၆ | ၇၉၇ | ၂၉ | - |
| ၄၀ | စံကင်းကြီးကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၉၀၁ | ၂၄၉ | ၂၄၉ | - | - |
| ၄၁ | ညွန့်ပေါင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၇၇ | ၁၂၃ | ၁၂၃ | - | - |
| ၄၂ | တလိုင်မှီကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၅၀၅ | ၅၉၅ | ၆၀၁ | - | ၆ |
| ၄၃ | တော်လတဲ့ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၁၁ | ၁၈၉ | ၁၈၉ | - | - |
| ၄၄ | ဓါတ်တော်ကုန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၆၈ | ၂၃၂ | ၂၃၂ | - | - |
| ၄၅ | နဲ့သမိန်ကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၂၂၃၉ | ၅၁၁ | ၅၁၁ | - | - |
| ၄၆ | ဖိုးနတ်ပေးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၃၄ | ၁၁၆ | ၁၁၆ | - | - |
| ၄၇ | ဘောလည်ကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၂၀၉၄ | ၅၀၆ | ၅၀၆ | - | - |
| ၄၈ | မဲပလီကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၀၉ | ၅၄၁ | ၃၉၁ | ၁၅၀ | - |
| ၄၉ | ရေတွင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၁၉ | ၃၈၁ | ၃၄၆ | ၃၅ | - |
| ၅၀ | ရေဖြူကျေးရွာအုပ်စု | ၄ | ၃၃၀၀ | ၂၇၁၇ | ၅၈၃ | ၅၅၈ | ၂၅ | - |
| ၅၁ | ရေပေါ်သောင်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၆၇ | ၈၃ | ၈၅ | - | ၂ |
| ၅၂ | ဘူးသန္တတ်ကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၇၉၆ | ၂၅၄ | ၂၅၄ | - | - |
| ၅၃ | ရွှေကြာဖျိုက်ကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၁၇၂ | ၇၇၈ | ၇၇၇ | ၁ | - |
| ၅၄ | လမုတန်းကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၂၀၈၂ | ၄၁၈ | ၄၁၇ | ၁ | - |
| ၅၅ | လှည်းဆိပ်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၃၈ | ၆၁၂ | ၄၁၂ | ၂၀၀ | - |
| ၅၆ | သဘော့ချောင်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၇၂ | ၄၇၈ | ၄၇၈ | ၀ | - |
| ၅၇ | အတွင်းရေကျော်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၃၉၈ | ၃၅၂ | ၃၅၀ | ၂ | - |
| ၅၈ | အပြင်ရေကျော်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၄၂၅ | ၂၅ | ၇၄ | - | ၄၉ |
| ၅၉ | အလိန်လည်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၁၀ | ၃၉၀ | ၃၃၇ | ၅၃ | - |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၁၁၉ | ၁၄၄၂၀၀ | ၁၀၄၁၁၁ | ၄၀၀၈၉ | ၃၇၉၈၈ | ၂၃၃၆ | ၂၃၅ |
| | မြို့နယ်မဲလက်မှတ် | - | ၃၂၃၃ | ၃၄၃ | ၂၈၉၀ | ၃၄၈၆ | - | ၅၉၆ |
| | မြို့နယ်လက်ကျန် (ရပ်/ကျေးမှ အပ်) | - | - | - | - | ၆၈၄ | - | ၆၈၄ |
| | မြို့နယ်ချုပ် စုစုပေါင်း | - | ၁၄၇၄၃၃ | ၁၀၄၄၅၄ | ၄၂၉၇၉ | ၄၂၁၅၈ | ၂၃၃၆ | ၁၅၁၅ |

၁၁။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် ရပ်ကွက် ၂၁ ရပ်ကွက်၊ မဲရုံပေါင်း ၁၉၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၁၃၅၀ ရွက်၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၅၅၁၀ ရွက်ဖြစ်ပြီး ကျန်ရှိရမည့်အရေအတွက်မှာ ၉၅၈၄၀ ရွက်ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၂၈၀၆ ရွက်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၄၇၈၅၀ | ၁၆၂၅၅၀ | ၈၅၃၀၀ | ၆၉၇၂၈ | ၁၆၅၂၆ | ၉၅၄ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၃၅၀၀ | ၂၉၆၀ | ၁၀၅၄၀ | ၁၀၅၄၀ | - | - |
| ၃ | မြို့နယ်လက်ကျန် (ရပ်/ကျေးမှအပ်) | - | - | ၂၅၃၈ | - | ၂၅၃၈ | - |
| | စုစုပေါင်း | ၂၆၁၃၅၀ | ၁၆၅၅၁၀ | ၉၅၈၄၀ | ၈၂၈၀၆ | ၁၆၅၂၆ | ၃၄၉၂ |

၁၂။ အင်းစိန်မြို့နယ်၊ ရပ်ကွက် ၁၈ ရပ်ကွက်ရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၆၅၂၆ ရွက် လျော့နည်းပျောက်ဆုံးနေပြီး ရပ်ကွက် သုံးရပ်ကွက်ရှိ မဲရုံများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသည့် မဲလက်မှတ်အရေအတွက်ထက် ၉၅၄ ရွက် ပိုမိုအသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရပ်ကွက်အချို့မှ ပြန်လည်အပ်နှံထားသည့် မဲလက်မှတ်အရေအတွက် ၂၅၃၈ ရွက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၃။ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်အမည် | မဲရုံ ပေါင်း | ထုတ် ပေး | သုံးစွဲ | ကျန်ရမည့် ရွက်ရေ | မြေပြင် လက်ကျန် | ပျောက် ဆုံး | ပို |
|---|---|---|---|---|---|---|---|---|
| ၁ | ကွက်သစ်ရပ်ကွက် | ၄ | ၂၄၅၀ | ၁၃၉၇ | ၁၀၅၃ | ၈၁၄ | ၂၃၉ | - |
| ၂ | ပေါက်တောရပ်ကွက် | ၄ | ၄၇၀၀ | ၃၇၅၃ | ၉၄၇ | ၁၆၄၇ | - | ၇၀၀ |
| ၃ | စော်ဘွားကြီးကုန်းရပ်ကွက် | ၁၂ | ၁၇၄၅၀ | ၁၁၁၉၈ | ၆၂၅၂ | ၆၁၄၂ | ၁၁၀ | - |
| ၄ | ရွာမ(အနောက်)ရပ်ကွက် | ၂၆ | ၂၈၁၀၀ | ၁၈၈၂၁ | ၉၂၇၉ | ၅၄၉၇ | ၃၇၈၂ | - |
| ၅ | ဖော့ကန်ရပ်ကွက် | ၁၉ | ၂၀၄၅၀ | ၁၄၂၈၅ | ၆၁၆၅ | ၆၄၁၅ | - | ၂၅၀ |
| ၆ | စဉ့်ငူရပ်ကွက် | ၁၄ | ၁၈၉၀၀ | ၁၂၀၅၃ | ၆၈၄၇ | ၄၇၃၂ | ၂၁၁၅ | - |
| ၇ | အောင်ဆန်းရပ်ကွက် | ၁၁ | ၁၅၇၀၀ | ၁၀၀၆၇ | ၅၆၃၃ | ၄၉၁၉ | ၇၁၄ | - |
| ၈ | တညင်းကုန်းရပ်ကွက် | ၁၀ | ၁၈၆၅၀ | ၁၁၃၈၅ | ၇၂၆၅ | ၆၆၂၇ | ၆၃၈ | - |
| ၉ | ကမ်းနား(အနောက်) ရပ်ကွက် | ၅ | ၆၆၀၀ | ၄၆၆၂ | ၁၉၃၈ | ၁၃၄၂ | ၅၉၆ | - |
| ၁၀ | ကမ်းနား(အလယ်) ရပ်ကွက် | ၁၀ | ၁၃၁၀၀ | ၇၁၂၅ | ၅၉၇၅ | ၄၈၁၆ | ၁၁၅၉ | - |
| ၁၁ | ဈေးကုန်း(အနောက်) ရပ်ကွက် | ၂ | ၂၁၅၀ | ၁၅၃၆ | ၆၁၄ | ၆၁၈ | - | ၄ |
| ၁၂ | ဈေးကုန်း(အရှေ့)ရပ်ကွက် | ၅ | ၆၇၅၀ | ၄၄၈၀ | ၂၂၇၀ | ၁၆၈၃ | ၅၈၇ | - |
| ၁၃ | ပိန်းနဲကုန်းရပ်ကွက် | ၆ | ၈၁၀၀ | ၅၃၁၇ | ၂၇၈၃ | ၂၃၄၈ | ၄၃၅ | - |
| ၁၄ | မြို့သစ်(က+ခ)ရပ်ကွက် | ၁၀ | ၁၃၉၅၀ | ၉၅၈၀ | ၄၃၇၀ | ၃၈၃၉ | ၅၃၁ | - |
| ၁၅ | မြို့သစ်(ဂ)ရပ်ကွက် | ၅ | ၆၂၀၀ | ၄၈၂၀ | ၁၃၈၀ | ၁၁၁၉ | ၂၆၁ | - |
| ၁၆ | ကြို့ကုန်း(အနောက်) ရပ်ကွက် | ၉ | ၁၀၁၀၀ | ၆၉၄၂ | ၃၁၅၈ | ၂၆၆၉ | ၄၈၉ | - |
| ၁၇ | ကြို့ကုန်း(အရှေ့)ရပ်ကွက် | ၁၀ | ၁၀၉၅၀ | ၇၅၁၃ | ၃၄၃၇ | ၂၈၄၄ | ၅၉၃ | - |
| ၁၈ | နံ့သာကုန်းရပ်ကွက် | ၈ | ၁၀၃၅၀ | ၆၀၁၉ | ၄၃၃၁ | ၃၅၈၁ | ၇၅၀ | - |
| ၁၉ | တောင်သူကုန်းရပ်ကွက် | ၁၂ | ၁၇၄၅၀ | ၁၀၈၂၄ | ၆၆၂၆ | ၅၆၃၃ | ၉၉၃ | - |
| ၂၀ | ရွာမ(အရှေ့)ရပ်ကွက် | ၁၁ | ၁၂၂၅၀ | ၈၀၈၃ | ၄၁၆၇ | ၁၇၃၃ | ၂၄၃၄ | - |
| ၂၁ | ရွာမ(အလယ်)ရပ်ကွက် | ၃ | ၃၅၀၀ | ၂၆၉၀ | ၈၁၀ | ၇၁၀ | ၁၀၀ | - |
| | ရပ်ကွက်ချုပ် စုစုပေါင်း | ၁၉၆ | ၂၄၇၈၅၀ | ၁၆၂၅၅၀ | ၈၅၃၀၀ | ၆၉၇၂၈ | ၁၆၅၂၆ | ၉၅၄ |
| | မြို့နယ်မဲလက်မှတ် | - | ၁၃၅၀၀ | ၂၉၆၀ | ၁၀၅၄၀ | ၁၀၅၄၀ | - | - |
| | မြို့နယ်လက်ကျန် (ရပ်/ကျေးမှ အပ်) | - | - | - | - | ၂၅၃၈ | - | ၂၅၃၈ |
| | မြို့နယ်ချုပ် စုစုပေါင်း | - | ၂၆၁၃၅၀ | ၁၆၅၅၁၀ | ၉၅၈၄၀ | ၈၂၈၀၆ | ၁၆၅၂၆ | ၃၄၉၂ |

၁၄။ ဒေါပုံမြို့နယ်တွင် မဲရုံပေါင်း ၆၃ ရုံရှိပြီး စုစုပေါင်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ် ၇၈၀၈၇ အနက် ၇၅၆၃၇ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၅၀၀ စောင်အား မြို့နယ် ကြိုတင်မဲလက်မှတ်နှင့် ၁၉၅၀ စောင်အား မြို့နယ်လက်ကျန်(အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေး အသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။

**ဒေါပုံမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၇၅၆၃၇ | ၄၄၁၀၀ | ၃၁၅၃၇ | ၂၈၆၇၀ | ၃၄၆၁ | ၅၉၄ |
| ၂ | မြို့နယ်မဲလက်မှတ် | ၅၀၀ | ၅၀၀ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန် | ၁၉၅၀ | - | ၁၉၅၀ | ၁၉၅၀ | - | - |
| | စုစုပေါင်း | ၇၈၀၈၇ | ၄၄၆၀၀ | ၃၃၄၈၇ | ၃၀၆၂၀ | ၃၄၆၁ | ၅၉၄ |

၁၅။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ဒေါပုံမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေးမဲလက်မှတ်များ ထုတ်ယူရရှိမှုမှာ ၇၅၆၃၇ ဖြစ်ပြီး ၄၄၁၀၀ စောင် ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၁၅၃၇ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၈၆၇၀ စောင်သာ စစ်ဆေးတွေ့ရှိရပါသည်။

၁၆။ မဲရုံတစ်ခုချင်းအလိုက် စိစစ်တွေ့ရှိချက်အရ မဲရုံ ၃၇ ရုံတွင် မဲလက်မှတ် ၃၄၆၁ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၁၇ ရုံတွင် မဲလက်မှတ် ၅၉၄ စောင် အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၇။ မြေပြင်စစ်ဆေးချက်အရ မြို့နယ်ကြိုတင်မဲလက်မှတ် ၅၀၀ စောင်အား ကြိုတင်မဲအဖြစ် ဆန္ဒမဲပေး အသုံးပြုထားခဲ့သည်ကို တွေ့ရှိရပြီး မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ် ၁၉၅၀ စောင်အား အသုံးမပြုရသေးသည့် မဲလက်မှတ်များအဖြစ် တွေ့ရှိရသဖြင့် မြေပြင်ကွာဟချက် မရှိကြောင်း တွေ့ရှိရပါသည်။

၁၈။ ဒေါပုံမြို့နယ် တစ်ခုလုံးတွင် ထုတ်ယူရရှိခဲ့သည့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ၇၈၀၈၇ စောင် အနက် ၄၄၆၀၀ စောင်အား ဆန္ဒမဲပေးအသုံးပြုခဲ့ကြောင်းတွေ့ရှိရပြီး ဆန္ဒမဲလက်မှတ်ပေါင်း ၃၀၆၂၀ စောင်ကို အသုံးမပြုဘဲကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင် စစ်ဆေးတွေ့ရှိရပါသည်။

စာမျက်နှာ ၁၉ သို့ ✻

❋ စာမျက်နှာ ၁၈ မှ

၁၉။ ဒေါပုံမြို့နယ် မဲရုံတစ်ခုချင်းစီအလိုက် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရရှိ၊ သုံးစွဲ၊ လက်ကျန် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်/ကျေး အမည် | မဲရုံ အမှတ် | ထုတ်ပေး | မြေပြင်စစ်ဆေးတွေ့ရှိ | | | ပျောက် ဆုံး | ပို |
|---|---|---|---|---|---|---|---|---|
| | | | | သုံးစွဲ | လက်ကျန် | ပေါင်း | | |
| ၁ | ဗမာအေးရပ်ကွက် | ၁ | ၁၂၅၀ | ၇၈၀ | ၄၂၀ | ၁၂၀၀ | ၅၀ | |
| | | ၂ | ၁၃၀၀ | ၇၇၈ | ၄၇၄ | ၁၂၅၂ | ၄၈ | |
| | | ၃ | ၁၃၅၀ | ၈၂၈ | ၅၇၂ | ၁၄၀၀ | - | ၅၀ |
| | | ၄ | ၁၃၀၀ | ၇၇၄ | ၄၇၄ | ၁၂၄၈ | ၅၂ | |
| | | ၅ | ၁၄၀၀ | ၇၁၅ | ၅၄၅ | ၁၂၆၀ | ၁၄၀ | - |
| ၂ | နွယ်အေးရပ်ကွက် | ၁ | ၁၄၀၀ | ၆၂၅ | ၅၇၄ | ၁၁၉၉ | ၂၀၁ | |
| | | ၂ | ၁၃၅၀ | ၅၈၂ | ၆၂၈ | ၁၂၁၀ | ၁၄၀ | |
| | | ၃ | ၁၃၅၀ | ၇၂၂ | ၅၇၈ | ၁၃၀၀ | ၅၀ | |
| | | ၄ | ၁၂၅၀ | ၄၇၂ | ၇၃၁ | ၁၂၀၃ | ၄၇ | |
| | | ၅ | ၁၇၅၀ | ၈၉၂ | ၈၀၉ | ၁၇၀၁ | ၄၉ | |
| | | ၆ | ၁၂၅၀ | ၅၉၆ | ၅၅၄ | ၁၁၅၀ | ၁၀၀ | |
| | | ၇ | ၁၃၅၀ | ၇၁၈ | ၄၃၂ | ၁၁၅၀ | ၂၀၀ | |
| | | ၈ | ၁၆၅၀ | ၁၀၀၄ | ၄၄၆ | ၁၄၅၀ | ၂၀၀ | |
| | | ၉ | ၁၈၅၀ | ၈၀၂ | ၈၉၈ | ၁၇၀၀ | ၁၅၀ | |
| | | ၁၀ | ၁၄၀၀ | ၆၉၅ | ၆၀၇ | ၁၃၀၂ | ၉၈ | |
| | | ၁၁ | ၁၉၀၀ | ၁၀၂၅ | ၉၇၅ | ၂၀၀၀ | | ၁၀၀ |
| | | ၁၂ | ၁၄၅၀ | ၇၃၅ | ၆၁၅ | ၁၃၅၀ | ၁၀၀ | |
| ၃ | ဗိုလ်ထွန်းဇံရပ်ကွက် | ၁ | ၉၅၀ | ၁၂၁ | ၇၅၈ | ၈၇၉ | ၇၁ | |
| | | ၂ | ၁၁၅၀ | ၇၀၉ | ၄၄၇ | ၁၁၅၆ | | ၆ |
| | | ၃ | ၁၁၅၀ | ၆၈၃ | ၄၆၉ | ၁၁၅၂ | | ၂ |
| | | ၄ | ၁၁၅၀ | ၇၈၆ | ၃၆၆ | ၁၁၅၂ | | ၂ |
| | | ၅ | ၁၂၀၀ | ၇၆၈ | ၁၃၂ | ၉၀၀ | ၃၀၀ | |
| | | ၆ | ၁၀၀၀ | ၆၀၄ | ၂၉၆ | ၉၀၀ | ၁၀၀ | |
| | | ၇ | ၉၀၀ | ၄၁၅ | ၂၈၅ | ၇၀၀ | ၂၀၀ | |
| ၄ | ကြည်စုရပ်ကွက် | ၁ | ၁၁၀၀ | ၆၀၈ | ၄၉၂ | ၁၁၀၀ | | |
| | | ၂ | ၁၈၀၀ | ၁၁၂၈ | ၆၇၄ | ၁၈၀၂ | | ၂ |
| | | ၃ | ၁၃၀၀ | ၇၄၇ | ၅၀၃ | ၁၂၅၀ | ၅၀ | |
| | | ၄ | ၁၄၅၀ | ၉၂၅ | ၅၂၇ | ၁၄၅၂ | | ၂ |
| | | ၅ | ၁၅၀၀ | ၈၆၉ | ၅၈၁ | ၁၄၅၀ | ၅၀ | |
| ၅ | မြို့သစ်ရပ်ကွက် | ၁ | ၁၁၀၀ | ၇၄၁ | ၄၀၉ | ၁၁၅၀ | | ၅၀ |
| | | ၂ | ၉၀၀ | ၆၁၁ | ၂၃၉ | ၈၅၀ | ၅၀ | |
| | | ၃ | ၉၀၀ | ၅၆၁ | ၃၃၉ | ၉၀၀ | | |
| ၆ | ဆေးစက်ရပ်ကွက် | ၁ | ၁၁၀၀ | ၇၂၆ | ၃၇၂ | ၁၀၉၈ | ၂ | |
| | | ၂ | ၁၁၀၀ | ၆၁၆ | ၅၃၆ | ၁၁၅၂ | | ၅၂ |
| | | ၃ | ၈၅၀ | ၄၉၈ | ၃၅၄ | ၈၅၂ | | ၂ |
| ၇ | ပုသိမ်မြေရပ်ကွက် | ၁ | ၈၅၀ | ၅၇၀ | ၂၈၀ | ၈၅၀ | | |
| | | ၂ | ၉၀၀ | ၅၉၃ | ၃၀၇ | ၉၀၀ | | |
| | | ၃ | ၈၅၀ | ၅၅၉ | ၂၉၁ | ၈၅၀ | | |
| ၈ | ဝါဆိုရပ်ကွက် | ၁ | ၁၀၅၀ | ၆၆၅ | ၁၈၅ | ၈၅၀ | ၂၀၀ | |
| | | ၂ | ၁၀၅၀ | ၆၇၃ | ၃၇၇ | ၁၀၅၀ | | |
| | | ၃ | ၁၀၅၀ | ၇၁၀ | ၃၄၀ | ၁၀၅၀ | | |
| ၉ | အောင်ချမ်းသာရပ်ကွက် | ၁ | ၉၅၀ | ၄၉၇ | ၃၀၃ | ၈၀၀ | ၁၅၀ | |
| | | ၂ | ၇၅၀ | ၄၆၆ | ၃၃၄ | ၈၀၀ | | ၅၀ |
| ၁၀ | လမုတန်းရပ်ကွက် | ၁ | ၁၂၅၀ | ၈၃၀ | ၄၂၃ | ၁၂၅၃ | | ၃ |
| | | ၂ | ၆၅၀ | ၃၉၁ | ၁၅၈ | ၅၄၉ | ၁၀၁ | |
| ၁၁ | ယမုံနာ(၂)ရပ်ကွက် | ၁ | ၁၅၅၀ | ၉၇၆ | ၆၂၆ | ၁၆၀၂ | | ၅၂ |
| | | ၂ | ၁၂၅၀ | ၇၄၄ | ၅၀၆ | ၁၂၅၀ | | |
| | | ၃ | ၉၀၀ | ၅၄၁ | ၃၀၇ | ၈၄၈ | ၅၂ | |
| | | ၄ | ၉၅၀ | ၅၄၇ | ၃၅၃ | ၉၀၀ | ၅၀ | |
| | | ၅ | ၁၀၀၀ | ၅၉၉ | ၃၅၁ | ၉၅၀ | ၅၀ | |
| | | ၆ | ၁၃၅၀ | ၈၀၈ | ၅၃၉ | ၁၃၄၇ | ၃ | |
| ၁၂ | ယမုံနာ(၁)ရပ်ကွက် | ၁ | ၁၁၀၀ | ၇၂၉ | ၄၇၁ | ၁၂၀၀ | | ၁၀၀ |
| | | ၂ | ၁၀၀၀ | ၆၆၄ | ၃၄၀ | ၁၀၀၄ | | ၄ |
| | | ၃ | ၁၃၅၀ | ၈၉၉ | ၄၅၆ | ၁၃၅၅ | | ၅ |
| | | ၄ | ၁၀၀၀ | ၆၂၅ | ၂၅၁ | ၈၇၆ | ၁၂၄ | |
| ၁၃ | ဇေယျာသီရိရပ်ကွက် | ၁ | ၁၂၅၀ | ၈၂၇ | ၃၇၃ | ၁၂၀၀ | ၅၀ | |
| | | ၂ | ၁၄၀၀ | ၈၇၀ | ၄၇၉ | ၁၃၄၉ | ၅၁ | |
| | | ၃ | ၁၈၀၀ | ၁၁၂၉ | ၆၂၃ | ၁၇၅၂ | ၄၈ | |
| ၁၄ | သဘော်ကျင်းရပ်ကွက် | ၁ | ၁၀၃၇ | ၇၁၆ | ၄၃၃ | ၁၁၄၉ | | ၁၁၂ |
| | | ၂ | ၈၀၀ | ၄၆၈ | ၃၃၂ | ၈၀၀ | | |
| | | ၃ | ၁၂၀၀ | ၇၈၃ | ၄၁၆ | ၁၁၉၉ | ၁ | |
| | | ၄ | ၁၁၅၀ | ၇၄၅ | ၃၂၂ | ၁၀၆၇ | ၈၃ | |
| | | ၅ | ၁၀၅၀ | ၆၁၇ | ၃၈၃ | ၁၀၀၀ | ၅၀ | |
| | စုစုပေါင်း | ၇၅၆၃၇ | ၄၄၁၀၀ | ၂၈၆၇၀ | ၇၂၇၇၀ | ၃၄၆၁ | ၅၉၄ | |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ (၁၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် မတ် ၁၅**

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် SOCA ဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံတို့မှ ဦးဆောင်၍ ဒေသတွင်း ကိုဗစ်ကာလ အလွန် ပြန်လည်ထူထောင်ရေးနှင့် တုံ့ပြန်နိုင်စွမ်းအား မြင့်မားလာစေရေးလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ (၁၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များကို ယနေ့နံနက် ၈ နာရီခွဲက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အဆိုပါ ဆက်စပ်အစည်းအဝေးများအနက် ASCC Partnership Conference အစည်းအဝေးတွင် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးဆိုင်ရာ (SOMRDPE) အလုပ်အကိုင်ဥက္ကဋ္ဌ ဖြစ်သူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က တက်ရောက် ဆွေးနွေးရာတွင် အာဆီယံဒေသတွင်း ကိုဗစ်ကာလ အလွန် လူမှု-စီးပွားဘဝ ပြန်လည်ထူထောင်နိုင်ရန် နှင့် ပြည်သူလူထု၏ တုံ့ပြန်နိုင်စွမ်းအားမြင့်မားလာ စေရန်အတွက် SOMRDPE Sectoral Body မှ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်(၃)ရပ် နှင့် စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းလုပ်ငန်းစဉ်များ၊ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ် ဖြေရှင်းရေး လုပ်ငန်းစဉ်များနှင့် ကျေးလက်ဖွံ့ဖြိုးရေး အတွက် Stakeholders များမှ အသိပညာအတွေ့ အကြုံများ၊ ဆွေးနွေးညှိနှိုင်းဖလှယ်ရေးလုပ်ငန်းစဉ် များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသော အာဆီယံ နိုင်ငံများမှ Sectoral Bodies များက ကိုဗစ်ကာလ အလွန် ပြန်လည်ထူထောင်ရေးနှင့် တုံ့ပြန်နိုင်စွမ်းအား မြင့်မားလာစေရေးလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များ ဆွေးနွေး ခဲ့ပြီး အာဆီယံမိတ်ဖက်သံရုံးများမှ သံအမတ်ကြီးများ နှင့် ဒေသအတွင်းဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း များကလည်း ၎င်းတို့ကူညီပံ့ပိုးမည့် အကူအညီများ နှင့် လုပ်ငန်းစဉ်များကိုလည်း အဖွဲ့အလိုက် ဆွေးနွေး ပြောကြားသည်။

အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ဆိုင်ရာ (၁၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံဒေသတွင်း နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက် ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ၁၁-၃-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**(ယမန်နေ့မှအဆက်)**

ဆက်လက်၍ **VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ယခုဖြစ်စဉ်တွင် သတင်းသမားများကို ဖမ်းဆီးထားသည်မှာ ၃၀ ခန့် ရှိသွားပြီ ဖြစ်ကြောင်း၊ ၁၀ ဦးခန့်ကို အမှုဖွင့်ထားပြီး သတင်းစာတိုက် ခြောက်ခု ပိတ်ထားကြောင်း၊ ထုတ်ဝေခွင့်ရုပ်ထားသည်များလည်းရှိကြောင်း၊ ထိုကိစ္စများသည် လွတ်လပ်စွာပြောဆိုခွင့်ကို ပိတ်ပင်ခြင်းဖြစ်၍ နိုင်ငံတကာအလယ်တွင် အရှက်ရစရာဖြစ်ကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သွားနေပါသည်ဆိုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူ့အခွင့်အရေးကို ချိုးဖောက်သည်ဟု ယူဆပါသလား၊ သတင်းလွတ်လပ်ခွင့်အနေဖြင့် မည်သို့လုပ်ဆောင်ပေးသလဲ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် လူ့အခွင့်အရေးအကြောင်းပြောရမည်ဆိုပါက UDHR ကို ကိုင်ပြီးပြောရမည်ဖြစ်ကြောင်း၊ သတင်းသမားများ အမှုဖွင့်ထားမှု၊ သတင်းစာတိုက်များ ပိတ်ထားမှု၊ နိုင်ငံတကာအလယ်တွင် အရှက်ရစရာများ၊ နစကအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်သည်လား စသည်တို့ကို လူ့အခွင့်အရေးကြေညာစာတမ်းကိုသာ မူတည်ပြီးပြောသွားမည်ဖြစ်ကြောင်း၊ Universal Declaration of Human Rights မှာ မီဒီယာလွတ်လပ်ခွင့်ဖြင့် ပြောပါက Article 19 ကို မူတည်ပြီး ပြောကြကြောင်း၊ Article 19 အခွင့်အရေးကို လိုချင်ပါက Article 29 ကို လိုက်နာရမည်ဖြစ်ပြီး အဆက်အစပ်များရှိကြောင်း၊ Article 19 တွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ ထုတ်ဖော်ခွင့်ရှိကြောင်း၊ အခွင့်အရေးများကို အနှောင့်အယှက်ကင်းကင်းဖြင့် လွတ်လပ်စွာ စွဲကိုင်ပိုင်ခွင့်၊ သတင်းအချက်အလက်များနှင့် အတွေးအခေါ်အယူအဆများကို သတင်းမီဒီယာများမှတစ်ဆင့် နယ်နိမိတ်အပိုင်းအခြားမရှိ ရှာဖွေဆည်းပူး လက်ခံခွင့်၊ ဖြန့်ချိခွင့်ရှိသည်ဟု မီဒီယာများက ပြောကြကြောင်း၊ မိမိတို့အနေဖြင့်လည်း တန်ဖိုးထားလေးစားကြောင်း၊ သို့သော် ဒါကိုလိုချင်ပါက Article 29 ကို လိုက်နာရမည်ဖြစ်ကြောင်း၊ Article 29 တွင် မိမိ၏ အခွင့်အရေး၊ လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု လေးစားရန် အလို့ငှာ လည်းကောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် တရားမျှတသည့် လိုအပ်ချက်များဖြစ်သော ကိုယ်ကျင့်တရား၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြစ်ထွန်းစေရန်၊ ဖြည့်ဆည်းရန် အလို့ငှာလည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့်ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိဆိုလိုသည်မှာ မီဒီယာတိုင်းကို ကန့်သတ်နေမှုမရှိကြောင်း၊ သတင်းသမားတိုင်းကို အရေးယူမှုမရှိကြောင်း၊ သို့သော်လည်း ဖော်ပြချက်များ၊ ဆူပူဆန္ဒပြမှု မင်းမဲ့စရိုက်များဖြစ်ပေါ်လာအောင်လုပ်ကိုင်မှုများကို သည်းခံ၍မရဘဲ ငြိမ်းချမ်းသာယာရေးကို ထိခိုက်လာပါက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(က)တွင် မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့်ရှိသည်ဟုပြဋ္ဌာန်းထားကြောင်း၊ သို့သော် ၃၅၄ ၏အစကို ကြည့်ပါက နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာကျင့်သုံးနိုင်သည်ဟု ဖော်ပြထားကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူ့အကျိုး ကိုယ်ကျင့်တရားတို့အလို့ငှာ ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်ဥပဒေများကို ရေးသားဖော်ပြချက်များက မဆန့်ကျင်ရန်လိုကြောင်း၊ ဥပဒေများရှိပြီးဖြစ်ကြောင်း၊ မီဒီယာများနှင့် ပတ်သက်လာပါက ကန့်သတ်လိုခြင်းမရှိကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အနေဖြင့် မီဒီယာများသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်ကို အခိုင်အမာလက်ခံခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် ယခုအချိန်မျိုးတွင် မလေးရှားနိုင်ငံတွင် ဒုက္ခရောက်နေသည့် မိမိတို့နိုင်ငံသားများကို သွားခေါ်ခဲ့ကြောင်း၊ အလွန်ဒုက္ခရောက်နေသည်ကိုလည်း တွေ့ရကြောင်း၊ ဤသည်ကို တရားစွဲနိုင်ရန်အတွက် အဖွဲ့အစည်းတစ်ခုက အထောက်အထားရှာကြောင်း၊ အထောက်အကူပြုနိုင်ရန် မီဒီယာတစ်ခုက ကြိုးစားပမ်းစား သွားရောက်ရိုက်ကူးကြောင်း၊ သို့သော်လည်း တွေ့ခဲ့သည့်လူသည် ယခင်ကတည်းက အကျဉ်းကျခံထားရမှုများသည့်အတွက်ကြောင့် စိတ်ဂယောက်ဂယက်ဖြစ်နေကြောင်း၊ မလေးရှားနိုင်ငံတွင် နောက်ထပ် လူဦးရေထောင်ချီပြီး ကျန်နေသေးကြောင်း၊ ၎င်းတို့ကိုခေါ်ဆောင်လို၍ ကြိုးစားပမ်းစား လုပ်နေခြင်းဖြစ်ကြောင်း၊ ဆိုလိုသည်မှာ မီဒီယာများအနေဖြင့်လည်း ဆင်ခြင်ရန် လိုအပ်သည်ဟု ပြောလိုကြောင်း၊ မီဒီယာများ၏လွတ်လပ်ခွင့်၊ ဖော်ပြခွင့်များနှင့်ပတ်သက်ပြီး တန်ဖိုးထားလေးစားပါကြောင်း ရှင်းလင်းပြောကြားသည်။

**VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ဝန်ထမ်းများက အလုပ်မလုပ်ချင်၍ CDM လုပ်ဆောင်ကြကြောင်း၊ လက်ရှိတာဝန်ရှိသူများက ဖိနှိပ်မှုများ၊ ဖမ်းဆီးမှုများမလုပ်ဘဲ၊ စည်းရုံးသည့်ပုံစံမျိုး၊ စည်းရုံး၍မရမှ ဖမ်းဆီးသွားမည့် အစီအစဉ်များရှိပါသလားဟု မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က CDM လုပ်သည့် ဝန်ထမ်းများနှင့်ပတ်သက်ပြီး ဖမ်းဆီးမှုရှိကြောင်း၊ နံပါတ်(၁)က CDM လှုပ်ရှားမှုတွင်မပါဘဲ ကျန်ရှိသည့် ဝန်ထမ်းများကို ခြိမ်းခြောက်နေသော၊ ခေါင်းဆောင်နေသောသူများကိုသာ ဖမ်းဆီးကြောင်း၊ နံပါတ်(၂) CDM မဟုတ်ဘဲ လာဘ်ပေးလာဘ်ယူမှု၊ မသမာမှုများ ဖော်ထုတ်နေသည်မှာ အများကြီးရှိကြောင်း၊ ဤသည်ကို CDM ဆိုပြီး ရောချနေသည့် လူများရှိကြောင်း၊ ဖမ်းဆီးမှုများရှိသည်ကို ဝန်ခံကြောင်း၊ ယခုတက်ရောက်လာသည့် လူများသည် ဝန်ကြီးဌာနများတွင် ပြောရေးဆိုခွင့်ရှိသူများဖြစ်ကြောင်း၊ ၎င်းတို့၏ ဌာနအကြောင်းများကိုလည်း မေးကြည့်နိုင်ပါကြောင်း၊ ဌာနဆိုင်ရာတွင် ရှိနေသည့် အပျိုဆောင်၊ လူပျိုဆောင်များသို့ သွားရောက်၍ လိုအပ်ချက်များကို ကြည့်ပေးခြင်း၊ ဝန်ထမ်းအိမ်ရာများကိုသွားရောက်၍ ကြည့်ပေးခြင်းတို့ကို တာဝန်ရှိသူများ ကိုယ်တိုင်လုပ်ဆောင်နေလျက်ရှိကြောင်း၊ စည်းရုံးနေလျက်ရှိကြောင်း၊ ဆက်လက်ပြီးလည်း စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

**VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က NCA ထိုးထားသည့် လက်နက်ကိုင်အဖွဲ့များက လက်ရှိအခြေအနေအတိုင်းဆိုပါက နိုင်ငံရေးဆွေးနွေးပွဲ မလုပ်ဘူးဟုပြောနေကြကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရအောင် မည်ကဲ့သို့ ဆက်လုပ်ဆောင်မည့် အစီအစဉ်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပထမဦးဆုံး သက်သေပြနိုင်သည်မှာ ယနေ့ AA ကို အကြမ်းဖက်အဖွဲ့အစည်း ကြေညာထားမှုကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ ဆက်လက်၍ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး တိုးတက်သည့်အခြေအနေကို စောင့်ကြည့်စေလိုကြောင်း၊ NCA ထိုးထားသည့် လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း တစ်ဦးချင်း တရားဝင်ဆွေးနွေးမှုမဟုတ်သော်လည်း ဆွေးနွေးနိုင်သည့် နည်းလမ်းဖြင့် တစ်ဦးချင်း ဆွေးနွေးလျက်ရှိကြောင်း၊ မိမိတို့၏ ရည်မှန်းချက်သည် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး အဓိကထား လုပ်ဆောင်သွားရန်လည်းရှိသည့်အတွက် မိမိတို့၏ ရည်မှန်းချက်အတိုင်း မဖြစ်မနေ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဒေါက်တာဇော်သန်း**က နိုင်ငံတကာသတင်းလောကတွင် ဖြစ်ပေါ်နေသည့် သတင်းတစ်ပုဒ်ကို မေးမြန်းလိုကြောင်း၊ ယခုလက်ရှိ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ စေ့စပ်ညှိနှိုင်းပေးရန်အတွက် တရုတ်နိုင်ငံ၏ နိုင်ငံတော်ကောင်စီဝင်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သည့် မစ္စတာဝမ်ရီက လာရောက်ဖြေရှင်းပေးလိုကြောင်း၊ ၎င်း၏ ဆန္ဒကို ထုတ်ဖော်လိုက်သည်နှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ အမြင်ကိုသိလိုကြောင်း၊ အလားတူ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင် သို့မဟုတ် ကုလသမဂ္ဂဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ်တို့ မြန်မာနိုင်ငံကို လာရောက်ဖို့ရှိပါသလားဟု မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ယင်းသတင်းနှင့်ပတ်သက်၍ မိမိတို့လည်း တွေ့ရကြောင်း၊ အစည်းအဝေးတစ်ခုအပြီးမှာ သတင်းစာရှင်းလင်းပွဲလုပ်ရင်း ပြောလိုက်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် မဲစာရင်းများနှင့်ပတ်သက်ပြီး စတင်၍ ကြေညာကတည်းက ဒီမိုကရေစီ၏အခြေခံဖြစ်သည့် စေ့စပ်ဆွေးနွေးညှိနှိုင်းရေးလမ်းစဉ်ကို သွားခဲ့ခြင်းဖြစ်ပြီး ပြန်ပြောင်းပြောရမည်ဆိုလျှင် နိုဝင်ဘာလ ၃၀ ရက်ကနေစတင်၍ မဲစာရင်းများနှင့် ပတ်သက်၍ ပြောခဲ့ကြောင်း၊ UEC အနေဖြင့် ရှင်းပေးပါဆိုပြီးသွားခဲ့ကြောင်း၊ ရှင်းမပေးသည့်အခါ၌ လွှတ်တော်အနေဖြင့် ရှင်းပေးပါဆိုပြီး ပို၍ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်သည့် စေ့စပ်ညှိနှိုင်းရေးလမ်းကြောင်းဖြင့် သွားခဲ့ကြောင်း၊ လုပ်မပေးသည့်အခါ သမ္မတနှင့် တာဝန်ရှိသည့် အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် ဆွေးနွေးပေးပါဆိုပြီး စေ့စပ်ဆွေးနွေးညှိနှိုင်းရေးလမ်းကြောင်းဖြင့် သွားခဲ့ကြောင်း၊ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးလမ်းကြောင်းဆိုသည်မှာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီအထိ လုပ်ပေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်ဖက်အဖွဲ့စည်းကသာ လုပ်ဆောင်မှုမရှိခြင်းဖြစ်ပါကြောင်း၊ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးလမ်းကြောင်းကိုသွားကြရန် အာဆီယံနိုင်ငံတချို့က တိုက်တွန်းသည်များရှိပြီး တခြားနိုင်ငံများမှ တိုက်တွန်းခြင်းများလည်းရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် မဲစာရင်းများနှင့်ပတ်သက်ပြီး ဖော်ထုတ်မည်၊ နောက်ဆုံးအဆင့်တွင် ရွေးကောက်ပွဲပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီအား နိုင်ငံတော်တာဝန်များ လွှဲအပ်မည်ဆိုသည့် လမ်းစဉ်အတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် အိမ်နီးနားချင်းနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် စေတနာထားမှု၊ တည်ငြိမ်အေးချမ်းရေးလိုလားမှုများကို လေးစားပါကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်ပြီး **ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးမစ်ရှင်ဆိုသည်မှာ ယခင်ကတည်းက ရှိပြီးသားအဖွဲ့အစည်းများဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ဘင်္ဂါလီအရေးကိစ္စများနှင့်ပတ်သက်သည့် အဆိုမူကြမ်းများတွင် မမှန်ကန်သည့် အချက်အလက်များပါဝင်ခြင်း၊ မျှတမှုမရှိခြင်း၊ နိုင်ငံရေးအရဖိအားပေးခြင်း၊ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်း စသည်တို့ ပါဝင်လေ့ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် ယခင်ကတည်းကတိုင် တစိုက်မတ်မတ် လက်ခံခဲ့ခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မိမိတို့၏အကျိုးစီးပွား၊ နိုင်ငံတကာ လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့် အညီ အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ၎င်းအရာနှင့် ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရှိသူများက ဖြည့်စွက်ပြောကြားလိုသည်များရှိပါက ပြောကြားပေးနိုင်ကြောင်း၊ မေးခွန်းမရှင်းသည်များရှိပါကလည်း ပြန်လည်မေးမြန်းလို့ရပါကြောင်း ပြောကြားသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးအောင်ကို**က နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာအရေးကိစ္စကို ဆောင်ရွက်သည့်အခါ မိမိတို့နိုင်ငံအချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို မထိခိုက်စေရန် အရေးကြီးသည့်အချက်ဖြစ်သည်ကို ဖြည့်စွက်ပြောကြားလိုပါကြောင်း ပြောကြားသည်။

**Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဒေါက်တာ ဇော်သန်း**က မတ်လ ၈ ရက်တွင် သက်ဆိုင်ရာအာဏာပိုင်တွေက ပုဂ္ဂလိကဘဏ်တွေကို ဖွင့်ဖို့ညွှန်ကြားထားပါတယ်၊ သို့သော် လက်ရှိအခြေအနေတွေမှာ ဆန္ဒထုတ်ဖော်သူတွေနဲ့ လုံခြုံရေးအဖွဲ့ဝင်များ ထိပ်တိုက်တွေ့ခြင်း တော်တော်များနေတော့ အများပြည်သူကလည်း ဘဏ်တွေကိုသွားပြီး ငွေထုတ်ဖို့ လုံလုံခြုံခြုံမသွားရောက်နိုင်ပါဘူး၊ ATM စက်တွေမှာ သွားထုတ်တော့လည်း ပိုက်ဆံမရှိတာကများတယ်၊ ရေရှည်မှာ အများပြည်သူ အဆင်ပြေစေဖို့ ပုဂ္ဂလိကဘဏ်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုများ အစီအစဉ်ဆွဲထားတာရှိပါသလဲ သိရှိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မတ်လ ၈ ရက်တွင် ပုဂ္ဂလိကဘဏ်များဖွင့်ရန် ပြောခဲ့ပါကြောင်း၊ ပုဂ္ဂလိကဘဏ်များတွင်လည်း သူ့အခက်အခဲနှင့်သူရှိနိုင်ပါကြောင်း၊ ဘဏ်နှစ်ခုသာ ခဏဖွင့်ပြီး ပြန်ပိတ်လိုက်ရကြောင်း၊ အဓိကမှာ ဘဏ်များပိတ်ရန် ဆန္ဒပြနေသည့်အတွက် ဘဏ်ဝန်ထမ်းများ အခက်အခဲဖြစ်နေပါကြောင်း၊ ဆန္ဒပြသူများသည် ဘဏ်များဖွင့်သည်နှင့် နှောင့်ယှက်ဖိအားပေးတာတွေရှိပါကြောင်း၊ နှောင့်ယှက်နေသူများကို ထိထိရောက်ရောက် အရေးယူသွားရန်ရှိကြောင်း၊ ဘဏ်များပိတ်သည့်အတွက်ကြောင့် အဓိကနစ်နာသူများမှာ ပြည်သူများသာဖြစ်ကြောင်း၊ အစိုးရလုပ်ငန်းများ မှီခိုနေသည်က မြန်မာ့စီးပွားရေးဘဏ်ဖြစ်ပါကြောင်း၊ အခြားလုပ်ငန်းများလည်းရှိပါကြောင်း၊ သို့သော် အမှန်တကယ်နစ်နာသည်က ပြည်သူများသာဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကို နှောင့်ယှက်နေသူနှင့် ပိတ်ပင်နေသူများအနေဖြင့်လည်း စဉ်းစားကြရန်ကောင်းပါကြောင်း၊ တာဝန်ရှိသည့် ဗဟိုဘဏ်အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် **စာမျက်နှာ ၂၁ သို့** ❖

❖ စာမျက်နှာ ၂၀ မှ

နည်းလမ်းပေါင်းစုံရှာပြီး ဘဏ်များ ဖွင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း၊ ငွေရေးကြေးရေးနှင့် ဆက်စပ်ပြီး ပြောလိုပါကြောင်း၊ ဘဏ်များတွင် ငွေမရှိတော့ဘူး၊ ဘာမှမရှိတော့ဘူး ဆိုသည်များသည် မဟုတ်မှန်ဘဲ ကောလာဟလများသာ ဖြစ်ကြောင်း၊ ပြည်သူများ စိုးရိမ်စရာမလိုပါကြောင်း၊ ဘဏ်လုပ်ငန်းစနစ်အရ ဘဏ်များတွင် ငွေသားများထားလေ့မရှိဘဲ စာရင်းဇယား များသာရှိပါကြောင်း၊ ထားရန်နေရာလည်း မရှိကြောင်း၊ ဘဏ်လုပ်ငန်းစနစ်အရ ငွေထားသည့်နေရာသည် တစ်နေရာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ငွေစက္ကူ အသစ်ရိုက်နှိပ်ရန် မလိုသေးဘဲ အသင့် ထုတ်ပေးထားသည့် ငွေသားပေါင်းမှာ ထရီလီယံနှင့်ချီပြီးရှိကြောင်း၊ ဘဏ် လုပ်ငန်းနှင့်ပတ်သက်ပြီး တာဝန်ရှိ ပြောရေးဆိုခွင့်ရှိသူက ဖြည့်စွက်ဖြေကြား ပေးသွားမည်ဖြစ်ကြောင်း ပြောကြား သည်။

**မြန်မာနိုင်ငံဗဟိုဘဏ်မှ ပြောရေး ဆိုခွင့်ရှိသူ ဦးမျိုးမင်း**က တစ်နိုင်ငံလုံး အနေဖြင့် စာရင်းများအရ ဘဏ်ခွဲပေါင်း ၁၉၀၀ ကျော်ရှိကြောင်း၊ ၉ ရက်နေ့တွင် စာရင်းအရ ဖွင့်လှစ်သည့် ဘဏ်ခွဲပေါင်း ၄၅၀ ကျော်ရှိကြောင်း၊ ၁၀ ရက်နေ့တွင် ဘဏ်ခွဲပေါင်း ၄၉၀ ကျော် ဖွင့်လှစ်နိုင်ခဲ့ ကြောင်း ဖြည့်စွက်ပြောကြားသည်။

**Myanmar National Post သတင်း ဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၏ အစည်းအဝေးမှာ ကောင်စီအဖွဲ့ ဝင်တွေက (ဘက)ကျောင်းနှင့် ပတ်သက် ၍ ဥက္ကဋ္ဌကို အစီရင်ခံစာ တင်ပြကြ ကြောင်း၊ ဥက္ကဋ္ဌကလည်း (ဘက)ကျောင်း များကို အခြေခံပညာကျောင်းများ အတိုင်းပဲ ဖွင့်လှစ်ဆောင်ရွက်သွားမယ် လို့ ပြောပါကြောင်း၊ (ဘက) ကျောင်းနှင့် ပတ်သက်လို့ အခက်အခဲလေးရှိတာ တွေ့ရတာကတော့ (ဘက) ကျောင်းက ဆရာမတွေက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်က သွားပြီး မူကြိုဆရာမတွေဆို လစာက သုံးသောင်းကျော်ကျော်၊ မူလတန်းပြဆို ၃၈၀၀၀၊ အလယ်တန်းပြဆို ၄၂၀၀၀၊ အဲဒီလောက်ပဲရတဲ့ အခြေအနေပဲဖြစ် တယ်လို့ သိရပါတယ်။ အဲဒါကြောင့် ဆရာ ဆရာမတွေ အဆင်ပြေစေဖို့ ဆရာတော်တွေက အလှူငွေတွေနဲ့ ငါးသောင်း၊ တစ်သိန်း ပေးရတာမျိုးတွေ ရှိနေပါတယ်။ အဲလိုမျိုး (ဘက)ကျောင်း တွေ ပြန်လည်ဖွင့်လှစ်တဲ့အခါမှာ လစာ နှုန်းထားတွေကို အခြေခံပညာကျောင်း က ဆရာ ဆရာမတွေလို တန်းတူဆောင် ရွက်ပေးဖို့ အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါ ကြောင်းမေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာ ဒီကိစ္စသည် မူဝါဒ ပိုင်းဆိုင်ရာ ကိစ္စဖြစ်ပါကြောင်း၊ တင်ပြ ထားခြင်း ရှိ၊ မရှိ မသိသေးပါကြောင်း၊ တင်ပြထားခြင်း မရှိဘူးဆိုလျှင် အကျိုး အကြောင်းနှင့် (ဘက)ကျောင်းတွေက သာသနာရေးဝန်ကြီးဌာနကို အကြောင်း ကြားစေချင်ပါကြောင်း၊ ဘယ်လိုလုပ်ပေး နိုင်မလဲမေးပြီး မူဝါဒအရ အခြေအနေ တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ပထမ ဦးဆုံး ဒီလိုမျိုးဖြစ်ပေါ်နေသည်ဆိုသည် ကို အကြောင်းကြားရမှာဖြစ်ကြောင်း ဖြေကြားသည်။



၁၁-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သတင်းထောက်များကို တွေ့ရစဉ်။

**Myanmar National Post သတင်း ဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ရန်ကုန်မြို့တွင်းရှိ လမ်းမကြီးများ၊ ရပ်ကွက်လမ်းများမှာ ပိတ်ဆို့ထားတဲ့ အခြေအနေဖြစ်တယ်ဆိုတော့ နိုင်ငံ့ ဝန်ထမ်းတွေအတွက် အလုပ်ဆင်းဖို့ အခက်အခဲရှိသလို လက်လုပ်လက်စား၊ နေ့စားတွေကလည်း သိန်းနဲ့ သန်းနဲ့ ရှိတယ်၊ ပြည်သူတွေမှာလည်း နေ့စဉ် အလုပ်ရှိပါလျက် ဒီလိုလမ်းပိတ်ဆို့ထား တဲ့ အခြေအနေတွေ၊ သွားလာမှုအဆင် မပြေတဲ့ အခက်အခဲတွေကြောင့် အလုပ် မဆင်းရဘဲ စားဝတ်နေရေးအခက်အခဲ တွေ၊ ပြဿနာတွေလည်း တွေ့ရပါတယ်၊ အဲဒီလို လက်လုပ်လက်စားပြည်သူတွေ အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်း သည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေ ရေးသည်အဓိကဖြစ်ပါကြောင်း၊ လုံခြုံရေး တပ်ဖွဲ့များအနေဖြင့် ရန်ကုန်တွင် အလုပ် နှစ်မျိုး ဆောင်ရွက်နေရကြောင်း၊ ဆန္ဒပြ သည့် လူစုလူဝေးထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသလို လမ်းပေါ်မှာ ပိတ်ဆို့ ထားသည့် အတားအဆီးများကို နေ့/ည ရှင်းထုတ်ပေးနေရပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်သားများနှင့် စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ဆန္ဒပြရာတွင် ပိတ်ဆို့ပြီး ဆန္ဒပြခြင်း၊ ဥပဒေတွေနှင့် မညီညွတ်ခြင်း များကို ပြည်သူလူထုအနေဖြင့် ဆင်ခြင် သင့်သည်ဟု မြင်မိပါကြောင်း၊ မြောက် ဥက္ကလာတွင် ၎င်းတို့လမ်းပိတ်ထားသည့် အရာဝတ္ထုများကို ၎င်းတို့ကိုယ်တိုင်မီးရှို့ ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ မီးရှို့သည်ဟု စွပ်စွဲထားသည့် Video ဖိုင် Social Media တွင်တက်လာပါကြောင်း၊ တဖြည်းဖြည်း မီးလောင်မှုကြီးလာကြောင်း၊ အိမ်များ ကြားထဲ၌ မီးလောင်ခြင်းဖြစ်ပြီး ထိုအထဲ တွင်မှ ဓာတ်ဆီပုံးကို ပရဟိတကားနှင့် သယ်လာကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင် များနှင့်တွေ့ပြီး ထိန်းသိမ်းသည့်အခါမှ ပရဟိတကားကို ရိုက်တယ်၊ နှက်တယ် ဆိုခြင်းမျိုးများ ထွက်လာကြောင်း၊ ထိုအရာတွေက ယခုဖြစ်နေသည့် ဖြစ်စဉ် များဖြစ်ကြောင်း၊ အဓိကမှာ လမ်းပန်း ဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးနှင့် လမ်းတွေပြန်ဖွင့်ရန်အတွက် အလေး အနက်ထား ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့် လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြ ရန် တိုက်တွန်းလိုကြောင်း ပြောကြား သည်။

**Myanmar National Post သတင်း ဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ယခင်စစ်အစိုးရလက်ထက်တုန်းက တပ်မတော်က လယ်ယာမြေတွေ ပြန်လည်စွန့်လွှတ်ပေးခဲ့တာ ရှိပါတယ်။ စွန့်လွှတ်ပေးခဲ့ပေမယ့် မူလ လက်ငုတ် လက်ရင်း လယ်သမားတွေရဲ့လက်ထဲကို ပြန်မရတဲ့ ပြဿနာတွေလည်း ယနေ့ တိုင်ရှိနေသေးပါတယ်၊ အဲ့ဒါတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေနဲ့ ဘယ်လိုမူဝါဒမျိုးများ ချမှတ်စီမံဆောင်ရွက်ပေးနိုင်မလဲဆိုတာ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က လယ်ယာမြေနှင့်ပတ်သက်ပြီး မူဝါဒ အသစ် ချမှတ်ထားခြင်းမရှိကြောင်း၊ ယခင်က စွန့်လွှတ်ပေးသည့်လယ်ယာမြေ များရှိကြောင်း၊ စွန့်လွှတ်လယ်ယာမြေ များနှင့်ပတ်သက်၍ ကြန့်ကြာနေရသည့် အကြောင်းအရင်းများကို စိစစ်သည့်အခါ တွင် တပ်မတော်မှ စွန့်လွှတ်လိုက်သည့် လယ်ယာမြေများကို တောင်သူများ၏ လက်ထဲသို့ တိုက်ရိုက်ထည့်ပေး၍ မရဘဲ လယ်ယာမြေနှင့်ပတ်သက်သည့် စီမံ ခန့်ခွဲရေးကော်မတီကို ပေးရကြောင်း၊ လယ်ယာမြေနှင့်ပတ်သက်သည့် စီမံခန့်ခွဲ ရေးကော်မတီက သက်ဆိုင်ရာနေရာများ ကိုပေးရကြောင်း၊ အဆိုပါ သက်ဆိုင်ရာ နေရာများ၊ မူလပိုင်ရှင်များအား ပြန်ပေး ရခြင်းဖြစ်သော်လည်း၊ မူလပိုင်ရှင်များက မရှိတော့သည်များရှိကြောင်း၊ တချို့ မူလပိုင်ရှင်များက နောက်တစ်ဆင့် ပြန်လည်ရောင်းချခြင်း၊ သုံးလေးဆင့် အထိ ရောင်းချခြင်းများရှိကြောင်း၊ သို့ဖြစ်၍ မူလပိုင်ရှင်ကို ပြန်ပေးသည့် နေရာတွင် သူကလည်း ရပိုင်ခွင့်ရှိတယ်၊ ငါကလည်း ရပိုင်ခွင့်ရှိတယ် စသည်ဖြင့် အငြင်းပွားမှုများ ဖြစ်ပေါ်လာသောကြောင့် ကြန့်ကြာနေမှုများလည်း ရှိကြောင်း၊ တချို့ကိစ္စများတွင် လုပ်ထုံးလုပ်နည်းအရ ကြန့်ကြာနေသည်များလည်းရှိပြီး ဥပဒေ အရ ကြန့်ကြာနေသည့်ကိစ္စများကို ဥပဒေအရ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းအရ ကြန့်ကြာနေသည့် ကိစ္စများကို အမြန်ဆုံးဆောင်ရွက်သွား မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**People Media သတင်းဌာနမှ သတင်းထောက် ဦးပြည့်ဖြိုးအောင်**က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့ တဲ့ ရက်ပိုင်းအတွင်းက သတင်းမီဒီယာ တိုက်များကို ထုတ်ဝေခွင့်ရုပ်သိမ်းလိုက် ခြင်းများရှိပါကြောင်း၊ လက်ရှိကောင်စီ အနေဖြင့် ဖွဲ့စည်းပုံအတိုင်းသွားမယ် ဆိုပြီး ပြောထားကြောင်း၊ အဲ့ဒီလို ပြောထားပြီး မီဒီယာအချို့က စစ်ကောင်စီ ဆိုပြီး သုံးနှုန်းခြင်းကြောင့် ယခုလို မီဒီယာတိုက်တွေကို အရေးယူတာလား၊ အခုလို လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူတာလား၊ အရင်အစိုးရ လက်ထက်တုန်းကလည်း ဒီလိုဝေဖန်တာ တွေရှိတယ်၊ ဒီလိုမျိုး တင်ပြတာတွေ ရှိသည်ကို အရေးယူမှုမရှိခဲ့ကြောင်း၊ အခုကျမှ ပိတ်သိမ်းတဲ့အထိ အရေးယူ ခြင်းကြောင့် အဆိုပါဖြစ်စဉ်အပေါ်မှာ ရှင်းပြစရာများ ရှိပါသလားဟု မေးမြန်း သည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က စစ်ကောင်စီတို့၊ စစ်အာဏာရှင်တို့ဟု ရေးတိုင်းသာ အရေးယူရမည်ဆိုလျှင် ယခု သတင်းထောက်ကြီးတို့ အနောက်တွင် ရှိသည့် မီဒီယာသမားများ တစ်ယောက် မှ ကျန်မည်မဟုတ်ကြောင်း၊ အကုန်လုံး အဲ့ဒီအတိုင်းပဲ ရေးနေကြကြောင်း၊ အဲ့ဒီလိုရေးလို့ အရေးယူခြင်းမဟုတ် ကြောင်း၊ အရေးယူခံရသည့်မီဒီယာများ ဘာတွေရေးသည်ကိုလေ့လာကြည့်ပါက တွေ့နိုင်မှာဖြစ်ကြောင်း၊ လုပ်ကြံဖန်တီး၍ ရေးသားခဲ့ခြင်းများကြောင့် အရေးယူခြင်း ဖြစ်ကြောင်း၊ မီဒီယာနှစ်မျိုးရှိကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲ တက်ရောက် လာသည့် မီဒီယာများထဲတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဟု သုံးနှုန်းသည့် မီဒီယာမှာ မြဝတီ၊ မြန်မာ့အလင်းနှင့် ကြေးမုံတို့သာရှိသည်ဟု ပြောလိုကြောင်း၊ ကျန်သည့်မီဒီယာများက ရေးချင်သလို ရေးနေကြကြောင်း၊ သို့သော် မိမိတို့ အရေးမယူကြောင်း၊ အကြောင်းပြချက် အနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်မှု၊ ဆူပူအကြမ်းဖက်မှုများနှင့် ပတ်သက်၍ ပိုမိုအရှိန်မြှင့်တင်စေရန် ရေးသားမှု၊ မဟုတ်မမှန်သတင်းများ ရေးသားမှုတို့ ကြောင့်ဖြစ်ကြောင်း၊ အဆိုပါကိစ္စများ နှင့်ပတ်သက်၍ ဘာတွေရေးသားခဲ့သည် ဆိုတာကို အသေးစိတ်သိရှိလိုပါက မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနတွင် အသေး စိတ်မှတ်တမ်းများရှိပါကြောင်း၊ ယခု ပိတ်သိမ်းပြီးသည်အထိ အဆိုပါမီဒီယာ များ ဆက်လက်ရေးသားလျက်ရှိပါ ကြောင်း၊ ဒါကြောင့် ယခုကဲ့သို့ အရေးယူ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောလို ကြောင်း ပြန်လည်ဖြေကြားသည်။

**People Media သတင်းဌာနမှ သတင်းထောက် ဦးပြည့်ဖြိုးအောင်**က နိုင်ငံတကာအပါအဝင် နိုင်ငံတချို့က သမ္မတ ဦးဝင်းမြင့်နဲ့ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေး ဖို့ ပြောနေကြတာရှိပါတယ်၊ ဒီအပေါ်မှာ ကောင်စီအနေနဲ့ ဘယ်လိုသဘောထား ရှိပါသလဲ၊ နောက်ပြီး ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး နိုင်ငံရေးအရ တွေ့ဆုံပြီး တော့ ညှိနှိုင်းဖို့အတွက် နိုင်ငံတချို့က တောင်းဆိုထားတာရှိပါတယ်၊ ဒီအပေါ်မှာ ရော ကောင်စီရဲ့သဘောထားက ဘယ်လို ရှိပါသလဲ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ယခင် က တပ်မတော်နှင့် နိုင်ငံရေးပါတီအချို့ တွေ့ဆုံ၍ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ညှိနှိုင်းရေးလမ်းကြောင်းကို သွားနိုင်ရန် အတွက် ကြိုးပမ်းခဲ့ခြင်းများရှိကြောင်း၊ တရားဝင် သတင်းစာရှင်းလင်းပွဲများ လုပ်ခဲ့ကြောင်း၊ စာတွေလည်း ထုတ်ခဲ့ ကြောင်း၊ အဲ့ဒီအချိန်တုန်းက ညှိနှိုင်း ဆွေးနွေးရေးလမ်းကြောင်းကို သွားပါဟု တိုက်တွန်းသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ကြောင်း၊ အခုအချိန်မှသာ ညှိနှိုင်း ဆွေးနွေးရေးလမ်းကြောင်းကို သွားပါဟု တိုက်တွန်းလာခြင်းကို တွေ့ရကြောင်း၊ ဒါကိုလည်း အပြစ်မတင်ကြောင်း၊ ရှေ့ပိုင်း မှာပြောခဲ့သည့်အတိုင်း ရှေ့လုပ်ငန်းစဉ်များ အတိုင်း၊ မူဝါဒများအတိုင်းသာ ရှေ့ဆက် သွားမည်ဟု ပြောလိုကြောင်း၊ တည်ဆဲ ဥပဒေများအတိုင်းသာ ရှေ့ဆက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **People Media သတင်း ဌာနမှ သတင်းထောက် ဦးပြည့်ဖြိုးအောင်** က NLD ပါတီ ထိပ်ပိုင်းခေါင်းဆောင် တချို့ အပါအဝင် အောက်ခြေက ပါတီဝင် တချို့နဲ့ ကိုယ်စားလှယ်တချို့ကို ဖမ်းဆီးမှု တွေ ရှိတဲ့အခါမှာ ရှေ့ဆက်ပြီး NLD ပါတီ ကို ဘယ်လိုမျိုး အရေးယူမှုတွေ ရှိလာ နိုင်လဲ၊ NLD ပါတီ၏ စစ်ဆေးတွေ့ရှိချက် တွေကို နေ့စဉ် ထုတ်ပြန်ပေးသွားဖို့ ရှိပါ သလား မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က NLD ပါတီနှင့်ပတ်သက်၍ ပြောရလျှင် ပါတီ တစ်ခုအနေဖြင့် ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးခြင်း အနေဖြင့်သာ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ NLD ပါတီဝင်တိုင်း အဖမ်း မခံရကြောင်း၊ ယခင်အစိုးရတွင် တာဝန် ထမ်းဆောင်သည့် ဝန်ကြီးတိုင်း၊ ဒုဝန်ကြီး တိုင်းလည်း အရေးယူခံရခြင်း၊ အဖမ်း ခံရခြင်းမရှိကြောင်း၊ လွှတ်တော်ကိုယ်စား လှယ်တိုင်းလည်း အရေးယူမခံရကြောင်း၊ ၎င်းတို့ ကျူးလွန်ခဲ့၊ လုပ်ဆောင်ခဲ့သည့် အပေါ်တွင်သာမူတည်သည်ဟု ပြောလို ကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# မတ် ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၅-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၄-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၅-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၂၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၁၄,၆၇၃) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၆၂) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၄၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၀၃) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မတ် ၁၅**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၆၄ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# Quarantine Center တွင်ထားရှိသည့် အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများကို လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့သည့် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၇၀ ကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center ၌ ထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် Quarantine ထားရှိပြီးပါက ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လိုအပ်သည်များ ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ**

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၀၈၁၈၃၁ | ၂၂၁၆၉၂၄၀ | ၅၄၇၂၃၅ |
| ၂။ | ဘရာဇီး | ၁၁၄၈၃၃၇၀ | ၁၀၀၆၃၈၀၈ | ၂၇၈၃၂၇ |
| ၃။ | အိန္ဒိယ | ၁၁၃၈၅၃၃၉ | ၁၁၀၀၇၃၅၂ | ၁၅၈၇၆၂ |
| ၄။ | ရုရှား | ၄၄၀၀၀၄၅ | ၄၀၀၃၅၇၆ | ၉၂၄၉၄ |
| ၅။ | ဗြိတိန် | ၄၂၅၈၄၃၈ | ၃၄၉၆၉၂၅ | ၁၂၅၅၁၆ |
| ၆။ | ပြင်သစ် | ၄၀၇၁၆၆၂ | ၂၇၂၉၆၀ | ၉၀၄၂၉ |
| ၇။ | အီတလီ | ၃၂၂၃၁၄၂ | ၂၅၈၉၇၃၁ | ၁၀၂၁၄၅ |
| ၈။ | စပိန် | ၃၁၈၃၇၀၄ | ၂၈၅၇၇၁၄ | ၇၂၂၅၈ |
| ၉။ | တူရကီ | ၂၈၇၉၃၉၀ | ၂၇၀၁၀၇၆ | ၂၉၄၈၉ |
| ၁၀။ | ဂျာမနီ | ၂၅၇၈၈၃၅ | ၂၃၆၅၁၀၀ | ၇၃၉၅၉ |

**အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်**

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၂၅၀၄၄ | ၁၂၄၉၉၄၇ | ၃၈၅၇၃ |
| ၂။ | ဖိလစ်ပိုင် | ၆၂၆၈၉၃ | ၅၆၀၅၇၇ | ၁၂၈၃၇ |
| ၃။ | မလေးရှား | ၃၂၄၉၇၁ | ၃၀၈၂၄၇ | ၁၂၁၃ |
| ၄။ | မြန်မာ | ၁၄၂၁၆၂ | ၁၃၁၇၄၄ | ၃၂၀၃ |
| ၅။ | စင်ကာပူ | ၆၀၁၁၇ | ၅၉၉၆၈ | ၃၀ |
| ၆။ | ထိုင်း | ၂၇၀၀၅ | ၂၆၁၅၄ | ၈၇ |
| ၇။ | ဗီယက်နမ် | ၂၅၅၄ | ၂၀၈၆ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၃၂၅ | ၇၃၀ | ၁ |
| ၉။ | ဘရူနိုင်း | ၁၉၉ | ၁၈၅ | ၃ |
| ၁၀။ | လာအို | ၄၈ | ၄၂ | ၀ |

**ကိုဗစ်-၁၉ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့တွင် အပြစ်မဲ့ပြည်သူအချို့ အကြောင်းမဲ့ ရက်စက်စွာသတ်ဖြတ်ခံရမှုဖြစ်ပွား

**နေပြည်တော် မတ် ၁၅**

အကြမ်းဖက်လူအုပ်စုများသည် အစိုးရဆန့်ကျင်ရေးအကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိပြီး ၎င်းတို့နှင့် ယခင်ရန်ငြိုးရန်စရှိဖူးသူများ၊ အကြောင်းအမျိုးမျိုးကြောင့် အမြင်မကြည်ခဲ့သူများ၊ နိုင်ငံရေးယုံကြည်ချက် မတူညီသူများ၊ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းစွာနေထိုင်လိုသူများကို “သူလျှို” “ဒလန်”၊ “သတင်းပေး” အစရှိသဖြင့် ခေါ်စေ၍ အမျိုးမျိုးတပ်ကာ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများကို အတင့်ရဲစွာ လုပ်ဆောင်လာကြသည်။

ယနေ့ နံနက်ပိုင်းတွင်လည်း လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ညောင်တုန်းလမ်းနှင့် ဦးပုညလမ်းထောင့်၌ မီးရှို့သတ်ဖြတ်ခံထားရသည့် အမျိုးသားအလောင်းနှစ်လောင်းအား တွေ့ရှိရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူများမှာ ရာအိမ်မှူးဖြစ်သူ ဦးသန်းဦးနှင့် ဦးစွန်ရဲတို့ဖြစ်ကြောင်းသိရှိရပြီး ကြိုးတုပ်၍တာယာကွင်းစွပ်ကာ ရက်ရက်စက်စက် မီးရှို့သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အလားတူ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကံ့ကော်လမ်းထိပ်တွင် မျက်လုံး နှစ်လုံး ထိုးဖောက်ဒဏ်ရာ၊ လည်ပင်းထိုးသွင်းဒဏ်ရာတို့ဖြင့် ရက်စက်စွာနှိပ်စက်ညှဉ်းပန်းပြီး သတ်ဖြတ်ခြင်းခံရ၍ သေဆုံးနေသည့် အမျိုးသားအလောင်း တစ်လောင်း တွေ့ရှိခဲ့ပြီး စစ်ဆေးခဲ့ရာ သေဆုံးသူမှာ USDP လူငယ်အဖွဲ့ဝင် ဦးကျော်ဌေး(၃၂)နှစ် စံပယ်လမ်း (၁၂) ရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူဖြစ်ကြောင်း၊ ယနေ့နံနက် ၁ နာရီခန့်တွင် အောင်ကြီးဆိုသူအပါအဝင် ခုနစ်ဦးမှ ရောက်ရှိဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခံရခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရ၍ တရားခံများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**မူလအခြေအနေသို့ အမြန်ဆုံးရောက်ရှိနိုင်ရန်**

အကြမ်းဖက်ရမ်းကားသည့် လူအုပ်စုများ၏ လုပ်ဆောင်မှုများသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ မင်းမဲ့စရိုက်ဆန်သော ဥပဒေမဲ့အုပ်စုဖွဲ့၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခဲ့မှုအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူအုပ်စုအား အဓိကရုဏ်းနှိမ်နင်းလူစုခွဲခြင်း၌ အညင်သာဆုံးကိုင်တွယ်ဖြေရှင်းမှုမှ မလွဲမရှောင်သာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ် ခြောက်မြို့နယ်တို့အား မတ်လ ၁၄၊ ၁၅ ရက်နေ့တို့မှစ၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law ) အာဏာကို ကျင့်သုံးရန် ထုတ်ပြန်ခဲ့ရပြီး ထုတ်ပြန်ချက်ပါ ပြစ်မှုနှင့် ပုဒ်မကျူးလွန်သူများကို စစ်ခုံရုံးဖြင့် ထိရောက်စွာ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါမြို့နယ်များအား တည်ငြိမ်အေးချမ်းသည့် မူလအခြေအနေသို့ အမြန်ဆုံးရောက်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောင်လံမြို့နယ် မြို့မရဲစခန်းကို ဆူပူအကြမ်းဖက်သူ လူစုလူဝေးက အကြမ်းဖက်ရန်ပြုလာသဖြင့် ဖြိုခွဲထိန်းသိမ်းခဲ့ရာ ရဲတပ်ဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သူ အမျိုးသား နှစ်ဦး သေဆုံး၊ ငါးဦးဒဏ်ရာရရှိ

**နေပြည်တော် မတ် ၁၅**

အောင်လံမြို့နယ် မြို့မရဲစခန်းကို ဆူပူအကြမ်းဖက်သူ လူစုလူဝေးက အကြမ်းဖက်ရန်ပြုလာသဖြင့် ဖြိုခွဲထိန်းသိမ်းခဲ့ရာ ရဲတပ်ဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သူ အမျိုးသား နှစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူအကြမ်းဖက်သည့် လူစုလူဝေးများက အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လာသကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အကြမ်းဖက်လုပ်ရပ်များကို လိုက်လံတားဆီးဖြိုခွဲ ထိန်းသိမ်းခြင်းများကို နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့နံနက်၉နာရီခန့်တွင် အောင်လံမြို့အတွင်း ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူဆန္ဒပြသူလူစုလူဝေး အင်အား ၁၀၀ ခန့် စတင်စုဖွဲ့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရှင်းလင်းခဲ့ရာတွင် လူစုလူဝေးပြုလုပ်၍ အကြမ်းဖက်လုပ်ရပ်ဆောင်ရွက်လိုသူများ၏ ဆိုင်ကယ် ခုနစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်မှ လူစုခွဲသွားသည့် ဆူပူသူလူစုလူဝေးများသည် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ပြန်လည်စုဝေးလာပြီး အောင်လံမြို့ မြို့မရဲစခန်း၏ အရှေ့ဘက်တွင် အင်အား ၂၀၀ ကျော်ခန့် ရောက်ရှိလာကာ သိမ်းဆည်းထားသော ဆိုင်ကယ်များပြန်ပေးရန် တောင်းဆို၍ အော်ဟစ်ဆဲဆိုခြင်း၊ ရဲစခန်းအား မီးလောင်စေရန် ရည်ရွယ်ချက်ဖြင့် ဒေသန္တရလက်လုပ်မိုင်း ခြောက်ခုဖြင့် ပစ်ခတ်ခြင်း၊ ဓာတ်ဆီ/အင်ဂျင်ဝိုင်များ ထည့်ထားသည့် ဘူးများအား မီးရှို့၍ ပစ်ခတ်ခြင်းတို့အား အရက်သေစာနှင့် စိတ်ကြွဆေးဝါးများ အသုံးပြုထားသည့် အသွင်သဏ္ဌာန်များဖြင့် အသိစိတ်နည်းပါးစွာဖြင့် အကြမ်းဖက် ရန်ပြုလာမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ အမျိုးသား နှစ်ဦး (စိစစ်ဆဲ)မှာ ဒဏ်ရာရရှိ သေဆုံးခဲ့ပြီး အမျိုးသား ငါးဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် သေဆုံးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့်ကာ ရဲလုပ်ငန်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြင်းခြံမြို့တွင် ဆူပူအကြမ်းဖက်သူလူစုလူဝေးအားဖြိုခွဲစဉ် ဆူပူအကြမ်းဖက်သူ နှစ်ဦး သေဆုံး

**နေပြည်တော် မတ် ၁၅**

မြင်းခြံမြို့တွင် ဆူပူအကြမ်းဖက်သူလူစုလူဝေးအား ဖြိုခွဲစဉ် ဆူပူအကြမ်းဖက်သူ နှစ်ဦးသေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူအကြမ်းဖက်မှုလုပ်ငန်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လာကြသော လူစုလူဝေးများသည် အများပြည်သူလူထု၏ မျက်နှာကိုထောက်ရှုမှုမရှိဘဲ မိမိတို့အား ကြိုးကိုင်ခြယ်လှယ်သွေးထိုးလှုံ့ဆော်နေသော NLD ပါတီ၏ နောက်ကွယ်မှ ညွှန်ကြားချက်အတိုင်း နေရာဒေသအများအပြားတွင် အဖျက်အမှောင့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိနေကြောင်း။

မြင်းခြံမြို့ အမှတ်(၇) ရပ်ကွက် သုခမ္မာလမ်းဆုံ၌ ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူအင်အား ၆၀၀ ကျော်ခန့်သည် ယနေ့ နံနက် ၁၀ နာရီခန့်က အကြောင်းမဲ့ ဆူပူအော်ဟစ်၍ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို မီးပုလင်းများဖြင့် မီးရှို့ရန် ကြံစည်လာပြီး ဆူပူအကြမ်းဖက်သူ အများစုအနေဖြင့် အရက်/မူးယစ်ဆေးဝါး သုံးစွဲထားကြသည့် ပုံသဏ္ဌာန် အမျိုးမျိုးတွေ့ရှိရကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အမျိုးမျိုးအကြမ်းဖက်ရန်ပြု ဆောင်ရွက်လာကြသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရကြောင်း။

အထက်ပါဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား နှစ်ဦး (စိစစ်ဆဲ)မှာ




ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ပြီး ဖြစ်စဉ်တွင် ဂျင်ကလိ၊ စတီးဒိုင်း၊ ပေပါဒိုင်းနှင့် မီးသတ်ဆေးဘူးများကို သိမ်းဆည်းရမိခဲ့ကာ သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးမြို့တွင် အမှုဖွင့်လှစ်ခံထားရသူအား သွားရောက်ဖမ်းဆီးစဉ် ၎င်း၏ယောက်ဖဖြစ်သူက ဓားဖြင့်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့က ခြောက်လှန့်ပစ်ခတ်စဉ် ဒဏ်ရာရရှိသေဆုံး

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်အတွင်း နေရာဒေသအများအပြားတွင် နိုင်ငံတည်ငြိမ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ယန္တရားများအား ပျက်စီးအောင် နည်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်ဆောင်ရွက်ခဲ့ကြသည့် ဦးစီးဦးဆောင်ပြုလုပ်ခဲ့သူများကို လိုအပ်သလိုအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်လှစ်ထားရှိပြီး ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်အရ မကွေးမြို့ပေါ် လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် ယနေ့နံနက် ၁ နာရီခန့်တွင် နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် ယခင်ရက်များအတွင်း မကွေးမြို့ပေါ်လူထုအား နိုင်ငံတော်အစိုးရဆန့်ကျင်ရေးအတွက် စည်းရုံးသွေးဆောင်လှုံ့ဆော်ရာတွင် ဦးစီးဆောင်ရွက်ခဲ့သဖြင့် အမှုဖွင့်လှစ်ခံထားရသူ မကွေးမြို့ အောင်မေတ္တာ (ဃ) ရပ်ကွက် (၁၃) လမ်းနေ အသေးလေး(စိစစ်ဆဲ)၏ နေအိမ်သို့ ဖမ်းဝရမ်းဖြင့် ဝင်ရောက်ရှာဖွေခဲ့ကြောင်း။

ထိုသို့ဝင်ရောက်ရှာဖွေရာ တရားခံဖြစ်သူ အသေးလေးမှာ နေအိမ်တွင်မရှိဘဲ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အိမ်ပေါ်သို့ ရောက်ရှိစဉ် တပ်ဖွဲ့ ဝင်တစ်ဦးအား အသေးလေး၏ ယောက်ဖဖြစ်သူ ထွန်းလှအောင်(၃၅) နှစ်(စိစစ်ဆဲ)က အရက်မူးယစ်သောက်စားထားရှိသည့်ပုံသဏ္ဌာန်ဖြင့် အရိုးအသွား ၁၃ လက်မခန့် အရှည်ရှိသည့် ဓားဦးချွန်ဖြင့် ဝင်ရောက်ထိုးနှက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့က ခြောက်လှန့်ပစ်ခတ်စဉ် ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူ ထွန်းလှအောင်အား လိုအပ်သောဆေးဝါးကုသမှုများ ခံယူနိုင်ရေးအတွက် တပ်မတော်ဆေးရုံသို့ ပို့ဆောင်စဉ် နံနက် ၂ နာရီခန့်တွင် သေဆုံးသွားခဲ့သဖြင့် သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့်ကာ ရဲလုပ်ငန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပကတိအခြေအနေကိုသုံးသပ်ပြီး ကောင်းမွန်သည့်အနာဂတ်ကိုရွေးချယ်

ကနောင်

၂၀၀၉ ခုနှစ်က The Voice ဂျာနယ်တွင် ဆရာမောင်စူးစမ်း ရေးသားထားခဲ့သည့် အသွင်ကူးပြောင်းရေးအတွက် ကုန်းပတ်ရှင်းရခြင်းဟူသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုခဲ့ရဖူးသည်။ ထိုဆောင်းပါးတွင် “၂၀၁၀ ရွေးကောက်ပွဲပြီးလျှင် အင်စတီကျူးရှင်းသုံးရပ် ပေါ်ပေါက်လာမည်။ တပ်မတော်၊ လွှတ်တော်နှင့် နိုင်ငံရေးပါတီတို့ ဖြစ်ကြမည်။ ဤအင်စတီကျူးရှင်းသုံးရပ်အကြား ဆက်ဆံရေး ပြေပြစ်တည်ငြိမ်ရေး၊ ချိန်ခွင်လျှာမျှရေးသည် မဟာဗျူဟာမြောက် စိန်ခေါ်မှုတစ်ရပ်ဖြစ်မည်”ဟု ရေးသားထားခဲ့ဖူးသည်ကို ပြန်ပြောင်း အမှတ်ရမိသည်။

**ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်သူ ၉၀ ရာခိုင်နှုန်းကျော်ရှိနေသည့် မိမိတို့နိုင်ငံတွင် အခြားဘာသာဝင်များအား ဖိနှိပ်ခြင်း၊ ကွဲရဲ့ခြင်းမရှိခဲ့ဘဲ အေးချမ်းစွာ အတူတကွ နေထိုင်ခဲ့ကြသည်မှာ နှစ်ပေါင်းများစွာကတည်းကပင် ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်ဘာသာဖြစ်သည့် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် အမျိုးသားရေးသမားများက ၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ရိုဟင်ဂျာမရှိဟူ၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြစဉ်က အာဏာရှင်ဆန်စွာ ဖမ်းဆီးအရေးယူခြင်းခံခဲ့ရသည်။ ထိုနှစ်များအတွင်း အခြားဘာသာဝင်အချို့၏ ဝတ်ပြုရာနေရာများတွင် တရားမဝင် လုပ်ဆောင်နေမှုများကို ရဲတပ်ဖွဲ့သို့ အကြောင်းကြားကာ သွားရောက်ကန့်ကွက်ခဲ့ကြသူများကိုလည်း ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ကြသေးသည်ကို အမှတ်ရမိ။**

### အယူအဆ အတွေးအခေါ်များ

မိမိတို့ နိုင်ငံသားများအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို ဖြတ်သန်းခဲ့ကြသည်။ သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ငါးနှစ်တာအပြီး ၂၀၁၅ ရွေးကောက်ပွဲကို ဖြတ်သန်းခဲ့ကြပြန်သည်။ ယခု ၂၀၂၀ ပြည့်နှစ်တွင်လည်း ရွေးကောက်ပွဲကို ပြည်သူများအားလုံး ဖြတ်သန်းခဲ့ကြသည်။ နိုင်ငံရေးသုတေသီ ဆရာကြီးမောင်စူးစမ်း၏ အယူအဆ အတွေးအခေါ်များသည် ၂၀၂၀ ပြည့်နှစ်အလွန် လက်ရှိအချိန်ကာလအထိ သက်ရောက်မှုရှိနေသည်ကို မြင်တွေ့ရပါသည်။

လက်ရှိမြန်မာ့နိုင်ငံရေးကို လေ့လာကြည့်မည်ဆိုလျှင် ကြီးမားသည့် အင်စတီကျူးရှင်းသုံးရပ်အကြား ဆက်ဆံရေးပြေပြစ်တည်ငြိမ်မှုရှိအောင်၊ ချိန်ခွင်လျှာညီမျှအောင် ၂၀၁၅ ရွေးကောက်ပွဲအလွန် တာဝန်ယူခဲ့သည့်အစိုးရတို့ မဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ တိုင်းပြည်အခြေအနေပြောင်းလဲခဲ့ရသည်ဟု စာရေးသူယူဆမိပါသည်။ နိုင်ငံရေးအယူဝါဒအမျိုးမျိုးရှိသည့်အနက် စာရေးသူကတော့ နိုင်ငံရေးဆိုတာ လက်တွေ့ဖြစ်နိုင်ခြေကို ချဉ်းကပ်၍ အကောင်းမွန်ဆုံးအခြေအနေ Good Politics ကို ဆောင်ကြဉ်းရမည်ဟူသည့် အယူအဆကိုသာ ကြိုက်နှစ်သက်မိပါသည်။

အတိတ်ကာလ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအပြီး ငါးနှစ်တာကာလဆီသို့ အတွေးများရောက်ရှိသွားသည်။ နိုင်ငံရေးကစားပွဲအတွင်း တပ်မတော်၊ လွှတ်တော်နှင့် အစိုးရတို့ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှုများကို မြင်တွေ့ခဲ့ရသည်။ လွှတ်တော်နှင့် အစိုးရတို့သည် အပြန်အလှန်ထိန်းကျောင်းခဲ့ကြသည်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အမြင်မတူသော်လည်း နိုင်ငံအတွက် လားရာတူသည့် ဆွေးနွေးသံများကြောင့်ပင် လှုပ်လှုပ်ရှားရှားနှင့် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဆရာမောင်စူးစမ်းစကားနှင့် ပြောရလျှင် ကြီးမားသည့် အင်စတီကျူးရှင်းကြီးသုံးရပ်တို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထိန်းကျောင်းတည့်မတ်ခြင်းဖြင့် ဒီမိုကရေစီအတွက် အရွေ့တစ်ခုကို မြင်သာထင်သာရှိစွာ ဖော်ဆောင်နိုင်ခဲ့သည်။ ထို့အတူ နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ချုပ်ဆိုနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးအရွေ့တစ်ခုကို အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ ထို့အပြင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ကျင်းပခဲ့ပြီး အနိုင်ရသည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံသို့ လုပသေသပ်စွာ လက်ဆင့်ကမ်းလွှဲပြောင်းနိုင်ခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်။

### ပြည်သူတစ်ဦးအနေဖြင့် နှိုင်းယှဉ်မိ

၂၀၁၅ ရွေးကောက်ပွဲ အလွန်ကာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူများထောက်ခံအားပေးမှုဖြင့် အာဏာရလာခဲ့သည်။ ဒီမိုကရေစီကို လိုလားသည့်ပြည်သူများက အားပေးမှုကိုရယူကာ တာဝန်ယူခွင့်ရသည့် အစိုးရတစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် အရာများကို လုပ်ဆောင်ရာတွင် ထောက်ခံခဲ့ကြသည့် ပြည်သူများ အကျိုးစီးပွား မည်မျှဆောင်ကြဉ်းပေးနိုင်ခဲ့သနည်းဆိုသည်နှင့် ပြည်သူတို့၏ မျှော်လင့်ချက်ကို မည်မျှဖြည့်ဆည်းနိုင်ခဲ့သနည်းဆိုသည်ကို စနစ်တကျ ဝေဖန်ပိုင်းခြားသင့်သည်ဟု ထင်မြင်ပါသည်။ ထို့အပြင် မဟာဗျူဟာကျကျ နိုင်ငံရေးတည်ငြိမ်မှုရှိအောင် အင်စတီကျူးရှင်းကြီးများအကြား ချိန်ခွင်လျှာညီမျှအောင် မည်သို့ထိန်းကျောင်းခဲ့သနည်းဆိုသည်ကိုလည်း ဆင်ခြင်သတိပြုကြစေလိုကြောင်း ပြည်သူတစ်ဦးအနေဖြင့် နှိုင်းယှဉ်မိခြင်း ဖြစ်ပါသည်။

နိုင်ငံရေးသည် စိတ်ကူးယဉ်ပုံဖော်၍မရ၊ ဖြစ်လာနိုင်ခြေများကို စဉ်းစားသုံးသပ်၍ ကိုယ်ဘယ်လောက်စွမ်းသလဲ၊ အမြော်အမြင် ဘယ်လောက်ရှိသလဲအပေါ်မှာ အခြေတည်၍ ပုံပေါ်လာလေ့ရှိပါသည်။ မီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအရေးကိစ္စများတွင် မည်သို့ပုံဖော်ခဲ့ကြသည်ကိုလည်း ပြည်သူများ စနစ်တကျဝေဖန်ပိုင်းခြားသင့်မည်ဖြစ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးအတွက် ကြိုးပမ်းခဲ့ရာတွင် တပ်မတော်အနေဖြင့်လည်း ပူးပေါင်းပါဝင်မည်ဟု အတိအလင်း သဘောထားထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်။ သို့သော် အချို့သောဥပဒေများသည် နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်ချက်ရှိနေသေးသဖြင့် ပြင်ဆင်မှုအချို့ကို ကန့်ကွက်ခဲ့သော်လည်း ရွေးကောက်ပွဲအနိုင်ရပါတီက အင်အားများသဖြင့် ပယ်ချခံခဲ့ရသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။

နိုင်ငံရေးတွင် ဘာသာရေးဖြင့် ခုတုံးမလုပ်ဟူသည့်ပုံသဏ္ဌာန်ကို NLD အစိုးရက ဖော်ဆောင်ခဲ့ခြင်းဟု အစပိုင်းတွင် စာရေးသူတို့ မှန်းဆခဲ့သော်လည်း ဘာသာရေးတွင် နိုင်ငံတော်ဘာသာဖြစ်သည့် ဗုဒ္ဓဘာသာအပေါ် အလေးမသာခဲ့ခြင်းကို ပြည်သူတစ်ဦးအနေဖြင့်လည်း စိတ်မသက်မသာ ဖြစ်ခဲ့မိပါသည်။ ဤနေရာတွင် NLD အစိုးရလက်ထက်က သံဃာတော်ရဟန်းပျိုတစ်ပါး မိန့်ကြားခဲ့ဖူးသည့် စကားရပ်တစ်ခုကိုဖော်ပြရလျှင် “နယ်ချဲ့တွန်းလှန်တဲ့ကာလကတည်းက ကြွေးကြော်ခဲ့ကြရတဲ့ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ဖို့ဆိုတဲ့စကားကို ဒီအစိုးရလက်ထက်မှာ အသံတောင်မထွက်ရဲခဲ့ဘူး။ မဘသကို ပြဿနာရှာတဲ့ လူတစ်စုလောက်သာ ထင်မှတ်ခဲ့တယ်”ဆိုပြီး မချိတင်ကဲ မိန့်ခဲ့ဖူးပါသည်။

ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်သူ ၉၀ ရာခိုင်နှုန်းကျော်ရှိနေသည့် မိမိတို့နိုင်ငံတွင် အခြားဘာသာဝင်များအား ဖိနှိပ်ခြင်း၊ ကဲ့ရဲ့ခြင်းမရှိခဲ့ဘဲ အေးချမ်းစွာ အတူတကွနေထိုင်ခဲ့ကြသည်မှာ နှစ်ပေါင်းများစွာကတည်းကပင် ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်ဘာသာဖြစ်သည့် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် အမျိုးသားရေးသမားများက ၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ရိုဟင်ဂျာမရှိဟူ၍ ငြိမ်းချမ်းစွာ ဆန္ဒ

**ပြည်တွင်းမှ အတတ်ပညာရှင်၊ အသိပညာရှင်များစွာတို့ကို မျက်ကွယ်ပြုလျက် ပြည်ပပညာရှင်များ၊ အကြံပေးများခန့်အပ်ကာ မြန်မာ့နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေး အစရှိသည့် ကဏ္ဍအသီးသီးတို့တွင် ပါဝင်စေခဲ့ခြင်းသည် နောက်ကွယ်က ကြိုးကိုင်လာမည့် ပြည်ပလက်ဝေခံဖြစ်လာမည့်အကျိုးအပြစ်ကို လျစ်လျူရှုခဲ့၊ ပြည်သူများ၏ယုံကြည်မှုကို အလွဲသုံးစားလုပ်ခဲ့၊ နိုင်ငံရေးချိန်ခွင်လျှာကို ပြက်ရယ်ပြုခဲ့သည့်ရလဒ်များအဖြစ် ယခုကဲ့သို့ အရေးပေါ်အခြေအနေရောက်ရှိခဲ့ခြင်း ဖြစ်သည်ဟု သုံးသပ်ကြသူများကိုလည်း မြင်တွေ့ရ။**

ဖော်ထုတ်ခဲ့ကြစဉ်က အာဏာရှင်ဆန်စွာ ဖမ်းဆီးအရေးယူခြင်းခံခဲ့ရသည်။ ထိုနှစ်များအတွင်း အခြားဘာသာဝင်အချို့၏ ဝတ်ပြုရာနေရာများတွင် တရားမဝင် လုပ်ဆောင်နေမှုများကို ရဲတပ်ဖွဲ့သို့ အကြောင်းကြားကာ သွားရောက်ကန့်ကွက်ခဲ့ကြသူများကိုလည်း ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ကြသေးသည်ကို အမှတ်ရမိသည်။

### လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်

နိုင်ငံအများစုတွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရရှိကြသော်လည်း ဘာသာရေးတွင် မူခြေကို အမြဲထည့်သွင်းစဉ်းစားပေးကြသည်ကို မြင်တွေ့ရသည်။ ကိုးကွယ်သူ ရာခိုင်နှုန်းအနည်း၊ အများအလိုက် ဘာသာရေးဆောင်ရွက်ခွင့်ပြုကြခြင်းဖြင့် အတူတကွငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခြားသောဘာသာများ၏ ဘာသာရေးအဆောက်အအုံများသည် အချို့သောနိုင်ငံများထက်ပင် များပြားစွာတည်ရှိနေပါသည်။ ကိုးကွယ်သူရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုနေပြီပင် ဖြစ်ပါသည်။ သို့သော် NLD အစိုးရလက်ထက်တွင် ၉၀ ရာခိုင်နှုန်းသော ဗုဒ္ဓဘာသာကိုးကွယ်သူများအတွက် မူခြေထက် ဘာသာပေါင်းစုံတန်းတူညီမျှရေးဆိုသည့်စကားရပ်ကို ရှေ့တန်းတင်ကာ ဗုဒ္ဓဘာသာ၊ ရဟန်းသံဃာတော်များ၊ သီလရှင်များကို တန်းညှိထားခဲ့ကြသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဝိနည်းလိုက်နာစောင့်ရှောက်ကြကုန်သည့် သာသနာ့နွယ်ဝင်များ၏ စိတ်ဘဝင်ကို ထိခိုက်စေခဲ့ရသည်ကိုလည်း သတိပြုစေလိုပါသည်။

### ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်း

ဘာသာရေးအပေါ် ထိခိုက်မှုများအနက် တရားဝင်အသိအမှတ်ပြုဖွဲ့စည်းထားသည့် အမျိုးဘာသာသာသနာစောင့်ရှောက်ရေး (မဘသ) မတရားအသင်းအဖြစ် ကြေညာဖိနှိပ်ခဲ့ခြင်း၊ ဦးဆောင်ဆရာတော်ကြီးများ မေတ္တာရပ်ခံမှုကြောင့် ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းအဖြစ် ပြောင်းလဲပေးခဲ့ရာတွင်လည်း ဆိုင်းဘုတ်များပင် တင်မထားရန် ပိတ်ပင်မှုများ ရှိခဲ့ဖူးသည်။ ထို့ပြင် မြတ်ဗုဒ္ဓနှင့် သံဃာတော်များအပါအဝင် သာသနာတော်အား ညှိုးနွမ်းစေနိုင်သည့် ပန်းချီကားများထွက်ပေါ်လာခဲ့ခြင်း စသည့်အခြေအနေများ ပေါ်ပေါက်လာတိုင်းလည်း ဖြေရှင်းပေးခြင်းမရှိ၊ ပြည်သူများ၏ ကိုးကွယ်ယုံကြည်မှုအပေါ် အလေးမထားခဲ့ခြင်းတို့ကိုလည်း မြင်တွေ့ခဲ့ရသည်။

ပြည်တွင်းမှ အတတ်ပညာရှင်၊ အသိပညာရှင်များစွာတို့ကို မျက်ကွယ်ပြုလျက် ပြည်ပပညာရှင်များ၊ အကြံပေးများခန့်အပ်ကာ မြန်မာ့နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေးအစရှိသည့် ကဏ္ဍအသီးသီးတို့တွင် ပါဝင်စေခဲ့ခြင်းသည် နောက်ကွယ်က ကြိုးကိုင်လာမည့် ပြည်ပလက်ဝေခံဖြစ်လာမည့် အကျိုးအပြစ်ကို လျစ်လျူရှုခဲ့၊ ပြည်သူများ၏ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခဲ့၊ နိုင်ငံရေးချိန်ခွင်လျှာကို ပြက်ရယ်ပြုခဲ့သည့်ရလဒ်များအဖြစ် ယခုကဲ့သို့ အရေးပေါ်အခြေအနေရောက်ရှိခဲ့ခြင်း ဖြစ်သည်ဟု သုံးသပ်ကြသူများကိုလည်း မြင်တွေ့ရသည်။

စာမျက်နှာ ၂၅ သို့ ❂

❂ စာမျက်နှာ ၂၄ မှ

တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး ကြိုးပမ်းခဲ့ရာတွင်လည်း ယမ်းခိုးများမငြိမ်းနိုင်သကဲ့သို့ တိုင်းရင်းသားများ၏ စိတ်ခံစားမှုများကို ထည့်သွင်းစဉ်းစားမှု အားနည်းနေခဲ့သည်ကိုလည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ဆွေးနွေးပွဲများ၏ရလဒ်များကို ကြည့်၍ သိရှိနိုင်ပါသည်။ ထို့ပြင် လွှတ်တော်အတွင်း တစ်ပါတီတည်းမှ ကိုယ်စားလှယ်အများစုတို့၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၏ ဒီမိုကရေစီခံစားမှု အာသီသကို ဖြည့်ဆည်းရန် အားနည်းနေခဲ့ခြင်း၊ တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များအား လျစ်လျူရှုမှုများပြားနေခြင်းတို့ကိုလည်း မြင်တွေ့ခဲ့ရသည်။

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအပြီး NLD ပါတီနိုင်ငံရေးဦးဆောင်သူ ဖြစ်လာခဲ့ခြင်း၏အုတ်မြစ်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လမ်းကြောင်းအတိုင်း ပုံပေါ်လာခဲ့ရခြင်းဖြစ်ပါသည်။ NLD အစိုးရလက်ထက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး တစ်ကြိမ်တစ်ခါမျှ ခေါ်ယူခဲ့ခြင်းမရှိ၊ လက်ကမ်းကြိုထားနှင့်သည့် တပ်မတော်နှင့်အတူ ပူးပေါင်းညှိနှိုင်းမှုအားနည်းစွာဖြင့် ဝေဖန်ထောက်ပြမှုများကို ဥပေက္ခာပြုခဲ့ခြင်းသည် စစ်မှန်သောဒီမိုကရေစီမဟာဗျူဟာကို မဖော်ဆောင်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ထိုငါးနှစ်တာအစ တာဝန်မယူခင်ကာလက NLD ပါတီဝင်ခေါင်းဆောင်တစ်ဦး ပြောကြားခဲ့သည်ကို ထိုစဉ်က အားရကျေနပ်ခဲ့ဖူးသည်။ အုပ်ချုပ်ရေးအတွေ့အကြုံမရှိသည့် NLD အဖို့ အစိုးရတာဝန်ကို ကျေပွန်ပါ့မလားဆိုသည်ကို "လင်းတလောက်တော့ ငှက်တိုင်းလှပါတယ်"ဟု ဖြေကြားခဲ့ဖူးပါသည်။ သမိုင်းစာမျက်နှာလှပဖို့အတွက် ကိုင်တွယ်ဆောင်ရွက်ခဲ့မှုများက သက်သေခံရပါတော့မည်။

ဒီမိုကရေစီလမ်းခရီးသို့ သွားရာတွင် အတွေးအခေါ်၊ သမိုင်း၊ ပေါ်လစီ၊ ခေါင်းဆောင်မှု၊ စိစစ်သုံးသပ်မှုပါဝင်၊ စံပြုမှု၊ လက်တွေ့ဆောင်ရွက်နိုင်မှု စသည်ဖြင့် လုပ်ဆောင်ရမည့်ခေါင်းစဉ် (Content) များရှိပါသည်။ "နိုင်ငံရေးဖြစ်နိုင်ခြေတို့ကို တွက်ချက်ရာတွင် လက်တွေ့ကျရမည်။ ပကတိအစစ်အမှန်ကို ထင်ဟပ်ရမည်။ ဆန္ဒစွဲကင်းရမည်။ စိတ်ကူးမယဉ်ရပေ"ဟု ဆရာမောင်စူးစမ်းက ဆိုခဲ့ဖူးသည်။ NLD အစိုးရနှင့် NLD ပါတီဝင်အများစုဖြင့်သာ ဖွဲ့စည်းထားသည့်လွှတ်တော်တို့သည် ငါးနှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သည်များကို အပြန်ပြန်အလှန်လှန်ဝေဖန်ဆန်းစစ် အဖြေရှာသင့်လှပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ**

မျက်မှောက်မြန်မာ့အရေးတွင် လူထုအုံကြွမှုသည် ထင်သလောက်အလုပ်မဖြစ်တော့ဘဲ ပြည်ပနိုင်ငံများက အကူအညီပေးကာ ဒီမိုကရေစီထူထောင်ရန်အတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သည်မို့ အထူးတလည် လိုအပ်မှုမရှိဟု သုံးသပ်ရပါသည်။

အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ရွေးကောက်ပွဲကာလနှစ်ခုကို ဖြတ်သန်းခဲ့ပြီး တတိယမြောက် ရွေးကောက်ပွဲမဲစာရင်းရလဒ်များမှာ ယုတ္တိမတန်ကွဲလွဲနိုင်ခြင်းကို ဝေဖန်ထောက်ပြသည့်အခါ၊ အကြိမ်ကြိမ်အခါခါ သတိပေးဖော်ထုတ်သည့်အခါ ငြင်းဆန်ခြင်း၊ အသိအမှတ် မပြုခြင်းအတွက် တပ်မတော်က ဒီမိုကရေစီလမ်းကြောင်းမှန်ကန်ဖြောင့်ဖြူးစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေခဲ့ခြင်းသာ ဖြစ်ပါသည်။

**လက်ရှိအရှိတရားသည် အရေးပေါ်အခြေအနေကြေညာထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အတိတ်ကာလအမှားအယွင်းများကို ဖက်တွယ်ရင်း အတိတ်ဖြစ်စဉ်များကို မျှော်ကာ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းနှင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားရာရောက်အောင်ပြုမူသွားမလား သို့မဟုတ် Infrastructure Base Policy Program အနေဖြင့် လက်ရှိအစိုးရ၏ဆောင်ရွက်ချက်များကို လေ့လာသုံးသပ်ပြီး လက်တွေ့ကျကျ ပြည်သူနစ်နာထိခိုက်မှုမရှိ၊ တိုင်းပြည်အခြေအနေယိမ်းယိုင်ခြင်းမရှိ၊ လူမျိုး၊ ဘာသာ၊ သာသနာဂုဏ်ရောင်ကို မြှင့်တင်ရင်း ဒီမိုကရေစီလမ်းကြောင်းနှင့်အညီ ဆက်လက်သွားမလားဆိုသည်ကို မှန်ကန်သောအသိဖြင့် ရွေးချယ်ကြဖို့ လိုအပ်နေပြီဖြစ်။**

ထိုနေရာတွင် တစ်နွယ်ငင်တစ်စင်ပါဆိုသကဲ့သို့ ဘာသာရေးအပေါ် ထိခိုက်စော်ကားနေမှု၊ အမျိုး၊ ဘာသာ၊ သာသနာတော်ကို စော်ကားပြုမူနေမှုများကိုလည်း တစ်လက်စတည်း ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိနေပြီ ဖြစ်ပါသည်။

လက်ရှိ အရှိတရားသည် အရေးပေါ်အခြေအနေကြေညာထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အတိတ်ကာလ အမှားအယွင်းများကို ဖက်တွယ်ရင်း အတိတ်ဖြစ်စဉ်များကို မျှော်ကာ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းနှင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားရာရောက်အောင် ပြုမူသွားမလား သို့မဟုတ် Infrastructure Base Policy Program အနေဖြင့် လက်ရှိအစိုးရ၏ ဆောင်ရွက်ချက်များကို လေ့လာသုံးသပ်ပြီး လက်တွေ့ကျကျ ပြည်သူနစ်နာထိခိုက်မှုမရှိ၊ တိုင်းပြည်အခြေအနေယိမ်းယိုင်ခြင်းမရှိ၊ လူမျိုး၊ ဘာသာ၊ သာသနာဂုဏ်ရောင်ကို မြှင့်တင်ရင်း ဒီမိုကရေစီလမ်းကြောင်းနှင့်အညီ ဆက်လက်သွားမလားဆိုသည်ကို မှန်ကန်သောအသိဖြင့် ရွေးချယ်ကြဖို့ လိုအပ်နေပြီဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## နေပြည်တော်၌ ၂၀၂၁ မိုးကြို စိုက်ပျိုးရေးစရိတ်ချေးငွေ ထုတ်ချေးပေးလျက်ရှိ

နေပြည်တော် မတ် ၁၅

နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်နှင့် မြို့နယ် ဘဏ်ခွဲများတွင် တောင်သူများအား ၂၀၂၁ မိုးကြို စိုက်ပျိုးရေးစရိတ်အတွက် ကျေးရွာအုပ်စု ၂၃ အုပ်စုရှိ တောင်သူ ၄၉၁ ဦးအား နှမ်းစပါး ဧက ၇၄၀၊ ချက်ကြံ ၁၅၆၅ ဧကတို့အတွက် ငွေကျပ် ၂၆၇ ဒသမ ၅၀ သန်း ထုတ်ချေးပေးလျက်ရှိပြီး ၂၀၂၁ မိုးကြို စိုက်ပျိုးရေးစရိတ်ချေးငွေ အား မတ် ၃၁ ရက်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






## ကန်ကြီးထောင့်မြို့နယ် ပိတောက်ပင်ကျေးရွာအုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား NLD ဝန်းရံသူများက မီးရှို့

နေပြည်တော် မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပိတောက်ပင်ကျေးရွာအုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား ကျေးရွာနေ NLD ဝန်းရံသူများက မတ် ၁၄ ရက် ည ၇ နာရီ ၅ မိနစ်ခန့်တွင် ဓာတ်ဆီလောင်းမီးရှို့ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ည ၈ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ရုံးခန်းအတွင်းရှိ ပရိဘောဂပစ္စည်းများ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ကန်ကြီးထောင့်မြို့မရဲစခန်းမှ စုံစမ်းဖော်ထုတ်၍ တရားဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ တွေ့ဆုံမေးမြန်းမှုသတင်း တတိယကော်လံ တတိယစာပိုဒ် စာကြောင်းရေ သုံးကြောင်းမြောက်တွင် '**ကျွန်မ ဇန်နဝါရီ ၈ ရက်နေ့က CDM စလုပ်ခဲ့တာပါ။ ဇန်နဝါရီ ၁၆ ရက်နေ့မှာပဲ ရုံးပြန်တက်ခဲ့ပါတယ်။**' အစား '**ကျွန်မ ဖေဖော်ဝါရီ ၈ ရက်နေ့က CDM စလုပ်ခဲ့တာပါ။ ဖေဖော်ဝါရီ ၁၆ ရက်နေ့မှာပဲ ရုံးပြန်တက်ခဲ့ပါတယ်။**' ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်း

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ဂျော့ဆိုးရော့စ်နှင့် အလက်ဇန္ဒြားဆိုးရော့စ်တို့၏ Open Society Foundations မှတစ်ဆင့် မြန်မာနိုင်ငံအခြေစိုက် Open Society Myanmar အဖွဲ့ထံသို့ တရားမဝင် ငွေကြေးစီးဆင်းမှုအား စတင်ထိန်းချုပ်

**နေပြည်တော် မတ် ၁၅**

နိုင်ငံတကာရှိ NGO/INGO/Media/CSO များအား ငွေကြေးထောက်ပံ့ပေးလျက်ရှိသော Open Society Foundations ၏ ဥက္ကဋ္ဌ ဂျော့ဆိုးရော့စ်သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်၌ ပထမအကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်တွင် ဂျော့ဆိုးရော့စ်နှင့်အတူ ၎င်း၏သားဖြစ်သူ Open Society Foundations ၏ ဒုတိယဥက္ကဋ္ဌ အလက်ဇန္ဒြားဆိုးရော့စ်ပါ လိုက်ပါပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်၌ ဒုတိယအကြိမ် ထပ်မံတွေ့ဆုံကာ မြန်မာနိုင်ငံ၌ Open Society Foundations ၏ လက်ခွဲတစ်ခုအဖြစ် Open Society Myanmar ကို ဖွင့်လှစ်ရေးအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

Open Society Foundations ၏ ဥက္ကဋ္ဌ ဂျော့ဆိုးရော့စ်အနေဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လမှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအထိ စုစုပေါင်း ၄ ကြိမ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု၌ ၁ ကြိမ်၊ မြန်မာနိုင်ငံ နေပြည်တော်၌ ၁ ကြိမ် စုစုပေါင်း ၂ ကြိမ် တွေ့ဆုံခဲ့သည်။

၎င်း၏ သားဖြစ်သူ Open Society Foundations ၏ ဒုတိယဥက္ကဋ္ဌ အလက်ဇန္ဒြားဆိုးရော့စ်သည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအထိ စုစုပေါင်း ၇ ကြိမ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ၆ ကြိမ် တွေ့ဆုံခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

Open Society Myanmar အဖွဲ့သည် ရုံးချုပ်အား ဗဟန်းမြို့နယ်၊ မြန်မာစင်တာ Tower အမှတ်(၁)တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ထို့နောက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂ ရက်တွင် Open Society Myanmar မှ ရန်ကုန်မြို့၊ ဝါးတန်းလမ်းရှိ SMED ဘဏ်သို့လာရောက်၍ စာရင်းဖွင့်အပ်ငွေ ဒေါ်လာ ၁၀၀ ဖြင့် ဘဏ်စာရင်း စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် ၎င်းအမေရိကန် ဒေါ်လာ ၅ သန်းအား Open Society Myanmar ဘဏ်အကောင့်သို့ ထည့်သွင်းခဲ့ကြောင်း သိရှိရသည်။

Open Society Foundations- OSFQ မှ ၂၀၁၈ ခုနှစ်အတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်(SMED)ဘဏ်သို့ အမေရိကန်ဒေါ်လာ ၅ သန်းပေးပို့မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန (Foreign Exchange Management Department - FEMDO)သို့ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ခွင့်ပြုချက်ရယူရန် ပျက်ကွက်ခဲ့ကြောင်း၊ FEMD ဌာန၏ခွင့်ပြုချက်ရရှိပြီးမှသာ Electronic Reporting System- ERS စနစ်ဖြင့် သတင်းပေးပို့ရမည်ဖြစ်သော်လည်း ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ERS စနစ်တွင် ရောနှော၍ သတင်းပေးပို့ခဲ့ကြောင်း သိရှိရသည်။



ဂျော့ဆိုးရော့စ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အမေရိကန်ပြည်ထောင်စု နယူးယောက်၌ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၄ ရက်က တွေ့ဆုံစဉ်။

အဆိုပါ အမေရိကန်ဒေါ်လာ ၅ သန်းမှာ SMED ဘဏ်နှင့် Open Society Myanmar အကြား နားလည်မှုစာချုပ်တစ်ရပ်အနေဖြင့် ချုပ်ဆိုထားကြောင်း၊ SMED ဘဏ်တွင် အဆိုပါဒေါ်လာ ၅ သန်းအား အတိုးမဲ့အပ်နှံထားခြင်းဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ၅ သန်း သုံးစွဲမည့်ကိစ္စနှင့်ပတ်သက်၍ စာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း၊ စတင်အပ်နှံခဲ့သည့် ၂၀၁၈ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ Deposit အပ်ငွေ ၅ သန်းသာရှိပြီး ထပ်တိုးထည့်သွင်းခြင်းမရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် SMED ဘဏ်၌ ထည့်သွင်းထားသည့် အမေရိကန်ဒေါ်လာ ၅ သန်း အနက်မှ ၁ ဒသမ ၄ သန်းခန့်ကို တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၄၀၀ ကျပ်ဈေးနှုန်းဖြင့် လဲလှယ်ရရှိငွေ ကျပ်သိန်းပေါင်း ၁၉,၉၉၉ သိန်းကို လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီဘဲ တရားမဝင် ထုတ်ယူသွားခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၎င်းတို့ ထုတ်ယူခဲ့သည့် မြန်မာငွေကျပ်သိန်းပေါင်း ၁၉,၉၉၉ သိန်းထဲမှ ဝန်ထမ်းလစာစရိတ်၊ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်နှင့် စီမံကိန်းလုပ်ငန်းသုံးငွေ၊ ဝန်ထမ်း ကိုးဦးထောက်ပံ့ငွေများ ပေးချေရန်အတွက် ငွေကျပ် သိန်း ၆,၀၀၀ ကို Open Society Myanmar ၏ ဘဏ္ဍာရေးမန်နေဂျာ ဒေါ်ဖြူပပသော်က အမှုဆောင်ဒါရိုက်တာဖြစ်သူ ဒေါက်တာမျိုးမြင့်အောင်ထံမှ ခွဲဝေလက်ခံရယူခဲ့ကြောင်း သိရှိရပါသည်။ ကျန်ငွေ ကျပ်သိန်းပေါင်း ၁၃,၉၉၉ သိန်းအား ဒေါက်တာမျိုးမြင့်အောင်မှ Scholarship လုပ်ငန်းစဉ်အတွက် သုံးစွဲမည်ဟု ပြောဆို၍ ယူဆောင်သွားခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်ခန့်တွင် နေပြည်တော်ရှိ NGO အဖွဲ့များမှ CDM လှုပ်ရှားမှုများကို ငွေကြေးပံ့ပိုးနေကြောင်း ပြောဆိုသံများ ထွက်ပေါ်လာသောကြောင့် ဒေါ်ဖြူပပသော်မှ ဒေါက်တာမျိုးမြင့်အောင်အား ရုံးလုပ်ငန်းစည်းမျဉ်း၊ Strategy နှင့် မကိုက်ညီသည့်လုပ်ငန်းများ၌ အဆိုပါ ငွေကျပ်သိန်းပေါင်း ၁၃,၉၉၉ သိန်းအား မသုံးစွဲသင့်ကြောင်း ဖုန်းဖြင့် ဆက်သွယ်ကာ သတိပေးပြောဆိုခဲ့ကြောင်း၊ သို့သော်လည်း ဒေါက်တာမျိုးမြင့်အောင်သည် ငွေကျပ်သိန်းပေါင်း ၁၃,၉၉၉ သိန်းနှင့်အတူ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အဆိုပါငွေကြေးများသည် CDM လှုပ်ရှားမှုအထောက်အပံ့အဖြစ် စီးဆင်းသွားနိုင်သည့်အတွက် Open Society Myanmar မှ ဒေါ်ဖြူပပသော်အား ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်မှစ၍ စစ်ဆေးမေးမြန်းလျက်ရှိပါသည်။ ကျန်ရှိသည့် အောက်ပါ ပုဂ္ဂိုလ် ၁၁ ဦးအား အချိန်မီ ဖမ်းဆီးထိန်းသိမ်း၍ စစ်ဆေးမေးမြန်းရန် ဆောင်ရွက်လျက်ရှိပါသည် -

(၁) ဦးစစ်နိုင်(ဥက္ကဋ္ဌ)
(၂) ဒေါ်မြင့်စု(ဒုဥက္ကဋ္ဌ)
(၃) ဒေါက်တာ မျိုးမြင့်အောင် (အမှုဆောင်ဒါရိုက်တာ)
(၄) ဦးစောငါးထူးဘဆိုင်(ပရိုဂရမ်မန်နေဂျာ)
(၅) ဦးဝင်းကျော်ကျော်ဦး(စီမံရေးအရာရှိ)
(၆) ဒေါ်မေမိုးခိုင် (ပရိုဂရမ်အရာရှိ)၊
(၇) ဦးအောင်အောင်လှိုင် (ပရိုဂရမ်အရာရှိ)၊
(၈) ဒေါ်ခေါန်နန်း(ပရိုဂရမ်အရာရှိ)၊
(၉) ဒေါ်စုစုအောင် (ပရိုဂရမ်နှင့် စီမံရေးကျွမ်းကျင်)
(၁၀)ဒေါ်ဇာခြည်ဝင်းထွန်း (စာရင်းကိုင်)
(၁၁)ဦးမျိုးကြည်သာစံ (နည်းပညာ အထောက်အကူ)တို့ ဖြစ်ကြပါသည်။

အလားတူ နိုင်ငံတကာမှဝင်ရောက်လျက်ရှိသည့် Open Society Myanmar ၏ ငွေစာရင်းအကောင့်များ၏ ငွေကြေးစီးဆင်းမှုများကိုပါ ထိန်းချုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ ဘဏ်လုပ်ငန်း ၂၄ ခုအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်(SMED)ဘဏ်နှင့် သမဝါယမဘဏ်(CB)ဘဏ်စသည့် ပုဂ္ဂလိကဘဏ် လေးခုတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၁ သန်းနှင့် မြန်မာကျပ်ငွေ ၃၇၅ သန်းအပ်နှံထားကြောင်း စိစစ်တွေ့ရှိရသဖြင့် ယင်းဘဏ်အကောင့်များကိုပါ ထိန်းချုပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

SMED ဘဏ်အနေဖြင့် နိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရဘဲ အမေရိကန် ဒေါ်လာ ၅ သန်းအား ထည့်သွင်းခဲ့ခြင်း၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းအား မြန်မာငွေဖြင့် လဲလှယ်ထုတ်ယူခြင်းအား Electronic Reporting System - ERS စနစ်ဖြင့် ဗဟိုဘဏ်သို့ သတင်းပေးပို့ရန် ပျက်ကွက်ခြင်းတို့ကြောင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတို့ဖြင့် ထိရောက်စွာအရေးယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ Open Society Myanmar အဖွဲ့အစည်းသည်လည်း အသင်းအဖွဲ့ဆိုင်ရာ ဥပဒေ စည်းမျဉ်းများအား ချိုးဖောက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဥပဒေအရ အရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ငွေကျပ်သိန်းပေါင်း ၁၃,၉၉၉ သိန်းနှင့်အတူ ထွက်ပြေးတိမ်းရှောင်နေသည့် ဒေါက်တာမျိုးမြင့်အောင် အပါအဝင် ၁၁ ဦးကိုလည်း တရားဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံ ၁၁ ဦးအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အောင်မြေသာစံမြို့နယ် မန္တလေးဗဟိုအကျဉ်းထောင်စစ်ဆေးရေးဂိတ်ရှေ့၌ လက်လုပ်မိုင်း သယ်ဆောင်လာသူ နှစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် အကွက်(၄၀) (၁)လမ်းနှင့် အိုးဘို(A)လမ်းထောင့် မန္တလေးဗဟိုအကျဉ်းထောင်စစ်ဆေးရေးဂိတ်ရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ယနေ့နံနက် ၈ နာရီခွဲခန့်တွင် အရပ်သားနှစ်ဦး စီးနင်းလာသော ဆိုင်ကယ်နှစ်စီးအား ရပ်တန့်စစ်ဆေးရာ လက်လုပ်မိုင်းနှစ်လုံးနှင့် ကျဉ်စက်တစ်ခုတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးဗဟိုအကျဉ်းထောင်ဂိတ်ရှေ့ လမ်းအနောက်မှ အရှေ့သို့ ပြည်ကြီးတံခွန်မြို့နယ် လှိုင်သာယာရပ်ကွက်နေ ပိုင်ဇေဦး (ဘ) ဦးသိန်းနိုင် မောင်းနှင်လာသော YUNDE အမျိုးအစားလိုင်စင်မဲ့ ဆိုင်ကယ်နှင့် ချမ်းအေးသာစံမြို့နယ် ၃၂ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်နေ သန်းထိုက်စံ(ဘ)ဦးမြင့်ဝင်း မောင်းနှင်လာသည့် HONDA Click-125 အမျိုးအစား ဆိုင်ကယ်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့်စစ်ဆေးရာ ပိုင်ဇေဦး၏ ကျောပိုးအိတ်အတွင်းမှ PR စာတန်းပါ ကတ်ထူစက္ကူပတ်ထားသော အချင်း ၁ ဒသမ ၈ လက်မ၊ အရှည် ငါးလက်မခန့်ရှိ စနက်တံကြိုးပါ စက္ကူပတ်လက်လုပ်မိုင်း တစ်လုံး၊ စာတန်းမပါ အချင်း ၁ ဒသမ ၈ လက်မ၊ အရှည် ငါးလက်မခန့်ရှိ စနက်တံကြိုးပါ စက္ကူပတ် လက်လုပ်မိုင်းတစ်လုံး၊ 704 စာတန်းပါ အရှည် ခြောက်လက်မ၊ ဗျက် ၁ ဒသမ ၅ လက်မခန့်ရှိ အနက်ရောင်ကျဉ်စက် တစ်ခုတို့အား သိမ်းဆည်းရမိခဲ့ပြီး ပိုင်ဇေဦး၏ ပြောကြားချက်အရ လက်လုပ်မိုင်းနှင့် ကျဉ်စက်တို့အား အိုးဘိုထောင်အတွင်းရှိ ဆူပူဆန္ဒပြမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော ၎င်း၏ အကိုဝမ်းကွဲတော်စပ်သူ ဇင်မင်းခန့်အား သွားရောက်တွေ့ဆုံ ပို့ဆောင်စဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါဖမ်းဆီးရမိသူ နှစ်ဦးအား အောင်မြေသာစံမြို့နယ် ရဲစခန်းမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်( Small and Medium Enterprise Development Bank)နှင့်ပတ်သက်၍ တာဝန်ရှိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၅**

အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် (Small and Medium Enterprise Development Bank–SMED Bank)အား ၁၉၉၆ ခုနှစ်တွင် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဘဏ် (Myanmar Industrial Development Bank –MIDB)အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်အထိ ဘဏ်လုပ်ငန်းများကို နိုင်ငံတော်မှ တစ်စိတ်တစ်ပိုင်းပါဝင်သော (Semi–Government Bank)ဘဏ်အဖြစ် ရပ်တည်ဖွင့်လှစ်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်မှစတင်၍ ရှယ်ယာရှင်များက ရွေးချယ်တင်မြှောက်ထားသော ဒါရိုက်တာအဖွဲ့ဝင်များက စီမံခန့်ခွဲမှုပြုလုပ်၍ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(Small & Medium Industrial Development Bank –SMID Bank) အဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ မေလတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (Small and Medium Enterprise Development Bank–SMED Bank)အဖြစ် လည်းကောင်း အမည်ပြောင်းလဲခဲ့သည်။

SMEDဘဏ်နာယကအဖြစ်ဦးခင်ရွှေကဆောင်ရွက်ပြီး ဥက္ကဋ္ဌအဖြစ် ဒေါ်စန်းစန်းရီက လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးသွင်မြင့်မောင်၊ ဦးဇေယျာညွန့်နှင့် ဦးဇေသီဟတို့က လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ဒေါက်တာဉာဏ်သစ်လှိုင်၊ ဦးဗိုလ်ဗိုလ်ဇော်ချစ်လှိုင်၊ ဦးတင်အောင်သန်း၊ ဦးငြိမ်းကျော်၊ ဦးသန်းကျော်၊ ဦးသီဟအောင်၊ ဦးစိန်သစ်နှင့် ဦးကျော်ကျော်စိုးတို့က လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

SMED ဘဏ်အနေဖြင့် ရုံးချုပ်အား အမှတ်(၂၉၈)၊ အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားပြီး နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခု၌ ဘဏ်ခွဲပေါင်း ၂၆ ခု ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

SMED ဘဏ်တွင် Open Society Myanmar မှ အမေရိကန်ဒေါ်လာများ အပ်နှံထားရှိကြောင်း သတင်းရရှိသည့်အတွက် ၂၀၂၂ ခုနှစ်၊ မတ် ၇ ရက်တွင် အဆိုပါဘဏ်၏ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးဇေယျာညွန့်အား ခေါ်ယူစစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့သည်။

ဦးဇေယျာညွန့်၏ ထွက်ဆိုချက်အရ ၎င်းတို့ဘဏ်တွင် Open Society Myanmar အဖွဲ့မှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂ ရက်တွင် အမေရိကန်ဒေါ်လာ ၁၀၀ ဖြင့် ဘဏ်ငွေစာရင်း စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါဘဏ်ငွေစာရင်းအတွင်းသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်တွင် စင်ကာပူနိုင်ငံအခြေစိုက် OVERSEA–CHINESE BANKING CORPORATION LIMITED ဘဏ်မှ အမေရိကန်ဒေါ်လာ ၅ သန်းအား လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ SMED ဘဏ်ရှိ Open Society Myanmar ဘဏ်ငွေစာရင်းသို့ အမေရိကန်ဒေါ်လာများ ဝင်ရောက်လာမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန (Foreign Exchange Management Departmant – FEMD)မှ တာဝန်ရှိသူအား ၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

စိစစ်ချက်အရ SMED ဘဏ်အနေဖြင့် စင်ကာပူနိုင်ငံအခြေစိုက် OVERSEA–CHINESE BANKING CORPORATION LIMITED ဘဏ်မှ အမေရိကန်ဒေါ်လာ ၅ သန်းအား Open Society Myanmar သို့ လွှဲပြောင်းပေးပို့ခဲ့မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်ဖြစ်သော နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းအရ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လိုင်စင်ရရှိသူ(ဘဏ်)သည် တစ်ဖက်သတ် လွှဲပြောင်းပေးချေမှုများအတွက် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ အထိ၊ သို့မဟုတ် ယင်းနှင့် ညီမျှသော နိုင်ငံခြားငွေထက် ပိုများသည့်ပမာဏကို တောင်းခံတင်ပြလာပါက ဗဟိုဘဏ်သို့ တင်ပြပြီး ၎င်းငွေကို လက်ခံမည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့၏ ငွေစာရင်းသို့ ငွေအားမထည့်သွင်းပေးမီ သက်ဆိုင်ရာဘဏ်မှ ဗဟိုဘဏ်ရှိ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန



အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ(၂)၊ အမှုဆောင်အရာရှိချုပ် ဦးဇေယျာညွန့်

(Foreign Exchange Management Department–FEMD)သို့ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ခွင့်ပြုချက်ရယူရန်ပျက်ကွက်ခဲ့ပြီး Electronic Reporting System – ERS ဖြင့် အပ်ငွေ(Deposit)အနေဖြင့်သာ သတင်းပေးပို့ထားကြောင်း တွေ့ရှိရသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်တွင် Open Society Myanmar အဖွဲ့မှ Executive Director ဖြစ်သူ ဒေါက်တာမျိုးမြင့်အောင်နှင့် Program Officer ဖြစ်သူ ဒေါ်မေမိုးခိုင်တို့ လက်မှတ်ရေးထိုးထားသော ချက်စာရွက်ဖြင့် Finance Manager ဖြစ်သူ ဒေါ်ဖြူပပအောင်က ဘဏ်သို့လာရောက်၍ Open Society Myanmar ဘဏ်ငွေစာရင်းအတွင်းရှိ အမေရိကန်ဒေါ်လာ ၅ သန်းအနက်မှ ၁ ဒသမ ၄၂ သန်းအား မြန်မာကျပ်ငွေ ၁၉,၉၉၉ သိန်းအဖြစ်ပြောင်းလဲ၍ ထုတ်ယူသွားခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်တွင် ပြည်တွင်းရှိဘဏ်များအနေဖြင့် အမေရိကန်ဒေါ်လာအားငွေသားဖြင့်ထုတ်ပေးရာတွင် နိုင်ငံတကာသံရုံးများ၊ နိုင်ငံတကာတရားဝင်အဖွဲ့အစည်းများဖြစ်သည့် United Nations–UN၊ Asian Development Bank – ADB၊ World Bank၊ International Monetary Fund–IMF ၊ The International Committee of the Red Cross –ICRC မပါ၊ ကျန်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား တစ်ပတ်လျှင် ၂ ကြိမ်ထက်ပို၍ မထုတ်ပေးရန်နှင့် ထုတ်ပေးရာတွင်လည်း အမေရိကန်ဒေါ်လာ ၅,၀၀၀ ထက်ပို၍ မထုတ်ပေးရန် ညွှန်ကြားထားရှိကြောင်း သိရှိရသည်။

ထို့ကြောင့် SMED ဘဏ်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂ သန်းအား ငွေသားအဖြစ်ထုတ်ပေးခဲ့ခြင်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်ကို ချိုးဖောက်ခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂ သန်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲထုတ်ပေးခဲ့သည့်အတွက် Customer နှင့်ဘဏ်များအကြား ဒေါ်လာရောင်းဝယ်မှုဖြစ်သဖြင့် Electronic Reporting System – ERS စနစ်ဖြင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီခွဲ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနသို့ သတင်းပို့ရမည်ဖြစ်သော်လည်း သတင်းပို့တင်ပြမှုမရှိခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းစည်းမျဉ်းအရ မြန်မာကျပ်ငွေသိန်း ၁,၀၀၀ နှင့်အထက်ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ အပ်နှံခြင်းများအတွက်လည်း ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(Financial Intelligence Unit–FIU) သို့ သတင်းပို့တင်ပြရမည်ဖြစ်သော်လည်း SMEDဘဏ်အနေဖြင့် တင်ပြမှုမရှိခြင်း စသည့်ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းများအား ချိုးဖောက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထိုသို့ နိုင်ငံခြားငွေ ဝင်ရောက်လာမှု၊ ငွေအပ်နှံထားရှိမှု ငွေထုတ်ယူမှုများနှင့် ပတ်သက်၍ SMED ဘဏ်သည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့ရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် SMED ဘဏ်၏ တာဝန်ရှိသူများအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**❑ ထေရ်ကြီးဝါကြီးမှ**

ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းခတ်မြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မှီခိုသူမိသားစုဝင်များအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် တောင်ကုတ်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာ အသီးသီး၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။
**သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လူစုလူဝေးဖြင့် အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ရန် ပြုလုပ်

**နေပြည်တော် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့မှ မိုးကုတ်မြို့နယ်ရဲတပ်ဖွဲ့တွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော အရာရှိဦးစီးလုံခြုံရေးတပ်ဖွဲ့ဝင် ရှစ်ဦးသည် ယနေ့နံနက်ပိုင်းတွင် လက်နက်ခဲယမ်း ရှစ်လက်နှင့်အတူ အရပ်ဝတ် ဝတ်ဆင်ကာ Light Truck ယာဉ်ဖြင့် မိုးကုတ်မြို့မှ စဉ့်ကူးမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့သည်။

နံနက် ၁၁ နာရီကျော်ခန့်တွင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာမရောက်မီ ရပ်တော်မူဘုရားရှေ့အရောက်တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၄၀၀ ခန့်မှ တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ကာ တပ်ဖွဲ့ဝင်များလိုက်ပါလာသော မော်တော်ယာဉ်ကို တားဆီးပြီး ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် ယာဉ်အားရပ်တန့်ထားခဲ့ပြီး တပ်ဖွဲ့ဝင်များသည် မန္တလေး–မိုးကုတ် ကားလမ်းအရှေ့ဘက် တစ်မိုင်ခန့်အကွာ တောင်ပေါ်သို့ တိမ်းရှောင်ခဲ့ရသည်။

ဖြစ်စဉ်ဖြစ်ပွားခဲ့သောနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်း၍ သွားရောက်ရှာဖွေခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် ဒဏ်ရာရရှိ တပ်ဖွဲ့ဝင် တစ်ဦး စုစုပေါင်း ခုနစ်ဦးအား ပြန်လည်တွေ့ရှိခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ ကျန်တပ်ဖွဲ့ဝင်တစ်ဦး ညနေ ၆ နာရီ ၁၅ မိနစ်တွင် ထပ်မံတွေ့ရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သေနတ် ၂ လက်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တိမ်းရှောင်နေစဉ် မောင်းပြန်ရိုင်ဖယ်များပါရှိသော်လည်း ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ပစ်ခတ်မှုမရှိဘဲ ထိန်းသိမ်းဆောင်ရွက်ခဲ့သော်လည်း အကြမ်းဖက်လူအုပ်စုအနေဖြင့် တောင်အောက်ခြေကိုင်းတောများအား မီးရှို့ခြင်းဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသက်သေဆုံးစေသည်အထိဖြစ်စေရန် ဦးတည်ကာ အကြမ်းဖက်လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိရပါသည်။

ဖြစ်စဉ်တွင် နယ်မြေရှင်းလင်းရန် လိုက်ပါသွားသော လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်လူအုပ်စုအတွင်း ပါဝင်သူ ချောင်းကြီးကျေးရွာ၊ သပိတ်ကျင်းမြို့နယ်နေသူ အမျိုးသား ၂ ဦး(စိစစ်ဆဲ)အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျန်ရှိခဲ့သည့် Light Truck ယာဉ်မှာ ဆူပူအကြမ်းဖက်လူအုပ်စုမှ ဖျက်ဆီးခြင်းခံခဲ့ရ၍ ပျက်စီးဆုံးရှုံးခဲ့သည်။

လက်ရှိအချိန်ကာလတွင် နေရာအနှံ့အပြား၌ သာမန်ဆူပူမှုအသွင်မှ အကြမ်းဖက်အဖွဲ့အစည်းပုံစံကဲ့သို့ ကူးပြောင်းလုပ်ဆောင်လာနေသဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ မျက်နှာကိုထောက်ရှုကာ အရေးယူဆောင်ရွက်မှုများကို ပိုမိုထိရောက်ပြတ်သားစွာဆောင်ရွက်ရမည့်အချိန်ကာလသို့ ရောက်ရှိ၍နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မင်းမဲ့စရိုက်ဆန်စွာ အဖျက်အမှောင့်လုပ်ဆောင်နေမှုများ ဖြစ်ပေါ်လာအောင် လှုံ့ဆော်နေသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော်  မတ်  ၁၅**

မြန်မာနိုင်ငံအတွင်းရှိ အချို့မြို့ကြီးများတွင် ဆူပူဆန္ဒပြမှုများဖြစ်ပွားလျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်ရေးအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မလိုလားသော အကြမ်းဖက်ရမ်းကားသည့် လူအုပ်စုများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိပ်တိုက်ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများသို့ စီးနင်းဝင်ရောက်ခြင်း၊ မီးရှို့ခြင်းနှင့် အကြမ်းဖက်ရန်ပြုခြင်းများ ယခင်ကာလများထက် ပိုမိုတိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရှိရသည်။



ထို့ပြင် အများပြည်သူ အနှောင့်အယှက်ဖြစ်စေရန်အတွက် အချို့မြို့ကြီးများရှိ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်းကြောင်းများတွင် အတားအဆီးများ ချထားပိတ်ဆို့ခြင်း၊ တာယာကွင်းများစုပုံ၍ မီးရှို့ခြင်း၊ အထိတ်တလန့်ဖြစ်စေရန် အသံပေးလက်လုပ်ဗုံးများ ပစ်ခတ်ခြင်း၊ ညာသံပေးအော်ဟစ်ခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံနှင့် မော်တော်ယာဉ်များကို ဖျက်ဆီးခြင်း၊ ဘဏ်အချို့ရှိ ATM ငွေထုတ်စက်များကိုဖျက်ဆီး၍ ငွေများလုယူခြင်း စသည့် မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်မှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသအတွင်းအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အချိန်မီသွားရောက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် လူစုခွဲခြင်း၊ အတားအဆီးများ ဖယ်ရှားခြင်း၊ လမ်းကြောင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း အကြမ်းဖက်ရမ်းကားသူများက တုတ်၊ ဓား၊ လက်နက်များ၊ လေးဂွ၊ ဂျင်ကလိများ လက်လုပ်မီးလောင်ဗုံးများ၊ အက်ဆစ်များ စသည်တို့ကို အသုံးပြုတိုက်ခိုက်လာသည်သာမက လူ့အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်အထိ ဒဏ်ရာရရှိနိုင်သော သေနတ်ကဲ့သို့သော လက်နက်ပစ္စည်းများကိုပါ အသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်လာကြောင်း တွေ့ရှိရသည်။

ထို့ပြင် နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် လုပ်သားပြည်သူအများအပြား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားသည့် အလုပ်ရုံ၊ စက်ရုံများကိုလည်း မီးရှို့ဖျက်ဆီးရန် တိုက်တွန်းနှိုးဆော်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ အများပြည်သူအသုံးပြုလျက်ရှိသော တယ်လီဖုန်း ကေဘယ်လိုင်းများအား ဖျက်ဆီးခြင်း၊ အုပ်ချုပ်ရေးမှူးရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများကို ပစ်မှတ်ထားမီးရှို့ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ ထိုအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မတ် ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း အမှတ်(၄၀)ရှိ Global Fashion အထည်ချုပ်စက်ရုံ၊ အမှတ်(၄၀၆)ရှိ ဝေကြယ်အထည်ချုပ်စက်ရုံ၊ ရွှေနဂါးခတ်မြေဩဇာစက်ရုံ၊ ဦးထွန်းညိုလမ်းနှင့် ဦးဖိုးလှိုင် လမ်းထောင့်ရှိ အမှတ်(၉၄/၉၅) ယွမ်ဟောင်အထည်ချုပ်စက်ရုံ၊ အမှတ် (၇)ရပ်ကွက် အင်းစိန်ညောင်တုန်းလမ်းမကြီးအနီးရှိ အထည်ချုပ်စက်ရုံ၊ မင်းကြီးမဟာမင်းခေါင်လမ်းရှိအမှတ်(၂၇၃)၊ စမ်းမာထက် အထည်ချုပ်စက်ရုံ၊ စက်မှုဇုန် (၂) ဒေါ်ဖွားရှင်လမ်း အမှတ်(၁၁/၁၂)ရှိ Myarmar Sunview Co.,Ltd အထည်ချုပ်စက်ရုံ၊ သံချပ်ဝန် ဦးညွန့်လမ်း အမှတ်(၈၉/၉၀)ရှိ Suntime JCK အထည်ချုပ်စက်ရုံ၊ ဝါးတစ်ရာစက်မှုဇုန်၊ အမှတ်(၁၅၇/၁၅၈)ရှိ Wanxinda အိတ်ချုပ်စက်ရုံ၊ အင်းစိန်မြို့နယ် ရွှေပြည်သာလမ်းနှင့် ပုလဲလမ်းထောင့်ရှိ Honor Apparea၊ အထည်ချုပ်စက်ရုံ၊ ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်(၂)ရှိ ရွှေပြည်သာလမ်းနှင့် ဘုရင့်နောင်လမ်းရှိ Myanmar Solo Moda အထည်ချုပ်စက်ရုံ၊ JCK အထည်ချုပ်စက်ရုံ၊ အမှတ် (၆)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးဘေး အခြေခံပညာအထက်တန်းကျောင်းတို့တွင် မီးရှို့မှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ မီးလောင်ကျွမ်းမှုအပေါ် နီးစပ်ရာ မြို့နယ်မီးသတ်စခန်းများက မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ဆူပူဆန္ဒပြလှုပ်ရှားသူများသည် မီးသတ်ယာဉ်များ မီးသတ်စခန်းမှ ထွက်ခွာငြိမ်းသတ်၍ မရအောင် ပိတ်ဆို့တားဆီးခြင်း၊ အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်ရန်ပြုခြင်းများ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာမှသာလျှင် မီးသတ်ယာဉ်များ ထွက်ခွာငြိမ်းသတ်ခြင်းကို ဆောင်ရွက်နိုင်ခဲ့သည်။

ထိုကဲ့သို့ လမ်းမများပေါ်တွင် အတားအဆီးများ ပြုလုပ်၍ လမ်းပန်းဆက်သွယ်မှုပြတ်တောက်အောင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပြုလုပ်ခြင်းသည် လက်ရှိရာသီဥတုအချိန်ကာလအရ မီးဘေးအန္တရာယ်ကြီးမားစွာဖြစ်ပွားလာပါက မီးသတ်ယာဉ်များ အချိန်မီရောက်ရှိနိုင်မှုမရှိဘဲ ရပ်ရွာလူထု၏ အိုးအိမ်ပစ္စည်းများမြောက်မြားစွာသို့ ကူးစက်လောင်ကျွမ်းကာ ဆုံးရှုံးပျက်စီးခြင်းများကို ကြုံတွေ့လာရနိုင်သည့်အတွက် အေးချမ်းသာယာစွာ နေထိုင်လိုသူများကိုပါ စိုးရိမ်ပူပန်မှုများ၊ ဘေးဒုက္ခဖြစ်ပွားမှုများကို ဖြစ်ပေါ်လာစေနိုင်သည်။

အတားအဆီးများ နေ့စဉ် ဆက်လက်ပြုလုပ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်မှု၊ ဖြစ်ပွားမှုများသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ထိခိုက်သေဆုံးမှုများ၊ ဘေးအန္တရာယ်ဖြစ်ပွားမှုများ စသည်ဖြင့် ဘက်ပေါင်းစုံမှ ယိုယွင်းပျက်စီးမှုများကို ကြုံတွေ့လာရသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အပါအဝင် မြို့နယ်ပေါင်း ခြောက်မြို့နယ်ကို အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးပြီး အဆိုပါမြို့နယ်များအား မူလအတိုင်း တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ပါ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသူများ၊ ဖြစ်ပေါ်လာအောင် အားပေးအားမြှောက် ပြုလုပ်လှုံ့ဆော်နေသူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်မှုမရှိကြရန်နှင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကိုသာ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**




## ကော့သောင်းမြို့ (၁၀)မိုင်ကျေးရွာရှိ ဆူပူအကြမ်းဖက်သူတစ်စုက ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသူအား ဓားဖြင့်ခုတ်သတ်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိ

**နေပြည်တော်  မတ်  ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် (၁၀)မိုင်ကျေးရွာရှိ အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်အား မတ် ၁၂ ရက် ည ၉ နာရီ ၃၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူတစ်စုက ဓားဖြင့်ဝင်ရောက်ခုတ်ခဲ့သဖြင့် သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပါဝင်ပတ်သက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် (၁၀)မိုင်ကျေးရွာနေ ဦးစိုးဝင်းမိုး(ဘ)ဦးဝင်းငွေ၊ ဦးကျော်ဆန်းဝင်း(ဘ) ဦးမျိုးဆန်း၊ မဝင်းဝင်းခိုင် (ဘ)ဦးကျင်စွမ်း၊ ဦးအောင်ဇော်မြင့်(ဘ)ဦးဝင်းဇော်နှင့် ဦးသီဟစိုး(ဘ) ဦးဉာဏ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများကို တရားဥပဒေအရအရေးယူနိုင်ရေးနှင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ထပ်မံဖမ်းဆီးရမိရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၅) ကြိမ်မြောက် ကျပ်၁၀၀၀တန် ထီပေါက်စဉ် ၂၀၁၂ ခုနှစ် ၊ မတ် လ (၁၅) ရက်နေ့ အခမဲ့ထုတ်ဝေသည်

### အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဓ - ၉၈၂၂၆၃

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

မ - ၆၉၈၂၆၆

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဋ - ၃၄၉၉၆၉

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဓ - ၇၃၁၇၃၄

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

စ - ၉၈၃၀၉၉

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ် ပေးသည့် ကျပ်သိန်း(၁၀၀၀)ဆု (၁) ဆု

ပ -၄၁၀၃၄၈

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀) ဆုများ

ဝ - ၂၅၇၅၉၄
ကခ - ၂၅၅၉၀၈
ဖ - ၅၅၅၄၅၁
ပ - ၅၈၀၅၄၀
ဓ - ၆၄၄၃၇၀
ဋ - ၇၁၄၅၂၁
ဘ - ၉၉၁၈၆၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ် ပေးသည့် ကျပ်သိန်း(၅၀၀)ဆု (၅) ဆု

မ -၂၈၀၀၁၇
ဒ -၁၆၃၁၇၉
မ -၁၈၆၉၅၉
ဘ -၅၀၅၁၈၅
ကဂ -၆၅၂၃၄၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

င -၁၇၆၆၂၇ ကခ -၄၁၈၄၉၃
တ -၁၇၆၉၀၇ ခ -၆၉၅၇၈၉
ပ -၃၀၄၃၇၇ ဖ -၈၉၅၆၉၄
ဏ -၃၅၁၀၀၄ ရ -၉၀၅၄၁၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ် ပေးသည့် ကျပ်သိန်း(၂၀၀)ဆု (၃) ဆု

ဖ -၁၇၃၄၄၀
ဆ -၄၄၆၂၁၀
က -၆၅၄၀၁၃

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

ရ -၁၇၁၆၁၉ ကစ -၇၀၅၁၅၈
မ -၂၉၃၆၂၃ ဘ -၇၁၅၀၁၈
ရှ -၄၅၃၁၄၅ ဃ -၈၁၇၆၁၀
ရ -၅၈၈၅၁၃ က -၈၃၅၁၂၂
တ -၆၂၃၃၂၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ် ပေးသည့် ကျပ်သိန်း(၁၀၀)ဆု (၃) ဆု

က -၃၂၉၈၄၅
ဓ -၈၆၉၃၅၇
လ -၈၈၉၉၃၄

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဒ -၁၇၄၁၂၆ ဆ -၆၅၇၁၂၃ ကက -၈၀၀၇၂၆
န -၅၉၇၀၄၀ ထ -၃၅၁၅၈၉ ဈ -၉၄၂၀၀၈
ကင -၆၀၄၄၈၇ လ -၇၉၀၆၃၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ည -၁၀၉၀၃၅ ဂ -၅၅၉၅၅၅ ပ -၃၃၃၂၂၂
ဘ -၃၃၉၅၂၉ ဒ -၆၃၇၃၀၆ ကင -၃၄၆၄၇၉
ဓ -၅၂၄၉၀၃ ခ -၆၉၅၇၇၆ ရ -၉၀၄၄၄၅

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀)ဆုများ

ခ -၁၀၀၂၉၀ ကဂ -၃၁၄၄၁၆ ဓ -၄၈၃၀၉၁ ရ -၇၃၅၇၉၆ ကခ -၉၂၂၇၁၁ ဘ -၉၅၂၀၀၇
ဖ -၂၀၃၇၁၇ ဝ -၄၆၀၃၉၄ ရ -၅၈၆၉၉၇ ဖ -၈၅၈၁၀၉ ဃ -၉၃၄၉၅၈

## [illegible] ဆုမဲစနစ်

### [illegible] ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| ပ - ၁၂၀၀၂ | ရ - ၅၅၈၅၁ | သ - ၈၃၉၉၄ |
| ခ - ၄၂၇၇၆ | စ - ၆၅၃၀၂ | သ - ၈၉၄၂၉ |
| ပ - ၅၂၈၆၃ | ဃ - ၃၈၃၆၆ | ကခ - ၉၀၉၃၂ |
| ဒ - ၁၇၃၁၂ | | |

[illegible] - ကျပ်(၃)သိန်း

### [illegible] ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| သ - ၁၉၈၀ | ကက - ၆၀၀၉ | မ - ၈၃၃၀ |
| ထ - ၁၃၃၈ | ည - ၆၉၀၁ | ည - ၉၂၅၃ |
| ဃ - ၃၅၁၀ | ဓ - ၈၃၆၅ | သ - ၉၈၃၃ |
| ကသ - ၄၈၄၆ | | |

[illegible] - ကျပ်(၂)သိန်း

### [illegible] ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ခ - ၁၆၂ | က - ၅၀၉ | ဃ - ၃၀၀ |
| ကဂ - ၁၈၈ | ရ - ၅၀၉ | ကယ - ၃၉၆ |
| စ - ၂၅၄ | ဃ - ၅၁၄ | ကစ - ၈၀၁ |
| က - ၃၆၆ | ဃ - ၅၀၅ | ရ - ၈၉၃ |
| ရ - ၀၉၄ | ဓ - ၅၄၀ | ဿ - ၉၀၉ |
| ဃ - ၄၄၂ | က - ၅၄၀ | ဓ - ၉၆၉ |
| ကင - ၄၇၁ | | |

[illegible] - ကျပ်(၁)သိန်း

### [illegible] ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ရ - ၁၈ | ဓ - ၄၄ | န - ၇၂ |
| ကခ - ၁၉ | ဃ - ၄၆ | ဂ - ၇၃ |
| ခ - ၂၁ | က - ၄၃ | ဓ - ၇၆ |
| ဒ - ၂၂ | ဓ - ၅၀ | ဒ - ၉၀ |
| ဇ - ၂၄ | ကက - ၆၀ | ဂ - ၉၀ |
| ကယ - ၂၈ | ကစ - ၆၆ | ဂ - ၉၃ |
| ပ - ၃၃ | စ - ၆၉ | ထ - ၉၃ |
| ကဂ - ၃၈ | ဃ - ၆၉ | ဃ - ၉၈ |
| ဒ - ၄၀ | | |

[illegible] - ကျပ်(၅)သောင်း

## [illegible] (၂၅၀၀)မှ [illegible] ဆုမဲများ

### [illegible] ကျပ်သိန်း(၅၀) ဆုများ

[illegible]

ဓ - ၂၇၈၄၅၇

ဓ - ၃၅၆၃၃၉

### [illegible] ကျပ်(၂၀)သိန်းဆုများ

[illegible]

ပ - ၄၁၃၈၄၁

### [illegible] ကျပ်(၁၀)သိန်းဆုများ

[illegible]

ကက - ၃၀၃၁၈၄

### [illegible] ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ဝ - ၂၈၅၂၀၀ | ဃ - ၃၃၃၈၉၃ |
| ဠ - ၃၁၆၀၂၃ | ဂ - ၈၀၅၉၉၅ |

### [illegible] ကျပ်(၅)သိန်းဆုများ

| | |
|---|---|
| ခ - ၃၂၃၉ | ဂ - ၈၆၀၉၀ |

[illegible] - ကျပ်(၅)သိန်း

### [illegible] ကျပ်(၂)သိန်းဆုများ

ရ - ၁၀၈၂

ထ - ၄၅၈၉

[illegible] - ကျပ်(၂)သိန်း

### [illegible] ကျပ်(၁)သိန်းဆုများ

ဟ - ၆၅၆

ကဝ - ၈၀၈

[illegible] - ကျပ်(၁)သိန်း

[illegible]

[illegible]

[illegible]

## စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ် ၂ / ၂၀၂၁ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၂ / ၂၀၂၁**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
( ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ် ၃ / ၂၀၂၁ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၃ / ၂၀၂၁**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
( ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၁/ ၂၀၂၁၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၂/ ၂၀၂၁ တို့ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၏ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်-

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳



## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၅**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၃ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား အဆိုပါမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀)၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ဟိုပုံးမြို့၊ ကလောမြို့၊ အောင်ပန်းမြို့၊ ညောင်ရွှေမြို့၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ မိုးဗြဲမြို့နှင့် ကယားပြည်နယ် ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❑

### ကြေးမုံ ယနေ့ ဖတ်စရာ


**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ နှစ်လဲသက်တမ်းတိုး ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် အသိပေးကြေညာခြင်း**
စာမျက်နှာ » ၁၀

**သီရိလင်္ကာနိုင်ငံ၌ ဧပြီလတွင် ကျောင်းအားလုံးပြန်ဖွင့်မည်**
စာမျက်နှာ » ၁၂

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁ ဒသမ ၃၈ သန်းအထိရှိလာ**
စာမျက်နှာ » ၁၃

**ပကတိအခြေအနေကို သုံးသပ်ပြီး ကောင်းမွန်သည့် အနာဂတ်ကို ရွေးချယ်**
စာမျက်နှာ » ၂၄